



**အပ္ပမာဒေါ အမတံ ပဒံ**

ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

အပ္ပမာဒ စာစဉ်

အမှတ်(၁၇၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း-၅၇၄၇၃၇

## ငြိမ်းအေးမှုတို့ဖြင့် ထုံမွမ်းအပ်သော စိတ်နှလုံးအိမ်

ပထမအကြိမ် ၊ အုပ်ရေ (၂၀၀၀) ၂၀၀၂ခုနှစ် ၊ ဒီဇင်ဘာလ

စာမူခွင့်ပြုချက် – ၇၂၆/၂၀၀၂ (၁၂)
အဖုံးခွင့်ပြုချက် – ၆၉၂/၂၀၀၂ (၁၂)
မျက်နှာဖုံးပန်းချီ – ပန်းချီ ကိုပန်းချောန်
စီစဉ်ဖြန့်ချိသူ – ဒေါ်သိင်္ဂီမိုး
ထုတ်ဝေသူ – ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
၁၁၁၊ (၃) ထပ်၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်။
အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက်
ဦးမောင်မောင်လှ၊ (မြ–၀၅၇၄၅)
အမှတ်၊၉၀(စီ)၊ကမ္ဘာအေးဘုရားလမ်း
ရန်ကုန်မြို့ ။
ဖြန့်ချိရေး – အပ္ပမာဒဓမ္မရသစာပေတိုက်
အမှတ်(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊
(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ရန်ကုန်မြို့။
ဖုန်း–၅၈၄၇၃၈
တန်ဖိုး – (၄၀၀) ကျပ်

အပ္ပမာဒ
စာစဉ်

# မြသန်းစံ

## ငြိမ်းအေးမှုတို့ဖြင့် ထုံမွမ်းအပ်သော စိတ်နှလုံးအိမ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။


သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏

| ထုတ်ဝေပြီးစာစဉ်များ | စာမူခွင့်ပြုချက်အမှတ်များ |
| --- | --- |
| ၁။ မေတ္တာ၊ ဓမ္မ၊ သာသနာ့အလင်းရောင်တို့၏ အေးမြသောဆွဲငင်အား | ၅၅၃/၉၉ (၉) |
| ၂။ မမေ့မလျော့သောသတိဖြင့် နေထိုင်ခြင်း | ၅၂၄/၉၇ (၈) |
| ၃။ ငြိမ်းချမ်းသောစိတ်ဖြင့် မငြိမ်းချမ်းသောအာရုံများကို ဖြတ်ကျော်ခြင်း | ၁၅၆/၉၉ (၃) |
| ၄။ နက်ရှိုင်းသောတော၏ရင်ခွင်၌ပျော်မွေ့ခြင်း | ၄၆၄/၉၉ (၈) |
| ၅။ လာခြင်းကောင်းသောဧည့်သည် | ၄၃၄/၉၉ (၇) |
| ၆။ ဘုရားရှင်၏အဓိပ္ပါယ်ကို ခံစားကြည့်ခြင်း | ၄၇၁/၉၉ (၈) |
| ၇။ မင်္ဂလာရှိသောနေ့တစ်နေ့ မွေးဖွားခြင်း | ၆၉၀/၉၉(၁၁) |
| ၈။ ချစ်တတ်တဲ့လူတွေနေရင် လောကကြီးကလှနေမယ် | ၅၀၀/ ၂၀၀၀ (၈) |
| ၉။ ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မအားလေ့လာခြင်း | ၈၀၀/ ၂၀၀၀(၁၂) |
| ၁၀။ မေတ္တာ၊ ဓမ္မ၊ သာသနာ့အလင်းရောင်မှသည် မင်္ဂလာရှိသောနေ့များဆီသို့ | ၇၂၄/ ၂၀၀၀(၁၀) |
| ၁၁။ မှောင်မိုက်ခြင်းရဲ့အဓိပ္ပါယ်အလင်းတန်းတွေရှင်းသိလိမ့်မယ် | ၃၂၉/ ၂၀၀၁ (၆) |
| ၁၂။ ငြိမ်းအေးမှုတို့ဖြင့် ထုံမွှမ်းအပ်သော စိတ်နှလုံးအိမ် | ၇၂၆/ ၂၀၀၂ (၁၂) |
| ၁၃။ ဥပေက္ခာအဝန်းအဝိုင်း | ၇၂၅/ ၂၀၀၂ (၁၂) |

ထုတ်ဝေမည့်စာစဉ်

၁၄။ မခံစားရခြင်း၏ ချမ်းသာ

၁၅။ မဝင်ကြယ်မှုများကို ဝင်ကြယ်စေခြင်း


# မာတိကာ

## စကားဦးရဲ့စကားဦး


| | | |
| --- | --- | --- |
| ၁။ | အပ္ပမာဒ ပဏာမ | ၁ |
| ၂။ | သတင်းကွန်ယက်အတွင်းဝယ် | ၅ |
| ၃။ | ဂိမာန်နွေဦး ရွက်သစ်ပုရစ်ဖူးမှသည် . . . | ၉ |
| ၄။ | ခရီးလမ်းထက်က ရေအိုင် | ၁၃ |
| ၅။ | အမှတ်တရ ကဆုန် | ၁၇ |
| ၆။ | မိုးဦးနယုန်(သို့) ငြိမ်းချမ်းရေးပုံရိပ် | ၂၁ |
| ၇။ | ဝါဆိုမိုးစက် ဓမ္မစက်ဖြင့် . . . | ၂၅ |
| ၈။ | ခြသေ့်မင်းရဲ့စိတ်ထား | ၂၉ |
| ၉။ | ထုံးဖြူစေတီ မြန်မာပြည်နှင့် . . . . | ၃၃ |
| ၁၀။ | တရားကိုမြင်မှ ဘုရားကိုမြင်မည် | ၃၇ |
| ၁၁။ | ထီး | ၄၁ |
| ၁၂။ | ပထမနှစ်ပတ်လည် အပ္ပမာဒ | ၄၅ |
| ၁၃။ | ပြောင်းလဲခြင်းသည်သာ မပြောင်းလဲ | ၄၉ |
| ၁၄။ | ကွန်ပျူတာနဲ့တူတဲ့စိတ် | ၅၃ |
| ၁၅။ | တရားချမ်းသာနှင့် မတရားချမ်းသာ | ၅၇ |
| ၁၆။ | ငြီးငွေ့လာပြီဆိုပါလျှင် | ၆၁ |
| ၁၇။ | ကျွတ် | ၆၅ |


http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

၁၈။ လွန်ဆွဲခြင်း ၆၉
၁၉။ မရှိတာထက် မသိတာခက် ၇၃
၂၀။ အနှစ်သာရမဲ့စွာ .... ၇၇
၂၁။ 'ငါ'ကို ရှာဖွေခြင်း ၈၁
၂၂။ ဌာန (၆)ပါး အလုပ်များသော် .... ၈၅
၂၃။ ဆိုလိုသည့် နှုတ်ဆက်စကား ၈၉
၂၄။ ဒုတိယနှစ်ပတ်လည်အပ္ပမာဒ ၉၃
၂၅။ ဈွဲမိဈွဲရာများ ၉၇
၂၆။ စိတ်နှင့်အာရုံ တွေ့ဆုံလေသမျှ ၁၀၁
၂၇။ မီး၊ မီးခိုးနှင့်လောင်စာ ၁၀၅
၂၈။ 'ဝေဒနာ' အဖြေရှာသော် .... ၁၀၉
၂၉။ သိခြင်းသည် သဘာဝတရားတစ်ခု ၁၁၃
၃၀။ လောကဓံ ၁၁၇
၃၁။ မိုးကုပ်စက်ဝိုင်းအတွင်း .... ၁၂၁
၃၂။ အမှတ်တမဲ့မြင်ကွင်းမှသည် ၁၂၇
၃၃။ 'စိတ်' အချောထည် ၁၃၃
၃၄။ ထင်းရှူးပဒေသာနှင့် ပညတ်ကမ္ဘာ ၁၃၉
၃၅။ ငြိမ်းအေးမှုတို့ဖြင့် ထုံမွမ်းအပ်သော
စိတ်နှလုံးအိမ် ၁၄၅
၃၆။ အပ္ပမာဒနှင့် ပမာဒ ၁၅၁

# စကားဦးတို့၏ စကားဦး

မူလက အစီအစဉ်မရှိသော အလုပ်တစ်ခုကို လုပ်ဖြစ်ခဲ့ပြီ။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်းကို ဦးစီးကိုင်တွယ်သူ အဖြစ် တာဝန်အရ အဖွင့်စကားဦးတွေ ရေးဖြစ်ခဲ့၏။ စ၍တာထွက်စဉ်က ဓမ္မမဂ္ဂဇင်းတစ်စောင် ရှင်သန် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းမှုအစုစု သခါရတွေ ပြုခဲ့ရသဖြင့် မဂ္ဂဇင်းနှင့် သက်ဆိုင်သော စကားရပ်တွေကိုသာ အထပ်ထပ်ရေးဖြစ်ခဲ့သည်။ လေး ငါးလကျော် ကြာသော အခါ မဂ္ဂဇင်း၏ ရပ်တည်ချက်လည်း ခိုင်မာလာခဲ့ပြီး ရှင်သန်ရပ်တည်ရေးအတွက် စိတ်အေးခဲ့ရပြီ ဖြစ်သဖြင့် ရေးသားပုံကို ပြောင်းရတော့သည်။

အမည်နာမ ယူထားသည်က 'အပ္ပမာဒ' ...

လုပ်ဆောင်ရသည့် တာဝန်က ဓမ္မစာပေ ပျံ့နှံ့မှု ...။

ယုံကြည်မှု အဓိပတိကား ဘုရားရှင် အလိုတော်ကျ ထေရဝါဒ ...။

သည်တော့မှပင် ကိုယ်က အမှတ်တမဲ့ ဝင်ထမ်း

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

လိုက်သည့် တာဝန်ကြီးကား ကြီးလှပါပကောလားဟူ၍ ကြက်သီးထမိ၏။ မတန်မရာနှင့် မနိုင်ဝန်ထမ်းမိလေလျှင် 'အပ္ပမာဒ'ဟူသော အဓိပ္ပါယ်ကြီးကား ကိုယ့်အပေါ် ဖိသိပ်လေသဖြင့် ခန္ဓာအစဉ်ပင် မှုန့်မှုန့်ညက်ညက် ကြေမွသွားနိုင်၏။

သို့နှင့် သီလတည်းဟူသော ပခုံးသားကြွက်သားတို့ဖြင့် တောင့်တင်းခိုင်မတ် ထမ်းရချေ၏။

သမာဓိတည်းဟူသော တည်ကြည်မှုတို့၏ အကူအညီ အပံ့အပိုးတွေ ရယူရ၏။

ပညာတည်းဟူသော အမြင်ကြည်၊ အမြင်ရှင်းမှုတို့ကို ဖိတ်ခေါ်ရ၏။

သတိတည်းဟူသော အပ္ပမာဒ၏ အလေးကို ထမ်းဖို့အတွက် သတိကိုပင်လျှင် ဦးဆောင်နေရာထား၍ သီလ၊ သမာဓိ၊ ပညာတွေကို ကိုယ်နိုင်စွမ်းသလောက် ဖြည့်ကျင့်အားယူ ထူမတ်ခဲ့ရ၏။ ထိုသည်မှစ၍ စကားဦးအရေးအဖွဲ့တို့သည် လေးနက်မှု သဘောတရား အဓိပ္ပါယ်ဖွင့်ဆိုချက်တွေဘက်သို့ ဦးတည်လာလေသည်။

အပ္ပမာဒကို မဂ္ဂဇင်း၊ စာအုပ်၊ ပုံနှိပ်စာလုံးတို့၏ အစုအဝေးအဖြစ် အပေါ်ယံသက်သက် ဗဟိဒ္ဓအမြင်ဖြင့် မြင်နေ၍မဖြစ်တော့။ သူ၏ အတွင်းသဘာဝ၊အဇ္ဈတ္တနယ်ပယ်၏ နက်နဲသိခက်သော သဘောတရားတွေကို ထဲထဲဝင်ဝင် လေ့လာဖြစ်ခဲ့တော့သည်။ တာဝန်ယူရင်းမှ တာဝန်အပေါ်ထားသည့် သဘောထားတို့သည်ပင် မိမိ၏ အတွင်းသားအမြင်တွေကို ပြောင်းလဲစေခဲ့လေပြီ။ သို့ဖြင့် အပ္ပမာဒစကားဦးတို့ကို ဝတ်ကျေတန်းကျေ တာဝန်အရ မလွဲသာ၍ ရေးခြင်းမျိုးကို ကျော်လွှားကာ တစ်လလျှင် တရားတစ်ပုဒ် ရေးထုတ်ဖြစ်ဖို့အတွက် စောင့်ထိန်းကျင့်ကြံ၊ တည်ကြည်၊ စူးစမ်းလေ့လာ၊ သိမြင်မှုတွေ အရင်းတည်လျက် ကြိုးစားဖြစ်ခဲ့တော့သည်။

ထိုအခါ စကားဦးတစ်ခုလျှင် တရားတစ်ပုဒ်နှုန်းဖြင့် ရေးသားလာဖြစ်ခဲ့တော့သည်။ (၃)နှစ်ပြည့်၍ (၃၆)ပုဒ် ရလေသောအခါ အတန်အသင့် စုမိဆောင်းမိရှိလာပေပြီ။ ခြေရာကောက် သဘောမျိုး ပြန်ဖတ်ကြည့်သောအခါ စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေလေလျှင် စာဖတ်သူတို့အတွက် အထိုက်အလျောက် အကျိုးများလေမည်လားဟု စဉ်းစားကြည့်မိသည်။ ခရီးသွားရင်း၊ လာရင်း၊ ရုံးတက်ရင်း၊ ရုံးသွားရင်း၊ တစ်နေရာမှာ အကြောင်းတစ်ခုခုနှင့် ထိုင်စောင့်နေရင်း၊ အလဟဿကုန်သွားမည့် အချိန်အတောအတွင်း စာတစ်ကြောင်း၊ စာတစ်ပုဒ်၊ စာတစ်ပိုဒ်သည် အသိဉာဏ်ဖြစ်ဖို့အတွက် အထောက်အပံ့တစ်ခုတော့ ဖြစ်နိုင်ကောင်းရဲ့ဟူသော စေတနာဖြင့် အပ္ပမာဒစကားဦးများကို စုစည်း၍ စာအုပ်

တစ်အုပ်အဖြစ် စီစဉ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

"စာတစ်လုံး ဘုရားတစ်ဆူ"ဟူသော အဆို အမိန့်သည် မတိမ်ကောနိုင်သေးဟု ယုံကြည်သဖြင့်လည်းကောင်း၊ 'ရဇော်ဟာရဏ'ဟူသော ဂါထာကလေးတစ်ပိုဒ်ကို နှလုံးသွင်းဆင်ခြင် ရှုမှတ်ပွားများရုံဖြင့် ရှေးပါရမီ အကြောင်းအဆက်တို့နှင့် ကွင်းဆက်ချိတ်မိပြီး ကိုယ်ပွား တစ်ထောင် အဘိညာဉ်ရ ရဟန္တာဖြစ်ခဲ့လေသော အရှင်စူဠပန် မထေရ်၏ ဖြစ်စဉ်ကြောင်းနောက်ခံ အထင် အရှားရှိခဲ့သည်ကို နှလုံးသွင်းမိသဖြင့်လည်းကောင်း အပ္ပမာဒစကားဦးများကို စုစည်းထားသည့် 'ငြိမ်းအေးမှု တို့ဖြင့် ထုံမွမ်းအပ်သော စိတ်နှလုံးအိမ်' အမည်ရ ဤ စာအုပ်ကလေးသည် စာဖတ်သူတို့၏ ဓမ္မခရီးလမ်း အတွက် အတိုင်းအတာတစ်ရပ်အထိ အကြောင်း အထောက်အပံ့ ပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

သည့်အတွက် တစ်လတစ်ပုဒ် အနှစ်ချုပ် ဓမ္မ စကားများ ပြောကြားရေးသားနိုင်အောင် ကြိုးစားအား ထုတ်ခဲ့ရသော ကာယကံရှင် စာရေးသူအဖို့ ကိုယ်တိုင် ကြိုးစားခဲ့ရသည့်အလုပ် တရားအပေါ် ကြည်နူးပီတိ၊ ဇောဝီထိများ ကျရမည်ဖြစ်သကဲ့သို့ အလုပ်အကြောင်းမှ ပေါ်ထွက်လာသော စာအုပ်တည်းဟူသော အကျိုးတရား အပေါ် ဖတ်မှတ်ဆင်ခြင် နှလုံးသွင်းနေသော စာဖတ်သူ တို့ကို မှန်းဆမြင်ယောင် မိရင်းမှ ထပ်ဆင့်ပီတိ ဇောဝီထိ များကျလျက် ကြည်နူးရွှင်ပျ မေတ္တာစတို့ဖြင့် ငြိမ်းချမ်း အေးမြနေပါမည်ဟု စကားဦးတို့၏ စကားဦးအဖြစ် ထပ်ဆင့် စကားဦးသန်းလိုက်ရကြောင်းပါခင်ဗျာ . . .။

စာဖတ်သူအားလုံး–

ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာစွာဖြင့်
အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့
လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

**မြသန်းစံ**
**၂၈–၁၀–၂၀၀၂**

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## အပ္ပမာဒ ပဏာမ

၂၁-ရာစုသည် ''ခရစ်နှစ် ၂၀၀၀''ဟူသော စကားလုံးအစုအဝေး ဂဏန်းသင်္ကေတတို့ဖြင့် ကျွန်တော်တို့ဘဝထဲသို့ ချင်းနင်းဝင်ရောက်လာပေပြီ။ ''၁၉၀၀ မှ ၁၉၉၉ ခုနှစ်'' အထိဟူသော စကားလုံးများ၊ ဂဏန်းသင်္ကေတများသည် ၂၀ရာစုနှစ်နှင့်အတူ နေရစ်ခဲ့ပေပြီ။

ကျန်ရစ်ခဲ့သူ ချဉ်းနင်းဝင်ရောက်ခဲ့သူ နှစ်ဦးစလုံးသည် ရုတ်တရက်မူ သီးသန့်ကြီးဟု ထင်မြင်စရာရှိသည်။ အမှန်တကယ်တွင်မူ ကျန်ရစ်ခဲ့သူသည် ချဉ်းနင်းဝင်ရောက်မည့်သူအား သူ၏သတ္တိများကို အကျိုးကျေးဇူးတရားများအဖြစ် လွှဲပြောင်းပေးခဲ့သည်သာ။ ကျန်ရစ်သူပျောက်ကွယ်သွားခြင်းဟူသော အကြောင်းကြောင့်လည်း ချဉ်းနင်းဝင်ရောက်လာသူသည် အကျိုးတရားအဖြစ်ပေါ်ထွန်းလာခဲ့သည်သာ။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘုရားရှင်၏ ပဌာန်းဒေသနာထဲမှ အနန္တရပစ္စည်းကို သတိရမိ၏။

ရှေးရှေးစေတသိက်တို့သည် နောက်နောက်စေတသိက်တို့ကို ဖြစ်ခွင့်ပေး၍ နေရာဖယ်ပေးပြီး ချုပ်ပျောက်ကြကာ အခြားမဲ့ဖြစ်သည့် အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏''ဟူသော အဆုံးအမ။

သို့ဆိုလျှင် ကျန်ရစ်ခဲ့သော ချုပ်ပျောက်သွားသော ၂၀ ရာစုကြီးက ကျွန်တော်တို့အတွက် အမွေအဖြစ် ၂၁ရာစုမွေးကင်းစကလေးကို ပေးသည့်အခါ မည့်သည့်အရာ မည်သို့သောသတ္တိများဖြင့် မွမ်းမံခြယ်သပေးလိုက်ပါသနည်း။

Age of Media,Age of Information, Age of Technology စသည်ဖြင့် ရုပ်ထွေးမွှန်းကျပ်ဖွယ်ရာ လူထုဆက်ဆံရေးယန္တရား၊ ကိရိယာများ၊သတင်းစနစ်များ၊ နည်းပညာ၊ အတတ်ပညာများ ‥ အားလုံးသည် မည်သည့်အရပ်ဒေသဆီသို့ ဦးတည်နေသနည်း။ ထိုအရာများ၏ ပန်းတိုင်ကား အဘယ်နည်း။လမ်းတွေများသလောက် ရှုပ်ထွေးသလောက် အတတ်ပညာ၊နည်းပညာတွေများသလောက် ပန်းတိုင်တွေလည်းများလှသည်။ ရှုပ်ထွေးလှသည်။ တစ်ခုမပြီးသေး၊ တစ်ခုပေါ်လာပြန်သည်။ တစ်ခုကို ကြည့်မဝသေး၊ တစ်ခုဖြစ်ထွန်းလာပြန်သည်။နည်းပညာ၊အတတ်ပညာတည်းဟူသော လက်ဆုပ်



လက်ကိုင်သက်သေပြ ကိုင်တွယ်၍ရသော နယ်ပယ်အတွင်းမှာပင်လျှင် ပြုပြင်ပြောင်းလဲမှုသဘောကြီးက ဘေးကကပ်လျက် လိုက်ပါနေသည်ကို လှမ်းတွေ့နေရသည်။

ကမ္ဘာကြီး၏ကောင်းကျိုး၊ ကမ္ဘာကြီးပေါ်တွင်နေထိုင်ကြသော လူသားတို့၏ ကောင်းကျိုးဟူသော အန္တိမရည်မှန်းချက်တစ်ခု ခိုင်ခိုင်မာမာရှိထားမှသာ ထိုရည်မှန်းချက်သည် ကုသိုလ်စိတ်ပေါ် အခြေခံထားသဖြင့် ကြံစည်သမျှ၊ စိတ်ကူးသမျှ၊ တီထွင်သမျှ၊ လုပ်ဆောင်သမျှ၊ဖြန့်ဝေသမျှ၊ဆက်ဆံသမျှအားလုံးသည် မေတ္တာရည်ဖျန်းပက်၍ လေးနက်သောအဓိပ္ပါယ်ကိုဆောင်မည်သာတည်း။

သို့မဟုတ်လျှင် ....

၂၁ ရာစုမစမီအချိန်အထိ ကမ္ဘာကြီးပေါ်ဖြစ်ခဲ့သမျှအကြောင်းအရာ အဖြစ်အပျက်အားလုံးကို ခြုံ၍ကြည့်လျှင် မည်သည့်ဘက်က အလေးသာသည်ကို စာဖတ်သူတို့ ကိုယ်တွေ့မျက်မြင် သိခဲ့ကြပြီးဖြစ်လိမ့်မည်။ သည်အဖြစ်အပျက် အပြောင်းအလဲတွေကြားထဲမှာ ကြာလေလေ ဗုဒ္ဓဘုရားရှင်၏အဆုံးအမတွေက အသက်ဝင်လေလေ၊ အဓိပ္ပါယ်ပိုရှိလေလေ၊ ငြိမ်းချမ်းမှုအရိပ်အဖြစ် ခိုကိုးဖွယ်ရာဖြစ်လာလေပင်။

ဘုရားရှင်၏ အဆုံးအမအားလုံးထဲမှာ ဘုရားရှင် အမြဲမပြတ်မှာခဲ့သော၊ နောက်ဆုံးပရိနိဗ္ဗာန်ပြုခါနီးအထိ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မှာခဲ့သော အလေးအနက်ဆုံး အဆုံးအမတစ်ခုရှိသည်။

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ**

**အပ္ပမာဒေန သမ္ပာဒေထ။**

ရဟန်းတို့ . . .

သင်္ခါရတရားအားလုံးသည် ပျက်စီးတတ်သော သဘောရှိသည်။

မမေ့မလျော့ မပေါ့မဆသောသတိဖြင့် နေရစ်ကြလော့။

အပ္ပမာဒ – မမေ့ခြင်းဟူသော သတိသည် အရာရာကို အသိအမြင်ကြီးကြီးဖြင့် ဖြန့်ကျက်ကြည့်မြင်နိုင်စွမ်းရှိကြောင်း ရေရှည်တွင် တစ်စတစ်စသိလာရသည်။

ဤအသိကို အခြေခံ၍ ၂၁ ရာစုနှစ်ဦးဆန်းစအခါသမယမှစ၍ ကမ္ဘာကြီးငြိမ်းချမ်းရာ ငြိမ်းချမ်းကြောင်းအထောက်အပံ့တစ်ခုအဖြစ် အပ္ပမာဒဖြစ်စေမည့် အတွေးအသိအမြင်များ စုစည်းထားသည့် ဤအပ္ပမာဒဓမ္မရသမဂ္ဂဇင်းကို လူထုဆက်သွယ်ရေးယန္တရားတစ်ခုဖြစ်သည့် Printing Media စင်မြင့်ပေါ်၌ ငြိမ်းချမ်းဖြူစင်သော ဓမ္မအလံတစ်ခုအဖြစ် လွှင့်တင်လိုက်ရပါသည်။

၂၈-၁၂-၉၉

❑

# သတင်းကွန်ယက်အတွင်းဝယ်

ဆောင်းနှင်းပွင့်တွေက ဝေလိုက်၊ ကြွေလိုက်။

ခရစ်နှစ်၂၀၀၀ကို ကြိုဆိုသည့်အအေးဓာတ်ကယမန်နှစ်တွေကထက် ပိုနေသည်။ အပူချိန်အနိမ့်ဆုံးသို့ကျဆင်းသွားသည့်သတင်းတွေ ဖတ်ရသည်။ ရေခဲသည့်မြို့က ခဲပြီ။

ရာစုနှစ် တစ်ခုမှတစ်ခုအကူးဟုလည်း ဆိုနိုင်သည်။ သို့တည်းမဟုတ် ထောင်စုနှစ်တစ်ခုမှတစ်ခုအကူးတွင် တစ်ကမ္ဘာလုံးသည် လှုပ်လှုပ်ရွရွ။

ကွန်ပျူတာနှင့်ပတ်သက်၍ Y2K ခေါင်းစဉ်သည် ထိတ်လန့်မှုတို့ကို သယ်ဆောင်လျက် ကွန်ပျူတာတီထွင်သူ လူသားတို့ထံသို့ ခပ်တည်တည်ရောက်ချလာသည်။ ကြိုတင်ပြင်ဆင်ကြ၊ ကာကွယ်ကြ၊ အချက်ပေး

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခေါင်းလောင်းတွေတီးကြနှင့်။

သတင်းကွန်ယက်ထဲရောက်နေသော လူတို့သည် သတင်း၏လွှမ်းမိုးဖိစီးမှုကို ဝန်ထုပ်တစ်ခုအဖြစ် ထမ်းနေရပြန်သည်။ ကမ္ဘာကြီးမှာ ဘာတွေဖြစ်လာဦးမည်လဲ။ ကြားသမျှ၊ မြင်သမျှ၊ ထိတွေ့သမျှအားလုံးသည် စိတ်လှုပ်ရှားစရာတွေချည်း။ နဂိုကပင် လှုပ်ချင်ချင်ဖြစ်နေသောစိတ်ကို တည်ငြိမ်ဖို့ အတော်ကြိုးစားရသည်။ အာရုံနှင့်ထိတွေ့သမျှကို ဉာဏ်ပါပါကြည့်တတ်မှ စိတ်က လှုပ်ရှားမှုနည်းပါးမည်။ ဉာဏ်မပါ မေ့မေ့လျော့လျော့နှင့် ခံစားချင်တိုင်းခံစားနေလို့ကတော့ စိတ်အတွင်း အနယ်ထသမျှ ပြန်ထိုင်ဖို့အတော်ခက်မည်။

သည့်အတွက် ဘုရားရှင်ဟောကြားခဲ့သည့် မမေ့တရားသည် အရေးပါလာပေပြီ။ ပမာဒဟူသည့် မေ့လျော့မှုဖြင့် လွင့်မျောမည်လော။

အပ္ပမာဒဟူသည့် မမေ့မလျော့သောသတိဖြင့် နေထိုင်မည်လော။

ရွေးချယ်ခွင့်သည် ကိုယ့်လက်ထဲမှာ။ လုပ်ပိုင်ခွင့်သည်လည်း ကိုယ့်ထံပါးမှာ။

ဘာပဲဖြစ်ဖြစ် ခရစ်နှစ် ၂၀၀၀ (ထောင်စုနှစ်အသစ်တစ်ခု)ဆန်းစတွင် ရေစီးအမျိုးမျိုးထဲ၌ “အပ္ပမာဒ” တည်းဟူသော မမေ့တရားအခြေခံသည့် ဓမ္မရသမဂ္ဂဇင်းတစ်စောင် စတင်မွေးဖွားစီးဆင်းစေနိုင်ခဲ့ခြင်းအပေါ် ပီတိ



ဖြစ်ခဲ့ရသည်မှာ ....။


ထိုပီတိကိုအခြေခံ၍ “အပ္ပမာဒ”တရားကို ပိုမိုရှင်သန်ပျံ့နှံ့စေရန်ကြိုးစားလိုစိတ် အားမာန်များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ...။

ကမ်းလင့်ကြိုဆိုသူတို့၏ လှမ်းလက်များအပေါ် ကျေးဇူးစကားဆိုကာ မေတ္တာမျှဝေငြိမ်းချမ်းပါစေ ဆုပန်ခြွေလျက် .....။

၂၀-၁-၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။



## ဂိမာန်နွေဦး ရွက်သစ်ပုရစ်ဖူးမှသည်….

ရွက်နုပုရစ်တွေ ဖူးသစ်ချေပြီ။

အပူလွန်သောအခါ ညှိုးလျော်ခြောက်သွေ့နွမ်းကြေရသော သဘာဝတရား။ အအေးလွန်သောအခါ ကျစ်လျစ်သေးကျုံ့၊ မာခဲတောင့်တင်းသွားရသော သဘာဝတရား။ တစ်နည်းအားဖြင့် တေဇောဓာတ်တစ်ခုအတွင်းမှာပင် မတူညီသော သဘာဝနှစ်ခု။ ရာသီအားဖြင့်ပင်ကြည့်။ ဆောင်းမှနွေသို့ ကူးပြောင်းခြင်း။ ‘ဆောင်း’၊ ‘နွေ’ ဟု အခေါ်အဝေါ်ပြောင်းသွားသော်လည်း‘တေဇော’ဓာတ်၏ သဘောတစ်ခုအတွင်း၌သာရှိသည်။‘တေဇော’၏ခေါ်ဆောင်ယူငင်ရာနောက်တွင် ပထဝီ၏မာမှု၊ ပျော့မှုတို့သည်လည်းကောင်း။ အာပေါဓာတ်ဖွဲ့စည်းမှု ယိုစီးမှုတို့သည်လည်းကောင်း။ ဝါယော၏ လှုပ်ရှားထောက်ကန်မှု

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပြုပြင်ပြောင်းလဲမှုကြောင့် မြင်နေရသော ရုပ်လက္ခဏာတို့သည် အပြောင်းအလဲဖြစ်သွားရသည်။ မူလဘူတရုပ်သဘာဝဟူသည် မျက်စိဖြင့်မမြင်ရ၊ လက်ဖြင့်ကိုင်တွယ်၍မရ။ ထိတွေ့ခံစားရမှုမှသည် နောက်တစ်ဆင့်ဉာဏ်ဖြင့်အတွင်းဝင် ထိတွေ့ခံစားကြည့်မှသာလျှင် မူလဘူတရုပ်သဘာဝများကို ခွဲခြားသိမြင်နိုင်သည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော မူလဘူတရုပ် ဓာတ်ကြီးလေးပါးသည် ခန္ဓာကိုယ်အတွင်း၌လည်းကောင်း၊ ခန္ဓာကိုယ်အပြင်ဘက်ကမ္ဘာကြီး၏နေရာအနှံ့၌လည်းကောင်း၊ ထို့ထက် စကြဝဠာအတွင်း၌ပါ ဘယ်နေရာရောက်ရောက်၊ ဘယ်နားခိုခို သူ့သဘော သူ့ရုပ်လက္ခဏာ၊ သူ့အကျင့်စရိုက်၊ သူ့အပြုအမူတို့ကို လှစ်ထုတ်ပြသနေမည်သာတည်း။

ဂိမာန်နွေဦး၏ ရွက်သစ်ပုရစ်ဖူးလေးကို မျက်စိဖြင့်မြင်တွေ့လိုက်ရသော မြင်ကွင်းကလေး ကိုပင် 'အပ္ပမာဒ'တရားဖြင့် မမေ့မလျော့နှလုံးသွင်းကြည့်သောအခါ စိတ်အတွင်း မြင်ကွင်းသည် ကျယ်လှပါဘိ။ ထိုမြင်ကွင်းထဲ၌ သင်္ခါရဟူသော ပြုပြင်ပြောင်းလဲမှုကြီး ရှိနေသည်။ 'အနတ္တ'ဟူသော အစိုးမရသည့်သဘောတွေ ရောယှက်ပါဝင်နေသည်။ သေသေချာချာကြည့်သောအခါ 'အတ္တ'ဟူသည် ဘယ်နေရာမှမရှိ။ နေခွင့်လည်းမရ။ နေစရာလည်းမရှိပါ။

သို့သော် 'ပမာဒ'ဟူသော မေ့လျော့မှုတွေ



လွှမ်းမိုးခံလိုက်ရသောအခါ လူသည် 'ငါ'၊ 'ငါ့ကိုယ်'၊ 'ငါ့ခန္ဓာ'၊ 'ငါ့စိတ်'၊ 'ငါ့ဇနီး'၊ 'ငါ့သားသမီး'၊ 'ငါ့အိမ်'၊ 'ငါ့လုပ်ငန်း'၊ ငါ့ ‥‥ စသည်ဖြင့် ရှိရှိသမျှ လူ၊ ပစ္စည်းတို့၏ရှေ့တွင် 'ငါ'ကို လိုလိုလားလား တပ်လိုက်မိချေပြီ။

ကုသိုလ်တရားတို့၌ မမေ့ခြင်းတည်းဟူသော 'အပ္ပမာဒ' တရား၏ အရေးပါမှု၊ နက်ရှိုင်းမှု၊ မြင့်မြတ်မှု၊ ကြီးကျယ်မှု၊ နှိုင်းယှဉ်မရမှု၏ တန်ဖိုးများကို ခံစားနားလည်တတ်လာသော လူတို့အတွက်မူ 'အပ္ပမာဒ' တရားသည် တန်ဖိုးဖြတ်၍ မရတော့။ ထို 'အပ္ပမာဒ'တရားကို သဗ္ဗညုတရွှေ ဉာဏ်တော်ဖြင့် ထုတ်ဖော်ဟောကြားခဲ့သော မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်အနန္တတို့သည်လည်း ဆပ်၍မကုန်နိုင်ပေပြီ။


မည်သို့ပင်ရှိစေ 'အပ္ပမာဒ' ခေါင်းစဉ်ဖြင့် 'အပ္ပမာဒ' တရားများ စဉ်ဆက်မပြတ် ရှင်သန်လန်းဆန်းနေအောင် မြေဆွ၊ ပေါင်းသင်၊ ပြုစု၊ ပျိုးထောင် ဖြန့်ဖြူးနေကြသော သူတို့သည် မြတ်ဘုရားရှင်အား တစ်ပိုင်တစ်နိုင် ကျေးဇူးဆပ်နိုင်ကောင်းရဲ့ဟူသော ဓမ္မပီတိတို့ဖြင့် ကြည်နူးဝမ်းမြောက် နေကြသည်မှာ ‥‥။

၁၂-၃-၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ခရီးလမ်းထက်က ရေအိုင်

ပိုမိုပြင်းပြသော နွေအပူလှိုင်းနှင့်အတူ ကောဇာ သက္ကရာဇ်တစ်ခု ကူးပေဦးတော့မည်။

(၁၃၆၁)ခုနှစ်မှသည် (၁၃၆၂)ခုနှစ်ဆီသို့။

တပေါင်းလပင်ရှိသေး။ မနေ့က သင်္ကြန်လက် ဆေးမိုး ရွာချတာနှင့်ကြုံရသည်။ ပိတောက်တွေ မဖူး သေး၍သာ တော်တော့သည်။

သို့မဟုတ်လျှင် ချိန်ခါမဟုတ်မိုးကြောင့် တစ်နှစ် မှာတစ်ခေါက် လာရောက်တတ်သည့် ပိတောက်တွေသည် အချိန်မတိုင်ပါဘဲ ဖူးပွင့်ကြဦးမည်။သည်အတွေးမျှကလေး ကိုပင် လေ့လာကြည့်။ ပုံသေတွက်ဆထားသော ပုံသေ သတ်မှတ်ထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် မှတ်ယူ နေခြင်းမျှသာ။ တကယ်တော့ ကမ္ဘာကြီးသည် နှစ် သန်း

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပေါင်းများစွာ လူ၊ သတ္တဝါ၊ သက်ရှိသက်မဲ့တို့ သံသရာ လည်ရာကအစ၊ လိုရာခိုင်းစေခဲ့ကြသဖြင့် ပြောင်းလဲခြင်း မက ပြောင်းလဲနေပေပြီ။

အိုဇုန်းလွှာ ပေါက်ပြဲခဲ့ရပြီ။ အပူလှိုင်းသစ် အယ်နီညိုပေါ်လာခဲ့သည်။ အအေးလှိုင်းသစ် လာနီညာ ပေါ်လာခဲ့ပြီ။

"ကမ္ဘာမှာ လူသားသန်းပေါင်း ၄၀၀၀"ဟု လွန်ခဲ့သောနှစ်(၂၀)ကျော်က ဆိုခဲ့သောသီချင်းကို ယခု ခေတ်ပေါ်အဆိုကျော်တို့ ပြန်လည်သီဆိုသောအခါ"လူသား သန်းပေါင်း ၆၀၀၀"ဟု ပြင်ဆိုနေရပြီ။ လူဦးရေတွေ တိုးလာသည်။ အတွေးအခေါ်တွေ ပြောင်းလဲလာသည်။ တိုးတက်လာသော အသိအမြင်တွေကြားမှာပင် အဟောင်း အဟောင်းတို့သည် လက်ပြနှုတ်ဆက် ကြွေလွင့်ကုန်ကြ ပြီ။ အသစ် အသစ်တို့သည် ကိန်းဂဏန်းအဖြစ် ထပ်မံ တိုးတက်လာလင့်ကစား လူ့ဥပဓိရုပ်ပင် မပီမပြင်ဖြစ်နေ သည့် တောင်အာဖရိကနိုင်ငံအချို့မှ အာဟာရချို့တဲ့ မွတ်သိပ်ဝေဒနာရှင်များစွာကို တွေ့နေရပြန်သည်။ ပြင်းပြ လွန်းသော အပူရှိန်၊ အပူလှိုင်းတို့၏ ဒဏ်ရာဒဏ်ချက်များ ကြောင့်ဟု မှတ်ယူရမည်လားမသိပါ။ သို့တည်းမဟုတ်. .

လတ်တလောတွေ့မြင်နေရသော မြင်ကွင်းစုံ ကြောင့် ပြန့်ကျဲသွားသော စိတ်အပိုင်းအစများကို စုစည်း လိုက်သည်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် အာဃာတ



ဝဂ်၊ဒုတိယ အာဃာတပဋိဝိနယသုတ်မှ မြတ်ဘုရားရှင်၏ ဟောကြားမိန့်မှာ စကားအချို့သည် နားထဲပြေးဝင် လာသည်သို့ရှိသည်။

**"ငါ့ရှင်တို့၊ ကြည်လင်ချိုမြိန်အေးမြသည့် ရေရှိသော၊ ဖြူဖွေးသောရေအဆင်းရှိသော၊ ဆိပ်ကမ်း ကောင်းသော၊ နှလုံးမွေ့လျော်ဖွယ်ရှိသော၊ အထူးထူး သော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်သည် ရှိရာ၏။**

**ထိုအခါ နွေနေပူတို့ဖြင့် တွေ့ထိနှိပ်စက်အပ် သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင် မွတ်သိပ်လာသော ထိုယောကျ်ားသည် ထိုရေကန် အတွင်းသို့ သက်ဆင်းလျက် ရေချိုး၍လည်းကောင်း၊ ရေသောက်၍လည်းကောင်း၊ ပြန်တက်ပြီးလျှင် စင်ကြယ်သောနှုတ်အကျင့်လည်းရှိ၍ ရုံဖန်ရံခါ (ဝိပဿနာ)စိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ ကြည်လင်မှုကိုလည်းကောင်း ရသောပုဂ္ဂိုလ်၏ ကိုယ် အကျင့် စင်ကြယ်မှုကိုလည်းကောင်း၊ နှုတ်အကျင့် စင်ကြယ်မှုကိုလည်းကောင်း၊ ထိုအခါ၌နှလုံးသွင်းအပ် ၏။**

**ရုံဖန်ရံခါ (ဝိပဿနာ)စိတ်၏ အခွင့်အလမ်း ကို၊ စိတ်၏ကြည်လင်မှုရခြင်းကိုလည်း နှလုံးသွင်းအပ် ၏။"**

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဟုတ်သည်။ အပူလွန်သော ပတ်ဝန်းကျင်တိုင်းတွင် အေးမြသော ရေကန်တွေရှိဖို့ လိုနေသည်။ အပန်းဖြေဖို့ အနားယူဖို့ ခွန်သစ်အားသစ်တွေ ပြန်လည်ဖြစ်ပေါ်စေဖို့။ နွေနေပူတို့၏ တွေ့ထိနှိပ်စက်ခံနေရသော ခရီးသွား တို့မှာ သတ္တဝါအနန္တ။ ဘုရားရှင်သည် ပြင်ပအပူနှင့် ခရီးသွားကို ဥပမာပေးသည်။ ထို့နောက် အပူလောင်ဆုံး သော အတွင်းအပူကို ဖော်ပြ၏။ ကိလေသာစိတ် အတွင်းအပူကို ငြိမ်းစေမည့်နည်းလမ်းကိုလည်း နှလုံးသွင်းမှန်စေဖို့ လမ်းညွှန်ပြသလေသည်။ စင်ကြယ်သောကိုယ်၊ နှုတ် အကျင့်၊ စိတ်၌စင်ကြယ်မှုကို ထိန်းသိမ်းခြင်း၊ ကျင့်ကြံခြင်းဖြင့် ကြည်လင်မှုကိုရနိုင်သည့် အခွင့်အလမ်းရှိကြောင်း ညွှန်ပြ၏။

ဤအဆုံးအမကိုနာယူကာ သာသနာ့အာဇာနည်များ၏ ဒေသနာတရားတော်များနှင့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ ဓမ္မရသအမြင်တို့ကို စုစည်းထားသည့် 'အပ္ပမာဒ' ဓမ္မရသမဂ္ဂဇင်းသည် ခရီးသွားအမျိုးမျိုးတို့၏ ခရီးလမ်းမပေါ်၌ အေးမြကြည်လင်သည့် ရေကန်ငယ်လေး တစ်ခုဖြစ်စေရန် တစ်ပိုင်တစ်နိုင် ကြိုးစားဆောင်ရွက်နေပါသည်ဟု မဆိုဝံ့ဝံ့၊ ဆိုဝံ့ဝံ့ ....။

၂၁-၂-၂၀၀၀

❑

## အမှတ်တရ ကဆုန်

အေဒီအားဖြင့် (၂၀၀၀)ပြည့်နှစ်ရှိခဲ့ပြီ။

ဘီစီအားဖြင့်(၅၄၃)ခုနှစ်တွင် ဘုရားရှင်ပရိနိဗ္ဗာန်ပြုခဲ့သည်။ ပေါင်းလိုက်သော် (၂၅၄၃)ခုနှစ်။ သာသနာသက္ကရာဇ်သည် (၂၅၄၃)ခုနှစ်ရှိခဲ့ပြီ။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုခဲ့ပြီးနောက် ဘုရားရှင်ထားခဲ့သည့် သာသနာသည် ကြာမြင့်လှပါပြီကော။

လွန်ခဲ့သော (၂၅၄၃)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ဘုရားရှင်အဖြစ်နေထိုင်တော်မူသွားခဲ့သော (၄၅)နှစ် သက်တမ်း နောက်ထပ် ဆုတ်ကြည့်၊ ဘုရားရှင်အဖြစ်သို့ ရောက်သည့်နေ့ ထိုနေ့သည်လည်း ကဆုန်လပြည့်နေ့။ ဘုရားရှင် သက်တော် (၃၅)နှစ်အရွယ်ဖြစ်သည်။သည့်နောက် နောက်ထပ်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၃၅)နှစ် နောက်ဆုတ်ကြည့်။ ဘုရားရှင်မွေးဖွားတော်မူသည့်နေ့။ ထိုနေ့သည်လည်း ကဆုန်လပြည့်နေ့၊ သည့်နောက်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း နောက်ထပ်ဆုတ်ကြည့်၊ ရေတွက်၍မရနိုင်တော့သော သင်္ကရာဇ်များ၊ ခုနှစ်များ၊ ရက်စွဲများ၊ ထားတော့၊ ဘုရားအလောင်းဘဝ မရောက်မီ ဘုရားအဖြစ် ဆုပန်သောနေ့။ ထိုနေ့သည်လည်း ကဆုန်လပြည့်နေ့။

"ဆုပန်၊ မွေးဖွား၊ ဘုရားဖြစ်တည်၊ ဘဝဇာတ်သိမ်း၊ ချုပ်ငြိမ်းခဲ့သည်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ မော်ကွန်းတည် ...."

လင်္ကာတစ်စသည် ရင်၌ဖြစ်တည်မွေးဖွားလာ၏။ ဗုဒ္ဓနေ့ကို အမှတ်ရသောငှာ အနန္တကျေးဇူးရှင်ကို မမေ့သောသတိဖြင့် ပူဇော်အံ့သောငှာ ဗုဒ္ဓအဖြစ်သို့ရောက်ရှိခဲ့သည့် အောင်မြင်ခြင်းသင်္ကေတ ရွှေပလ္လင်နှင့် ဗောဓိညောင်ပင်ခြေတော်ရင်း၌ ရေစင်သွန်းဖျန်း၊ ငြိမ်းချမ်းသောအာရုံနိမိတ်နှင့် အထုံဓလေ့တို့ အစွန့်ရှည်ကြာခဲ့သည်မှာ ...

ကဆုန်လပြည့်နေ့သည် လောကသုံးပါးကို ထူးထူးခြားခြား တပ်လှန့်တုန်လှုပ်စေခဲ့သည်။လောကသုံးပါးမှ ဝေနေယျတို့ သစ္စာတရားကြားနာခဲ့ရသည်။ လောကသုံးပါးအတွက် အတုမရှိ၊ အနှိုင်းမဲ့ဘုရားရှင် ပေါ်ပေါက်



ခဲ့ရသည်။ သို့သော် ကြီးမားလှသော မဟာကရုဏာပိုင်ရှင်ကြီးသည် ခန္ဓာဇာတ်သိမ်း ဘဝချုပ်ငြိမ်းကာ ပရိနိဗ္ဗာန် ပြုခဲ့ပါပြီကော။ လောကကြီး သုံးပါးစလုံးအတွက် ပြန်လည်မရနိုင်တော့သည့် အစားထိုးမရသော ဆုံးရှုံးမှုကြီး တစ်ရပ်ကို ရင်ဆိုင်ခဲ့ရသည်။ အရိယာအနွယ်ဝင်ဖြစ်သော သောတာပန်တို့သည်ပင်လျှင် ကျမျက်ရည် မိုးတဖြိုင်ဖြိုင် ....။

နှိုင်းယှဉ်တုမရသည့် ဂုဏ်ကျေးဇူးတို့ကို အမှတ်ရအောက်မေ့ခြင်း သင်္ကေတအဖြစ် မျက်ရည်တို့နေရာတွင် ရေစင်ရေအိုးတို့ဖြင့် အစားထိုးပူဇော်ကြရသည်။ (ကဆုန်လပြည့်နေ့တိုင်း) ငြိမ်းချမ်းရေးရေစင်တို့သည် ကမ္ဘာအနှံ့ ဗောဓိပင်ပျို ပင်အိုတို့ခြေရင်း၌ အမြဲတစေအေးချမ်းစွာ စီးဆင်းနေဆဲ ...။

အမှတ်ရအောက်မေ့ခြင်း သင်္ကေတမှသည် အမှန်တကယ် မြတ်နိုးပူဇော် ကန်တော့ခြင်းငှာ မည်သို့ပြုမည်နည်း။ သတ္တဝါအနန္တအတွက် ဘဝအဆက်ဆက် အနစ်နာခံပါရမီဖြည့်ခဲ့သော ဘုရားရှင်၏ ဆုံးမစကားကို လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းမှတစ်ပါး အခြားမရှိ၊ အနန္တကျေးဇူးတော်ရှင်၏ နှုတ်မြွက်မှာကြား တရားစကားတို့ကိုသာ သတ္တဝါအနန္တတို့ တလေးတစား အရေးထား လိုက်နာကျင့်သုံးဆောင်ရွက်လေလျှင် ကမ္ဘာကြီးသည်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



မငြိမ်းချမ်းဖွယ်ရာမရှိ။

ကမ္ဘာကြီးငြိမ်းချမ်းပါစေကြောင်း ဗုဒ္ဓသာသနာခရီး၏ (၂၅၄၃)ကြိမ်မြောက် ကဆုန်လပြည့်နေ့တွင် အမှတ်တရ ဆုတောင်းလိုက်ရပါကြောင်း ....။

၉-၃-၂၀၀၀

❑

# မိုးဦးနယုန် (သို့) ငြိမ်းချမ်းရေးပုံရိပ်

မှတ်သုန်ဝင်တော့မည်။

နယုန်မိုးစက်တွေသည် ကောင်းကင်ပြင်၌ပျံ့သီလာချေပြီ။

များမကြာမီ မိုးပုလဲပန်းတို့ မြေခကြွေကျတော့မည်။

နယုန်မိုးဦး၏ ပုံရိပ်တစ်ခုသည် ရင်ထဲသို့စီးဝင်လာ၏။ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ပုံရိပ်၊ ဘုရားရှင်ဝါတော် (၁၅)ဝါရသည့်အချိန်။ သက္ကတိုင်း ကပိလဝတ်မြို့၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေသည်။ ရောဟိနီမြစ်ရေကို အကြောင်းပြု၍ သကျလူမျိုးနှင့် ကောလိယလူမျိုးတို့၏ ပဋိပက္ခရန်ပွဲကြီးသည် နှစ်ပြည်ထောင်စစ်ဖြစ်လုနီးသောအခြေသို့ ဆိုက်လာ၏။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘုရားရှင်သည် မနေသာတော့။ လူသားများ သွေးချောင်းစီးမည့်အရေးကို ဘုရားရှင်မြင်တော်မမူလိုပေ။

ရောဟိနီမြစ်၏အထက် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူကာ ငြိမ်းချမ်းရေးတရားဟောရလေသည်။ လူ့အသက်၊ လူ့သွေးနှင့်ရေ မည်သည့်အရာက တန်ဖိုးရှိသနည်း။

လူ့အသက်၊ လူ့အသွေးတို့သည် ရေနှင့်စာလျှင် တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်လှပေသည်။

သကျလူမျိုးနှင့်ကောလိယလူမျိုးတို့ ဆွေမျိုးတော်စပ်ပုံကို ဘုရားရှင်က ရှင်းပြရသည်။

ညီအစ်ကိုချင်း၊ ဆွေမျိုးသားချင်း အချင်းချင်း စစ်ခင်းခြင်းသည် မသင့်လျော်သောကိစ္စဖြစ်သည်ဟု ဘုရားရှင်မိန့်တော်မူသည်။ ညီညွတ်ဖို့၊ တစ်ဦးနှင့်တစ်ဦး အထင်မသေးကြဖို့၊ အမှိုက်ကအစ ပြဿဒ်မီးမလောင်ဖို့၊ ရန်ငြိုးထား ရန်မဖြစ်ကြဖို့၊ ကိုယ့်ကိုယ်ကို ဆုံးမကြဖို့ စသည်တို့ကို အခြေခံသည့် ရုက္ခမဇာတ်တော်၊ ဝဋ္ဋကဇာတ်တော်၊ လဋုကိကဇာတ်တော်၊ ပထဝီဥဒြိယဇာတ်တော်၊ ဖန္ဒနဇာတ်တော်၊ အတ္တဒဏ္ဍသုတ်တော်တို့ကို ဟောကြားရသည်။

ဘုရားရှင်၏ ဒေသနာအဆုံး၌ ရန်လိုစိတ်တွေ ဖယ်ရှား၊ သူတော်ကောင်းစိတ်ထားတွေ ကိန်းဝပ်ကာ နှစ်ပြည်ထောင်မင်းသား (၅၀၀)ကျော်တို့ သောတာပန်ဖြစ်၊



ထိုမှတစ်ဖန် ရဟန္တာဖြစ်။

နယုန်လပြည့်နေ့တွင် ဘုရားရှင်က နှစ်ပြည်ထောင်ရဟန္တာ (၅၀၀)တို့နှင့်တကွ ဘုံအသီးသီးမှ စရိုက်အသီးသီးနှင့် နတ်ပြဟ္မာတို့ကို ငြိမ်းချမ်းရေးတရားဒေသနာ မဟာသမယသုတ်ကို ဟောကြားခဲ့ရာ နိဗ္ဗာန်စခန်းတက်လှမ်းနိုင်သူတို့တက်လှမ်း။ အရိယာအနွယ်ဝင်ဖြစ်သူတို့ဖြစ်ကြနှင့်။

မိုးဦးနယုန်သည် ငြိမ်းချမ်းရေး၏ပုံရိပ်။ ကမ္ဘာမြေပြင်တွင်မက စကြဝဠာတိုက်တစ်သောင်းသို့ ပျံ့နှံ့ခဲ့သောစွမ်းအား။ မြတ်စွာဘုရားရှင်၏နူးညံ့ချိုသာသောအသံတော်နှင့် မဟာသမယသုတ်ဒေသနာတော်။

ကြီးမြတ်သော ငြိမ်းချမ်းရေးနေ့တစ်နေ့၏ ပုံရိပ်ကို စိတ်ကူးဖြင့် အသက်သွင်းကြည့်မိသည်။

ထိုအခါ ရရှိလာသော ကြည်နူးပီတိမှတစ်ဆင့် ကမ္ဘာမြေပြင် အစဉ်ထာဝရငြိမ်းချမ်းပါစေကြောင်း၊ ကမ္ဘာသူ ကမ္ဘာသားတို့၏စိတ် အစဉ်အမြဲအေးမြပါစေကြောင်း နယုန်မိုးဦးဆုတောင်းသံတို့ဖြင့် အပ္ပမာဒဝိုင်းတော်သားတို့မှ မေတ္တာပို့သလိုက်ရပါကြောင်း။

၉-၄-၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ဝါဆိုမိုးစက် ဓမ္မစက်ဖြင့် .....

ငုပ်လျှိုးပျောက်ကွယ်တော့မည်ဖြစ်သော နေမင်းက အနောက်ဘက်ဆီမှ အလင်းတန်းရွှေရည်တို့ကို သွန်းဖျန်းနေဆဲ ထွက်လုဆဲဆဲဖြစ်သော ဝါဆိုလပြည့်ဦးညလမင်းက အရှေ့ဘက်ဆီတွင် ဘော်ငွေရည်တို့ကို စတင်ဖျန်းပက်ဆဲ၊ ရွှေရည်၊ ငွေရည်နှစ်ဖြာသောအလင်းတို့ ပေါင်းဆုံနေချိန် ......။

မိဂဒါဝုန်တောဓ၏ တိတ်ဆိတ်ငြိမ်သက်အေးချမ်းသော အခါသမယ။

အိပ်တန်းဝင်တော့မည့် ကျေးငှက်၊ သားသမင်တို့ အော်မြည်ရင့်ကျူးမြူးတူးနေသော ကြည်နူးဖွယ်ညချမ်း။

မိဂဒါဝုန်တောကို ဖောက်ထွင်းလျှံထွက်ကာ စကြဝဠာတိုက်တစ်သောင်းအထိ ပျံ့နှံ့လွှင့်ပျံ့စေသော

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အသံတော်တစ်ခု ပေါ်ထွန်းလာလေသည်။

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"

ဘုရားရှင်၏ နူးညံ့ချိုသာသော အသံဖြင့် ဓမ္မစကြာဝန်းသည် စတင်လည်ပတ်ခဲ့လေပြီ။

မိဂဒါဝုန်တော၊ ဘုရားရှင်၊ ဓမ္မစက္ကသုတ်၊ ပဥ္စဝဂ္ဂီငါးပါး။

တရားစက်ဝန်းကြီးစတင်လည်ပတ်ခြင်း။ အရှင်ကောဏ္ဍညမှအစပြု၍ သံဃာစတင်ပေါ်ပေါက်လာခြင်း။

ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအဖြစ်သို့ရောက်ရှိတော်မူခဲ့သော ဘုရားရှင်သည် ဝါဆိုလပြည့်နေ့တွင် ကိုယ်တော်တိုင်သိတော်မူခဲ့သော တရားတော်တို့ကို နှုတ်မြွက်စကား စတင်ဟောကြားသဖြင့် "တရားတော်နေ့" ဖြစ်ခဲ့ရပေပြီ။ တရားတော်ကို အကြောင်းပြု၍ အရှင်ကောဏ္ဍညမှ အစပြုကာ သံဃာရတနာတို့လည်း စတင်ပေါ်ပေါက်လာခဲ့ရသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် "ဓမ္မရတနာနေ့"၊ "သံဃာ့ရတနာနေ့"ဟု ခေါ်နိုင်၏။ ရှောင်ရှားရန် အစွန်းနှစ်ဖက်ကိုလည်းကောင်း၊ လိုက်နာရန် အလယ်လမ်းကိုလည်းကောင်း။ ထိုးထွင်းသိမြင်ရန် သစ္စာလေးပါးကိုလည်းကောင်း၊ လိုက်နာကျင့်သုံးရန် မဂ္ဂင်ရှစ်ပါးကိုလည်းကောင်း ဘုရားရှင်သည် တရားဦးဒေသနာ ဓမ္မစကြာ၌ ဟောတော်မူခဲ့၏။



ရှောင်ရန်၊ ဆောင်ရန်၊ သိရန်၊ ကျင့်ရန်တို့ကို ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောတော်မူခဲ့ပြီးပြီ။

ဘုရားရှင်၏အဆုံးအမအတိုင်း ရှောင်သူ၊ သိသူ၊ ကျင့်သူတို့သည် ခရီးအသီးသီးတွင်ခဲ့ကြပြီ။ အချို့ကား ခရီးဆုံးခဲ့ကြပြီ။

ဝါဆိုလပြည့်နေ့ အဆုံးအမဒေသနာသည် ပေါ့တန်တန်မဟုတ်။ ဘဝမှလွတ်မြောက်စေသော၊ သံသရာမှ လွတ်မြောက်စေသော တရားတွေဖြစ်သည်။

ထို့ကြောင့် ....။

ဝါဆိုမိုးစက်၊ ဓမ္မစက်ဖြင့်၊ နေ့ရက်မပြတ်၊ တရစပ်မှတ်သိ၊ သတိတရား၊ ရှိထားစေဖို့၊ ပြည့်ဖြိုးမို့မောက်၊ သစ္စာတောက်ပ၊ မေတ္တာရ၍၊ အပ္ပမာဒ၊ ဓမ္မရသ၊ စာစုစာစ၊ ကြိုးစားခဲ့သမျှ ကုသလတို့အား ဖြန့်ဝေမျှတလိုက်ရပါကြောင်း ....။

၂၇-၄-၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ခြင်္သေ့မင်းရဲ့စိတ်ထား

သစ္စာရှိသော၊ ခိုင်မာသော၊ တည်ကြည်သော၊ ရဲဝံ့သော၊ ပြတ်သားသော၊ အစိုးရသော၊ လွှမ်းမိုးနိုင်သော စိတ်ထားရှိသူတို့ကို'ခြင်္သေ့စိတ်ထား'ဟု ပမာတင်စားကြသည်။

တောသုံးထောင်ကို အစိုးရသဖြင့် ကေသရာဇာဟုလည်းကောင်း၊ ဂူတစ်ဂူထဲ ခြင်္သေ့နှစ်ကောင် မအောင်းဟုလည်းကောင်း၊ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်နှင့်သာ ထိုက်တန်သည်ဟုလည်းကောင်း၊ ကေသရာဇာဟူသမျှ မြက်ကိုမစားဟုလည်းကောင်း၊ ခြင်္သေ့တို့၏သဘောသည် မည်သည့်အခါမှ ဝီရိယမလျှော့ဟုလည်းကောင်း 'ခြင်္သေ့' နှင့်ပတ်သက်၍ ဆိုစကားတွေ ကြားခဲ့ရဖူးသည်။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ခြင်္သေ့မင်း၏ စိတ်ထားမြင့်မြတ်ပုံကို ပဒုမမြတ်စွာဘုရား ပွင့်တော်မူခဲ့စဉ်က ဂေါတမမြတ်စွာ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘုရားလောင်းသည် ခြသေ့်မင်းဘဝဖြင့် သက်သေပြခဲ့ဖူးသည်။

ပဒုမမြတ်စွာဘုရား သီတင်းသုံးရာ တောအုပ်၌ ဂေါတမမြတ်စွာဘုရားအလောင်းတော် ခြသေ့်မင်းသည် (၇)ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားတော်မူနေသော ပဒုမမြတ်စွာဘုရားကို ဖူးမြော်ရင်း အလွန်ကြည်ညိုသော စိတ်ဖြင့် ရှိခိုး၍ လက်ယာရစ်လှည့်လည်ကာ အလွန်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် သုံးကြိမ်တိုင်ကျူးဟောက်လေသည်။

ထို့နောက် ဘုရားအာရုံရှိသော ပီတိကို မစွန့်ဘဲ (၇)ရက်တိတိ အစာမရှာတော့ဘဲ အသက်ကိုပင် စွန့်လှူကာ ပဒုမမြတ်စွာဘုရားအနီး၌ နေလေသည်။ သည့်နောက် ပဒုမမြတ်စွာဘုရား၏ သံဃာတော်ကုဋေ များစွာ ကြွလာသောအခါ၌ ခြသေ့်မင်းသည် သံဃာတော်၌ ကြည်ညိုသောစိတ် ဖြစ်ပြန်သည်။ ထိုအခါ ပဒုမမြတ်စွာဘုရားက ခြသေ့်မင်း၏ စိတ်ကို ကြည့်ရှု သိမြင်တော်မူ၍ ‘ဤခြသေ့်မင်းသည် နောင်အခါ၌ ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ်ဖြစ်ပေလိမ့် မည်’ဟုဗျာဒိတ်စကားကြားတော်မူလေသည်။ ပဒုမမြတ်စွာ ဘုရား၏ ဗျာဒိတ်စကားကိုကြားရလျှင် အလောင်းတော် ခြသေ့်မင်းသည် အတိုင်းထက်အလွန် မိမိစိတ်ကို ကြည်လင်စေ၍ ဆယ်ပါးသောပါရမီတော်တို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ



ဆောက်တည် တော်မူလေသည်ဟုဆိုသည်။(မဟာဗုဒ္ဓဝင် ပတွဲ+ဒုပိုင်း၊ စာ−၃၇၈မှ)

ခြသေ့်မင်းတို့၏ နှလုံးသားခိုင်ကျည်ပုံ၊ ဘုရားအလောင်းခြသေ့်မင်း၏ ပဒုမမြတ်စွာဘုရားအပေါ် ကြည်ညိုသဒ္ဓါတရားဖြစ်ပုံစသည့် ခြသေ့်မင်းတို့၏ ခိုင်မာတည်ကြည်သောစိတ်ဓာတ်များအပေါ်၌ အားကျအတုယူ လိုစိတ်များ မိမိတို့သန္တာန်၌ ဖြစ်ပေါ်လာကြမည်ဆိုပါက ....။

**၁၄−၆−၂၀၀၀**

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ထုံးဖြူစေတီ မြန်မာပြည်နှင့် ······

နေဝင်ရီတရော၊ အလင်းရောင်ဖျော့မှိန်စ။ နေ့မှ ညမကူးမီ။ကြည်ပြာရောင်ကောင်းကင်၌ တိမ်ဆုပ်တိမ်စတို့ ဟိုနားတစ်စု၊ သည်နားတစ်စ၊အိပ်တန်းတက်ကျေးငှက်တို့ အစုအအုပ်နှင့်ဖြန့်ပျံ။ မိုးယံထက်လေအဟုန်ကို စီးမျောလို့။ နှုတ်ဆက်လက်ပြတော့မည့်နေမင်း။ သူ့ကိုယ်စား အလင်းပေးကိရိယာအဖြစ် လမင်းကိုချန်ထားရစ်။ သည်လိုအချိန် သည်လိုပတ်ဝန်းကျင်သရုပ်တို့ လှစ်ထုတ်ချိန်၌ ····။

ရွာအစွန်လယ်ကွင်းအစပ်၏ ဟိုမှာဘက်ရှိ မှိုမှိုမောက်မောက် တောင်ကုန်းချောက်တစ်ခု။ထိုတောင်ကုန်းချောက်ပေါ်ရှိ ထုံးဖြူစေတီ။ ထုံးဖြူစေတီအရိပ်အောက်၌

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရပ်လျက် ငေးမျှော်ရီကာ အရပ်ရှစ်မျက်နှာပတ်လည် ဖြန့်ကြက်ကြည့်ရှု၊ အစိမ်းရောင်မြသားကမ္ဗလာသည်မျက်စိတစ်ဆုံး။ ရင်ထဲသို့ဝင်လာသော အအေးဓာတ်၊ ထို့ထက်ပိုအေးသည်က လေအလှုပ်တွင် ထွက်ပေါ်လာသော ဆည်းလည်းသံချိုချို။ ချိတ်ဆွဲထားသော ညောင်ရွက်နှင့် ဆည်းလည်းအိမ်တို့ ထိခတ်ရာမှ ထွက်ပေါ်လာသည့် အသံ။ ဒါသည်ပင်လျှင် သဘာဝဂီတတစ်ခု။

သည်လိုအရသာမျိုးကို မြန်မာပြည်မှလွဲ၍ မည်သည့်နိုင်ငံမျိုးတွင်မှ မခံစားရနိုင်ဟုထင်သည်။ ဗုဒ္ဓသာသနာတော်၏အရိပ်၊ သာသနာတော်၏အငွေ့အသက်တို့ ထုံမွမ်းရာ၊ သာသနာ့အမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းရာ၊ သာသနာ့အဆီအနှစ်တို့ကို ပြန်လည်ပေးဝေဖြန့်ဖြူးရာ၊ ဤပြည်၊ ဤရပ်ရွာ၌ လူလာဖြစ်ရသည်မှာ ကုသိုလ်ထူးလှပေစွ။ သာသနာတော်နှင့်လည်း ကြုံကြိုက်နေသည်။ သာသနာတော်၏ အဆုံးအမကိုလည်း ကြားသိခွင့်ရနေသည်။ ဟောပြောညွှန်ပြ ကျင့်သုံးနေထိုင်နည်းတွေ ပြပေးနေကြသည့် ဆရာတော်၊ သမားတော်ကြီးတွေလည်း များစွာရှိနေသည်။ ကိုယ်တိုင်ကလည်း လူ့ဘဝကို ရနေသည်။ မည်မျှကုသိုလ်ထူးလိုက်ပါသနည်း။

ထိုကုသိုလ်ထူးကြီးကို "ပမာဒ"ဖြစ်ကာမေ့လျော့



မနေဘဲ၊ အချိန်ရှိတုန်း။ အခွင့်အရေးရတုန်း။ ကြုံကြိုက်တုန်းလေးမှာ သံသရာကလွတ်မြောက်ဖို့၊ ဒုက္ခချုပ်ငြိမ်းရာ၌ ငြိမ်းအေးစွာ နားခိုနိုင်ဖို့ မမေ့မလျော့ မပေါ့ဆသော "အပ္ပမာဒ"သတိတရားဖြင့် မလျော့မတင်း စောင်းကြိုးညှင်းသဖွယ် ကြိုးစားအားထုတ်သွားကြမည်ဆိုပါလျှင် ....။

၁-၇-၂၀၀၀

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။



# တရားကိုမြင်မှ ဘုရားကိုမြင်မည်

ဂေါတမမြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးသည့်နောက် သတ္တမဝါကာလ၌ တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူခဲ့သည်။ သည့်နောက် ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူခဲ့သည်။ ဝါတွင်းသုံးလ လွန်မြောက်၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တွင် တာဝတိံသာနတ်ပြည်မှသည် လူ့ပြည်သင်္ကာသမြို့တံခါးဝသို့ ဆင်းသက်ကြွမြန်းတော်မူလေသည်။

ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းသုံးသွယ်။

နတ်၊ ဗြဟ္မာတို့အလယ်မှ ဘုရားရှင်။ ပဥ္စသိခနတ်သားက ဗေဠုဝစောင်းကိုပိုက်လျက် မြတ်စွာဘုရား၏

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လက်ယာနံပါးမှ စောင်းတီး၍ ပူဇော်သမှု ပြုရင်း လိုက်ပါလာ။

နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ငရဲပြည်တို့သည် ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ဟင်းလင်းပြင်ကဲ့သို့ အပိတ်အပင် အတားအဆီးမရှိ ပွင့်လင်းလျက်။

လူတွေက နတ်၊ ဗြဟ္မာတွေကို မြင်ရ။ နတ်ဗြဟ္မာတွေကလည်း လူတွေကိုမြင်ရ။ ငရဲပြည်၌ ဒုက္ခကြီးကျယ်စွာခံနေသူတွေကိုလည်း မြင်ကြရ။

ဘုရားရှင်ကိုယ်တော်၌လည်း ရေမီးအစုံယမိုက်ပြာဋိဟာပြကွက်သည် အံ့မခန်း။ ရောင်ခြည်တော်ခြောက်သွယ်တို့ကလည်း စကြဝဠာတိုက်တစ်သောင်းသို့ ပျံ့နှံ့။

သက်တော်လေးဆယ်ကျော်တော်မူစ ဘုရားရှင်၏ နုနယ်ပျိုမျစ်နေသေးသော အသွင်သဏ္ဌာန်နှင့် ဘုရားရှင်၏ အသရေတော်တို့မှာလည်း တောက်ပလင်းလက်ဆုံးအချိန်။ သည်မြင်ကွင်းကို မြင်ရသော သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိ ပရိသတ်အပေါင်းသည် ဘုရားအဖြစ်ကို မတောင့်တဘဲ မနေနိုင်ကြ။ (မဟာဗုဒ္ဓဝင်–တတိယတွဲမှ)

သည်မြင်ကွင်း၊ သည်အဖြစ်အပျက်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀–ကျော်က ဤကမ္ဘာမြေပေါ်၌ အမှန်တကယ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ ဘုရား၏ဂုဏ်ကို မသိနိုင်၊ မမြင်နိုင်၊ မခံစားနိုင်သေးသောသူတို့သည် ယုံမည်မဟုတ်။ ဖြစ်နိုင်ပါ့မလားဟု သံသယဝင်နေကြဦးမည်။ ထိုခေတ် ထိုအခါက ယခုလို ELECTRONIC MEDIAတွေ ထွန်းကားခဲ့လျှင် မည်မျှကောင်းမည်နည်း။ ယခုဆိုလျှင် VCD မှတစ်ဆင့် ထိုမြင်ကွင်းကို မျက်ဝါးထင်ထင်မြင်ခွင့်ရနေပါပြီ။ ဘာမျှအငြင်းပွားစရာမရှိ။ သံသယဖြစ်စရာမရှိတော့။



ယခုမူ တရားကိုချဉ်းကပ်နိုင်လွန်းမှသာ တရားတော်မှတစ်ဆင့် ဘုရားရှင်ကို မြင်ခွင့်ရပေမည်။ ထိုအခါ မကြံအပ်၊ မကြံစည်ကောင်းသောအရာဖြစ်သည့် ဘုရားရှင်၏ တန်ခိုးတော်အနန္တကိုပါ နားလည်သွားနိုင်မည်။ စိတ်၏လျင်မြန်ပုံ၊ ဝီထိသဘော၏နက်နဲပုံ၊ တစ်ဝီထိနှင့်တစ်ဝီထိကြား ဘဝင်ခြားနားမှုနည်းပါးလွန်းလှသော မြတ်စွာဘုရား၏ ဝသီတော်ငါးပါး နိုင်နင်းတော်မူပုံတို့ကိုပါ သဘောပေါက်သွားမှ သံသယတို့လွင့်စဉ်၍ သမ္မာဒိဋ္ဌိရေစင်ကို သောက်သုံးခွင့်ရသွားပေမည်။

စဉ်းစား၍ အငြင်းပွားနေခြင်းထက် လက်တွေ့ကျသော သတိပဋ္ဌာန်တရားကို မမေ့မလျော့ မပေါ့မဆသော 'အပ္ပမာဒ'သတိတရားဖြင့် အားထုတ်ကြည့်ပါလျှင် ......။

၂၉–၇–၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ထီး

ယခုဤစာရေးနေစဉ် မိုးတွေက တဖွဲဖွဲရွာနေဆဲ။

သို့သော် စာဖတ်သူတို့ ဤစာကို ဖတ်နေချိန်တွင်မူ မိုးလေကင်းပ ဝါလကင်းလွတ် သီတင်းကျွတ်လပင်ပြည့်ခဲ့ပြီးဖြစ်ပေမည်။

မဂ္ဂဇင်းတစ်စောင်ကို လစဉ်အချိန်မှန်၊ အချိန်မီထွက်နိုင်ဖို့ ဝီရိယတွန်းအားကို အများကြီးရယူထားရသည်။ သို့မှသာ သက်ဆိုင်ရာအဆင့်အလိုက် ကြာသင့်ကြာထိုက်သည့်အချိန်တွေအတွက် အဆင်ပြေမည်ဖြစ်သည်။သည့်အတွက် ကြိုတင်လုပ်ရ၊ ကြိုတင်တွက်ဆရနှင့် ကြာတော့သည်စာရေးသူပင် အသက်နှစ်လကြိုတင်ကြီးနေသလိုဖြစ်ရ၏။ သို့သော် မတတ်နိုင်။ ဘဝနှင့်ပတ်ဝန်းကျင်က ပေးလာသောအခြေအနေပေပဲ။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



သည်နှစ်မိုးနှောင်းက ကောင်းနေပြန်ပါသည်။ သတိထားမိနေသည်မှာ လွန်ခဲ့သော(၄–၅)နှစ်ကတည်းက မိုးနှောင်းမိုးတွေ ကောင်းနေတတ်သည့် သဘာဝကိုပင်။

မိုးရေစိုရွှဲလမ်းမပေါ်တွင် ကိုယ်စီကိုယ်စီသည် မိုးအကာအကွယ်ထီးတွေနှင့်။

ခေတ်ပေါ်ကာလတွင် ထီးသည် အမည်းရောင်တစ်ရောင်တည်းမဟုတ်တော့။အရောင်စုံလာသည်။အသွေးစုံလာသည်။ အဆင်ဒီဇိုင်းတွေဆန်းလာသည်။ ထုတ်လုပ်သူတို့က သူ့ထီးကောင်းကြောင်း၊ကိုယ့်ထီးကောင်းကြောင်း အပြိုင်အဆိုင် အလုအယက်ကြော်ငြာလာကြသည်။

သို့သော် ပုံသဏ္ဍာန်တွေ၊ ထုတ်လုပ်မှုအဆင့်အတန်းတွေ ဘယ်လောက်ပြောင်းလဲ၊ ပြောင်းလဲ၊မိုးဒဏ်၊ နေဒဏ်ကိုကာကွယ်သည့် ထီး၏နဂိုသဘော သဘာဝကတော့ ပျောက်ပျက်မသွား။ တစ်နည်းအားဖြင့် အသွင်သဏ္ဍာန်တွေ မည်မျှပင်ပြောင်းလဲပါစေ၊ အနှစ်သာရကတော့ မပြောင်းလဲ။ ဤသည်ပင်လျှင် သဘာဝတရားကြီးထဲက အပိုင်းအစကလေးတစ်ခု၏ ခိုင်မာနေသော သက်သေသာဓကတစ်ခု။

ထီးနှင့်ပတ်သက်၍ လူတို့အရိပ်ခိုအောင်းသော ထီးအပြင်၊ စေတီဘုရားတို့၌လည်း ''ထီးတော်''ဟူ၍ရှိစမြဲ။ အထွတ်အမြတ်၊အခေါင်အထွတ်၊အထက်ထိပ်ဖျား၌ နေခြင်းသည်ပင်လျှင် ထီးတို့၏သဘာဝ၊ တစ်နည်းအားဖြင့် မြင့်သောအရပ်ဒေသမှ ထီးရိပ်ခိုလှုံသူတို့ကို အပူဒဏ်၊ အအေးဒဏ်၊ ရေစိုဒဏ်ခံ၍ ကာကွယ်ပေးသည့် သဘာဝတစ်ခု။



စေ့စေ့တွေးကြည့်မှ ရေးရေးပေါ်လာသည်။

ဘုရားရှင်၏ မဟာကရုဏာတော်ကြီးသည်လည်း လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံးအပေါ် ထီးဖြင့်အုပ်မိုးထားသည်နှင့် တူလှသည်။မဟာကရုဏာဉာဏ်တော်ကြီးဖြင့် သတ္တဝါအားလုံး၏ အကျိုးစီးပွားအတွက် ဘဝအဆက်ဆက် အနစ်နာခံခဲ့သည်မှာ အနန္တ။

ထို့ကြောင့် အနန္တကျေးဇူးတော်ရှင်ဟု ခေါ်ထိုက်ပေစွ။

စေတီတော်၏ရင်ပြင်မှ ထီးတော်အထိမော်ကြည့်ဖူးမြော်ရင်းမှ ဘုရားရှင်၏ ဂုဏ်တော်များကို အောက်မေ့ကြည်ညိုမိသည့် သတိတရားလေးတစ်ခု မွေးဖွားလာ၏။

ထီးကို သတိပြုရာမှ ဖြစ်ပေါ်လာသောအတွေးတစ်စ။

ဩော် . . . အပ္ပမာဒေန . . . သမ္ပာဒေထ။

၃၀–၈–၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။



## ပထမနှစ်ပတ်လည် အပ္ပမာဒ

အတွဲ(၁)၊ အမှတ်(၁၂)သည် အပ္ပမာဒဓမ္မရသ မဂ္ဂဇင်း၏ တစ်နှစ်ပြည့်အထူးထုတ်။

ဘာလိုလိုနှင့် တစ်နှစ်တောင်ပြည့်ခဲ့ပြီဟုတော့ မပြောချင်။ "ဘာလိုလိုနှင့်"သည် မသေမချာ၊ မရေမရာ၊ လွင့်လွင့်မျောမျော၊ ညည်းညူသည့်သဘော ပါနေသည်ဟု ခံစားမိသည်။ အပ္ပမာဒဓမ္မရသမဂ္ဂဇင်းကို ကိုင်တွယ်၍ တစ်နှစ်တာခရီးနှင်ခဲ့ရာ၌ ရခဲ့သောအတွေ့အကြုံတွေက များလှပါဘိ။

အပ္ပမာဒနှင့်ပတ်သက်၍ အသံအမျိုးမျိုးကြားခဲ့ရသည်။ ထင်မြင်ချက်၊ ဝေဖန်စာ၊ အကြံပေးစာ၊ လူကိုယ်တိုင်၊ တယ်လီဖုန်း စသဖြင့် စုံလှသည်။ သည်အထဲတွင် ကိုးဆယ်ရာခိုင်နှုန်းကျော်ကျော်ခန့်က လှိုက်လှိုက်လှဲလှဲ အားပေးကြသဖြင့် အပ္ပမာဒဝိုင်းတော်သားတို့သည် ပုထုဇဉ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပီပီ ကြည်နူးကျေနပ်ရသည်။

စာမူမှသည် စာအုပ်ဆီသို့ ပုံဖော်ရာ၌ ကန့်သတ်ချက်များစွာ ကျော်ဖြတ်ရ၏။ ငွေကြေးအခြေအနေ၊ဈေးကွက်ဝင်–မဝင်၊ အားပေးနှစ်သက်မှုရှိ–မရှိ၊ မိမိဘက်က ဓမ္မရသပေးပုံမှန်–မမှန်၊ ပရိသတ်အတန်းအစားမျိုးစုံသို့ ဝင်ရောက်ထိုးဖောက်နိုင်–မနိုင်၊ အစစတွက်ချက်ရ၏။ သုံးအုပ်လောက်ထုတ်ပြီး ခါးကော့နောက်လန်သွားလို့လည်းမဖြစ်။ ဈေးကြီးပေးဝယ်ရသော စက္ကူအကောင်းစားပေါ်တွင် ရွေးချယ်တင်လွှတ်ပေးလိုက်သော စာမူတို့၏ အရည်အသွေးကိုလည်း အမြဲသတိထားကြည့်နေရသည်။

အခြားသူတွေအတွက်တော့မသိ။ ကိုယ့်အရင်းအနှီးကိုယ်စိုက်ထုတ်၍ ကိုယ်တိုင်စီစဉ်ထုတ်လုပ်ကာ၊ အယ်ဒီတာချုပ်လုပ်နေသူအဖို့ ကိုယ်တိုင်က "အပ္ပမာဒ" ဆိုသော စကားလုံး၏ အဓိပ္ပါယ်နှင့်တန်–မတန် အမြဲတမ်း စစ်ဆေးနေရ၏။ အပ္ပမာဒသည် ဗေဒင်ဆရာက ဈေးရောင်းကောင်းရန် တွက်ချက်နာမည်ပေးထားခြင်းမဟုတ်။ ဘုရားဟောတရားတို့၏ အနှစ်ချုပ်။ ဘုရားရှင်၏နောက်ဆုံးစကား။ အလေးအနက်မှာကြားခဲ့သော တရားစကား။ ပေါ့ဆ၍မဖြစ်။ လေးနက်နေရမည်။ မေ့လျော့နေ၍မဖြစ်။ အမြဲသတိရှိနေရမည်။ လျော့ရဲ၍မဖြစ်။ ဝီရိယတို့ဖြင့်အစဉ်နိုးကြားနေရမည်။ "ဘုရားရှင်က လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း အနစ်နာခံပါရမီဖြည့်ပြီးမှ ဟောခဲ့တဲ့တရားနော်၊



နည်းတဲ့သစ္စာတရားကြီး မဟုတ်ဘူးနော်၊ ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်လိုက်နဲ့နော်။ တာဝန်ယူရဲမှယူ၊ သည်စကားရဲ့အနက်အဓိပ္ပါယ်က တာသိပ်သွားတယ်။ အနက်အဓိပ္ပါယ်သိပ်ကြီးကျယ်တယ်။တန်မှလည်းလုပ်၊ မတန်ရင်နောက်ဆုတ်လိုက်နော်"ဟု အသံတစ်သံက အမြဲတမ်းသတိပေးနေသလို ခံစားရသည်။ သည်အသံကြား လိုက်တိုင်း "ကိုယ့်အတွက် ဘဝအဆက်ဆက် အသက်ပေါင်းအနန္တပေးဆပ်ပြီး အနစ်နာခံခဲ့တဲ့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေဟာ ကိုယ့်အပေါ်မျှားလွန်းနေပြီ။ ကိုယ်က သည်တစ်ဘဝလေး၊ သည်အသက်လေးတစ်ခု ပေးဆပ်အနစ်နာခံရင်း ကျေးဇူးပြန်ဆပ်တာလေးများ ဘာဖြစ်တာမှတ်လို့၊ ဘုရားကို တကယ်ချစ်ရင် သည်လောက်တော့ ပေးဆပ်ရဲရမှာပေါ့"ဟု စိတ်အတွင်းက ပြန်ဖြေမိသည်။ သည်ယုံကြည်ချက်ကလေးကို ခိုင်မာသည်ထက် ခိုင်မာအောင် မွေးမြူရသည်။ ထိုစိတ်အခံသာမရှိလျှင် "အပ္ပမာဒ" အလံတော်ကိုကိုင်၍ Printing Media လောကထဲ တိုးဝင်နိုင်ဖို့ ခက်ခဲလှသည်။

အလံစိုက်စရာ မြေနေရာပင်ရဖို့မလွယ်ကူ။ ယခုတော့ အသွေးစုံ၊အရောင်စုံ Printing Media လောကထဲတွင် အပ္ပမာဒသည် တစ်နှစ်သားပင်ပျိုကလေး အဖြစ် လန်းစွင့်နိုင်ခဲ့ရပြီ။

သည့်အတွက် အနယ်နယ်အရပ်ရပ်မှ စာမူရှင်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



များ၊ စာဖတ်သူများနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးအပေါ် တလေးတစားကျေးဇူးတင်မိပါသည်။ ကြုံခဲ့ပြီးသော ပထမနှစ်ခရီးအတွေ့အကြုံပေါ်မှ သင်ခန်းစာယူစရာများ၊ ရှောင်ရန်ဆောင်ရန်များကို အလေးအနက်ထားဆင်ခြင်ဉာဏ်ပွား၍ ဒုတိယနှစ်ခရီးအား ယုံကြည်ရင်းစွဲရှိသည့်အတိုင်း ရဲရဲဝံ့ဝံ့၊ နိုးနိုးကြားကြား၊ ကြိုးကြိုးစားစား မမေ့မလျော့သော သတိတရားတို့ဖြင့် အပ္ပမာဒအလံတော်ကို ကိုင်စွဲကာ ဆက်လက်ခရီးဆက်သွားပါမည့်အကြောင်း ထပ်လောင်းသစ္စာပြုရင်းမှ ....။

**၉-၉-၂၀၀၀**

❑

# ပြောင်းလဲခြင်းသည်သာ မပြောင်းလဲ

၂၀၀၀ ပြည့်နှစ်မှသည် ၂၀၀၁ ခုနှစ်။

အတွဲ (၁)မှသည် အတွဲ (၂)။

ဂဏန်းနံပါတ်တွေ အပြောင်းအလဲဖြစ်ပြီ။ တိုးလာတာလား။ လျော့သွားတာလား စဉ်းစားစရာဖြစ်သည်။ ဂဏန်းအားဖြင့်တော့ တိုးလာသည်။ နေထိုင်မှုသက်တမ်းကတော့ တစ်နှစ်လျော့သွားခဲ့ပြီ။ ၂၀၀၀ပြည့်နှစ်မှသည် ၂၀၀၁ခုနှစ်ဟု ဂဏန်းနံပါတ် မတပ်မီကာလသည် စပ်ကြားကာလ။ ၂၀၀၀လည်းမဟုတ်တော့၊ ၂၀၀၁လည်းမဟုတ်သေး။ ထို့အတူ အတွဲ(၁)နေရာတွင် အတွဲ(၂)ဟု နံပါတ်အစားထိုးမတပ်မီအထိ ကာလသည်လည်း စပ်ကြားကာလ၊ ကြားအချိန်။

ပြောင်းတော့မည်၊ ပြောင်းနေပြီ၊ ပြောင်းသွားပြီ။

နောက်ထပ်လည်း ၁၂-လကာလ၊ ၁၂-အုပ် ထုတ်ဝေပြီးလျှင် ၂၀၀၁မှသည် ၂၀၀၂ဖြစ်ဦးမည်။ အတွဲ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၂)မှသည် အတွဲ(၃)ဖြစ်ပေဦးတော့မည်။ ဂဏန်းနံပါတ်အခေါ်အဝေါ်တွေ ပြောင်းရဦးမည်။ အားလုံးသည် သတ်မှတ်ချက်တွေချည်းဖြစ်သည်။ တစ်နည်းအားဖြင့် လူ့လောက လူအချင်းချင်း ဆက်သွယ်၊ လုပ်ကိုင်ပြောဆို အကောင်အထည်ဖော်ရာတွင် လွယ်ကူချောမွေ့စေရန် အများသဘောတူညီမှုဖြင့် ဘာသာဗေဒ၊ဝေါဟာရတွေကို အသုံးပြုလျက် သတ်မှတ်ထားကြခြင်းဖြစ်သည်။ ဓမ္မ အသုံးအနှုန်းမှာမူ ''ပညတ်''။

သို့ဆိုလျှင် ပြောင်းလဲပြီးရင်း ပြောင်းလဲနေသော သဘာဝကြီးကရော။

သူကတော့ မည်သူ့ကိုမျှ အားမနာ။ မည်သူ့ကို မျှ အညှာမပေး။ မည်သူ့မျက်နှာကိုမျှ မကြည့်။သူ့သဘော သူ့သတ္တိကို အမြဲတမ်းလှစ်ဟ ဖော်ကျူးနေမည်သာ။

''မပြောင်းလဲသော သဘာဝတစ်ခုရှိသည်။ ၎င်းမှာ ပြောင်းလဲခြင်းတရားပင် ဖြစ်သည်''ဆိုသည့် စကား၏ အဓိပ္ပါယ်ကို ယခင်က အဓိပ္ပါယ်အပြည့် နားမလည်ခဲ့။ ဒါကလည်း ရှေ့မှာဂဏန်းတွေ၊ သတ်မှတ်ချက်တွေ၊ ဘာသာ စကားတွေ၊ဝေါဟာရတွေ၊စကားလုံးတွေ ကာဆီး ထား၍ဖြစ်မည်။ တကယ်တော့ စကားလုံးတွေသည် ပင်လျှင် သဘာဝ၏အဓိပ္ပါယ်ကို နားလည်လွယ်စေရန် အကျဉ်းချုပ် ဖော်ပြထားသော ဆက်ဆံရေးကိရိယာ မဟုတ်ပါလော။ပြောင်းလဲခြင်းတရား၏ မပြောင်းလဲသော



သဘောသဘာဝကို ရေးတေးတေး နားလည်စပြုမှပင် ''ပရမတ်''ဆိုသည့် အဓိပ္ပါယ်ကို နားလည်လာရသည်။

'ပရမတ်'တွေ့ပြီဆိုလျှင် 'ပညတ်'ကွယ်ပြီ။

'ပညတ်'ရှိနေလျှင်လည်း 'ပရမတ်'ကိုမတွေ့နိုင် ပြီ။

'ပညတ်'သက်သက်၌ ကြည့်နေချိန်တွေကြာ၊ ကြည့်သည့်အကျင့်တွေစွဲနေလျှင် 'ပရမတ်'ဟူသည့် အမှန်တရားကို မတွေ့နိုင်။ သစ္စာနှင့်ဝေးတော့မည်။

အမှန်တရားဆိုသည့် သစ္စာကို တကယ်တွေ့ချင် သည်ဆိုလျှင်တော့ ဗုဒ္ဓမြတ်စွာလမ်းပြခဲ့သည့် သတိပဋ္ဌာန် တရားအကျင့်မြတ်ကို အားမထုတ်၍မဖြစ်။ အားထုတ် ကျင့်ကြံခြင်းဖြင့် ကိုယ်တိုင်သိမြင်လာမှသာ တရားဟူ သည့် ဓမ္မံ သရဏံ ဂစ္ဆာမိကို ဘုရားရှင်ကိုယ်တော်တိုင်ပင် တလေးတမြတ် တရိုတသေ ဦးညွှတ်ပူဇော်ခဲ့ပါလား ဆိုသည့် အဓိပ္ပါယ်ကို ထဲထဲဝင်ဝင်သိမြင်သွားနိုင်မည် ဟု ....။

**၁-၁၁-၂၀၀၀**

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ကွန်ပျူတာနဲ့ တူတဲ့စိတ်

တစ်လလျှင် ပျမ်းမျှဆောင်းပါးပုဒ်ရေ (၃၀)ခန့် ဟုဆိုပါစို့။ (၁၂)လကြာသောအခါ ဆောင်းပါးပုဒ်ရေ (၃၆၀)ခန့်ဖြစ်လာသည်။ ဆောင်းပါးသရုပ်ဖော်ပုံတွေနှင့် တကွ ပုံစံချပြီးထားခဲ့သမျှကို လအလိုက်စုစည်းကာ ကွန်ပျူတာအတွင်း၌ ဖိုင်ဖွဲ့၍သိမ်းဆည်းထားမိခဲ့သည်။ ကြာသောအခါ ကွန်ပျူတာကြီးသည် လှုပ်ရှားမှုတွေ လေးလံလာသည်။နောက်လတွေအတွက် အလုပ်လုပ်ရတာ နှေးကွေးလာသည်။ ကွန်ပျူတာအစိတ်အပိုင်းတို့သည် နဂိုတုန်းကလောက် အလုပ်မသွက်တော့။ ပုံမှန်ပင် ဖြစ်မလာတော့ပြီ။

သို့နှင့် ဖိုင်သွင်းသိမ်းဆည်းခဲ့သမျှကို ခေါ်ယူဆွဲထုတ်ကာ ရှင်းပစ်လိုက်ရ၏။ သည်တော့မှပင် ကွန်ပျူတာကြီးလည်း သွက်လက်လာတော့သည်။ အပြင်မှာလည်း စာအုပ်တွေက ထွက်ပြီးပြီ။စာအုပ်ရိုက်ပြီးသား မူရင်းဖလင်တွေလည်း ရှိထားပြီ။ ဘာလိုတော့သေးလဲ။ သတိမထားမိ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သဖြင့် မလိုအပ်သော စာရင်းဇယားတွေကို သိမ်းမှန်းမသိ သိမ်းဆည်းထားခဲ့မိခြင်းသည် ရှေ့ခြေလှမ်းတို့အတွက် အဟန့်အတားဖြစ်တတ်သည်ကို လက်တွေ့မြင်တွေ့ရပေပြီ။

လူတို့စိတ်အတွင်း၌လည်း မလိုအပ်တော့သော စာရင်းဇယား၊ မှတ်သားသိမ်းဆည်းမှုတွေသည် ပြည့်ကျပ်နေ၏။ သည်လူက ငါ့ကို ဘယ်လိုလုပ်ခဲ့တာ၊ သည်လူက ဘယ်လို၊ သူ့ကိုတော့ ဘယ်လိုဆက်ဆံမှဖြစ်မယ်။ လွန်ခဲ့တဲ့ငါးနှစ်က သူက ငါ့ကို တနင့်တပိုးပြောခဲ့တာ စသည်ဖြင့် မိမိအသက်ရှင်မှု သက်တမ်းတစ်လျှောက်တွေ့ခဲ့ရသော လူ၊ ပစ္စည်း၊ ပတ်ဝန်းကျင်တို့အပေါ်မူတည်၍ ဖြစ်ခဲ့ရသောအာရုံတွေကို ကြိုက်စွဲအဖြစ်လည်းကောင်း၊ မကြိုက်စွဲအဖြစ်လည်းကောင်း၊မသိစွဲအဖြစ်လည်းကောင်း၊ သိမ်းဆည်းမှတ်သားခဲ့သမျှတွေသည် လူတစ်ဦးစီ၌ နည်းမည်မဟုတ်။

ကြာသော်စာရင်းဇယား၊ အညှိုးအတေး၊အမှတ်အသားတို့ဖြင့် လူ့စိတ်ကြီးသည် လေးလံနေတော့သည်။ ရှေ့တက်မယ်ကြံလျှင် နောက်ကစာရင်းအထုပ်အပိုးကြီးက ခြေလှမ်းကို လှမ်းဆွဲတတ်သည်။ ဤသည်ကို ကိုယ့်စိတ်ကိုယ်စစ်ဆေးကြည့်သည့်အခါ အထင်အရှားတွေ့လာရသည်။ သို့သော် လူသည် မလိုအပ်သောစာရင်း ဇယား၊ အညှိုးအတေး၊ အမှတ်အသားဝန်ထုပ်ဝန်ပိုးကြီးတွေ ပြည့်ကျပ်ညှပ်ပြီး မလှုပ်နိုင်၊ မရှားနိုင်ဖြစ်နေသည်ကိုပင်



အဘယ်အခြေခံအကြောင်းကြောင့်ဖြစ်သည်ဟု သိအောင်မကြိုးစား၊ ဂရုမမူ၊ သတိမထား။


သတိမထားသောအခါ စိတ်လေးရခြင်း၏ အကြောင်းကိုမမြင်။ အကြောင်းမမြင်သောအခါ စိတ်လေးနေခြင်းဟူသော အကျိုးတရားကို မဖြေရှင်းတတ်။ မဖြေရှင်းတတ်သဖြင့် ကိုယ့်စိတ်ထဲသို့ သတိလွှတ်ထည့်သွင်း သိမ်းဆည်းခဲ့သမျှ အာရုံအဟောင်း၊ အရှုပ်ထုပ်၊ အပုပ်အသိုး၊ အဆွေးအမြည့်တို့သည် စိတ်အတွင်း၌ ပုပ်နံ့ညှီဟောင်နေတော့သည်။ ထိုအခါ စိတ်သည် မလန်းဆန်း၊ မမွှေးကြိုင်၊ မလတ်ဆတ်၊ မပေါ့ပါးဖြစ်နေတော့သည်။

အကယ်၍ အချိန်မီသတိပြုတတ်ပါလျှင် မလိုအပ်တော့သော စာရင်းဇယားအရှုပ်ထုပ်တို့ကို ဖြေထုတ်ရှင်းလင်း သန့်ရှင်းလိုက်ပါလျှင် လွတ်မြောက်သွားသော မူလစိတ်သဘာဝ၏ အရည်အသွေးသည် ပိုမိုပေါ့ပါးသွက်လက်၊ တိုးတက်လာမည်ဟု အတွေ့အကြုံပေါ် သင်ခန်းစာယူကာ အပ္ပမာဒသတိတရားတစ်ခုကို လှစ်ဟလိုက်ရပါကြောင်း ......။

၂၉-၁၁-၂၀၀၀

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။



# တရားချမ်းသာနှင့် မတရားချမ်းသာ

ရှေးရှေးကလူတွေ စကားမည်သို့ပြောခဲ့ကြသည် မသိ။

ဆင်းရဲရာမှ ချမ်းသာလာသူတစ်ဦး (သို့မဟုတ်) သာမန်အခြေအနေမှ ပစ္စည်းဥစ္စာစည်းစိမ်ရတနာတွေ များစွာ ကြွယ်ဝသွားသူတစ်ဦးကိုတွေ့လျှင် ''ဒီလူ မတရား ချမ်းသာသွားပြီ''ဟု ပြောသံကြားရဖူးသည်။ ''မတရား ချမ်းသာသွားပြီ''ဟုဆိုခြင်းသည် ''သိပ်ချမ်းသာသွားပြီ''၊ ''အရမ်းချမ်းသာသွားပြီ''ဟု ဆိုခြင်းထက် ပိုလွန်လေ သလား။ (သို့မဟုတ်) ဒီဂရီပိုမြင့်လာလေသလား မသိပါ။ ပြောဆို ချီးမြှောက်ခံရသောသူဘက်မှနေကြည့်ပါက ရုတ်တရက်မူ အားကျ၊ ချီးမြှောက်သံဟု ထင်ရသည်။ သို့သော် စကားလုံးအနက်အဓိပ္ပါယ်ကို ခွဲစိတ်ကြည့်သော အခါ ချမ်းသာခြင်း၏ရှေ့၌ ''မတရား''ဟူသော စကား လုံးကြီးက ဝင်နှောင့်သလိုဖြစ်နေသည်။ မတရားတာတွေ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လုပ်လို့ပဲ ချမ်းသာသွားတာလားဟု ထင်စရာရှိလာသည်။

ထိုမှဆက်၍ ချမ်းသာခြင်းဆိုသည့် အကြောင်းတရားကိုဆက်တွေးကြည့်ဖြစ်မိသည်။လောကီချမ်းသာကိုကြည့်ပါဦးစို့။ အတိတ်ဘဝ ဒါနကုသိုလ်အားကောင်းမှုကြောင့် လူ့ဘဝတွင် စည်းစိမ်ဥစ္စာတွေ ကြွယ်ဝလာသော်လည်း ထိုဒါနပြုစဉ်က ဉာဏ်မပါခဲ့မှုကြောင့် ရလာသည့် စည်းစိမ်ဥစ္စာအပေါ် မာနတက်ကာ သီလပျက်ခဲ့သူတွေကိုလည်း တွေ့ရတတ်သည်။ ထိုသူတို့ကား "အဟောင်းစား"များသာ။ အတိတ်ကုသိုလ်ကံအဟောင်းအရှိန်အဟုန်ကို ထိုင်စားပြီး လူ့ဘဝထဲမှာ လုပ်ချင်ရာလုပ်ကာ ပြန်ထွက်သွားကြသည့် သူများပင်တည်း။ကုသိုလ်၏အကျိုးပေးအရှိန်အဟုန် ကုန်သွားသောအခါ နောက်ထပ်ဘာခံစားခွင့်မှုမရှိတော့။ ထိုသူတို့သည် "ပြုသူအသစ်၊ ဖြစ်သူအဟောင်း"ဆိုသောသဘော အဓိပ္ပါယ်ကိုလည်း နားမလည်။ ထို့ကြောင့် ဒါနသက်သက်ဖြင့်ရလာသော ကုသိုလ်အကျိုးပေးပေါ်မှာ အမှီပြုကာ အကုသိုလ်တွေကို ကျူးလွန်မိတတ်ကြပြန်သည်။ထို့ကြောင့် ဉာဏ်မပါသော ဒါနသည် အကျိုးပေးကောင်းသလိုလိုနှင့် အဆိုးတွေ ထပ်မံရရှိတတ်သည်ကို သတိပြုစေချင်ပါသည်။

ဘုရားလောင်း၏ ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီတို့သည်ကား သဗ္ဗညုတဉာဏ်တော် တစ်ခုတည်းအတွက်သာ ရည်စူး၍အရင်းအနှီးပေးလှူခဲ့



ခြင်းဖြစ်ပါသည်။ စည်းစိမ်ခံစားခွင့်ရဖို့၊ ချမ်းသာတာကို ကြွားဖို့၊ ချမ်းသာခြင်းဖြင့် ဘေးပတ်ဝန်းကျင်အပေါ် အနိုင်ယူဖို့ဟူ၍ စိုးစဉ်းမျှမရှိ။ သြော် . . . ဉာဏ်ယှဉ်၍ ဒါနပြုခြင်းနှင့် ဉာဏ်မပါ ဒါနပြုခြင်းတို့ကား တန်ဖိုးချင်းကွာလေစွ။

ထို့ကြောင့်ပင် ဆရာတော်၊ သံဃာတော်များက "နိဗ္ဗာန်ကို ရည်မှန်းပြီးလှူကြနော်"ဟု အစဉ်ဆုံးမခဲ့သည်သာ။ နိဗ္ဗာန်ကိုရည်မှန်း၍ သံသရာပြတ်ရာ၊ ချုပ်ငြိမ်းရာကို ရည်မှန်း၍ လှူဒါန်းခဲ့လေလျှင် ဘဝရှိသေးပါက တရားဓမ္မတို့ဖြင့် ချမ်းသာစွာနေခွင့်ရပေမည်။ ထိုအခါ "မတရားချမ်းသာသွားပြီ"ဟုလည်း မိမိစည်းစိမ်အပေါ် စွပ်စွဲအပြောအဆိုခံရမှုတို့မှလည်း လွတ်ကင်းသွားပြီ။

ရုပ်ဝတ္ထုပစ္စည်းဖြစ်သည့် စည်းစိမ်ဥစ္စာပိုင်ဆိုင်နေရုံသက်သက်ဆိုလျှင်တော့ မတရားချမ်းသာဖြစ်လိမ့်မည်။ ကုသိုလ်စေတသိက်များရှင်သန်ကာ ဉာဏ်နှင့်ယှဉ်လျက် စည်းစိမ်ဥစ္စာတွေပိုင်ဆိုင်သည်ဆိုပါလျှင် တစ်ဖက်တွင် ဓမ္မအထောက်အကူပါနေသဖြင့် တရားချမ်းသာဖြစ်လိမ့်မည်။

တရားချမ်းသာမှုနှင့် မတရားချမ်းသာမှု မည်သည်ကို အလိုရှိပါသနည်း။ ကြိုက်ရာကိုရွေးနိုင်ပါသည်။ ရွေးချယ်ပိုင်ခွင့်က ကိုယ့်လက်ထဲမှာဖြစ်သည်။

မတရားချမ်းသာလိုပါက အကုသိုလ်မကောင်းမှု

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တို့ဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ၊ သတိမဲ့ ပမာဒ တရားဖြင့်နေပါလေ။

တရားချမ်းသာလိုပါက ကုသိုလ်ကောင်းမှုတို့ဖြင့် မမေ့မလျော့၊ မပေါ့မဆ၊ သတိရှိ အပ္ပမာဒ တရားဖြင့် နေပါလေ။

၁၄–၁၂–၂၀၀၀

❑

# ငြီးငွေ့လာပြီဆိုပါလျှင် ......

ညှိုးလျော်သွေ့ခြောက်မှု။

ပြင်းပြနေသော နေအပူရှိန်၏ နေ့စဉ်ရက်ဆက် ထိတွေ့ခြင်းကြောင့်ဖြစ်ပေါ်လာသည့် ပြယုဂ်။

စိမ်းရွက်ဖြာတို့ တွန့်ကောက်ကွေး၊ ဝါရင့်နွမ်းရွက်တို့ကြွေ၊ မြေပြင်ထက်ကြွေရွက်တို့ ညိုရင့်ခြောက်သွေ့၊ ရက်ရှည်ကြွေရွက်အမျိုးမျိုးတို့ ဆွေးမြည့်ကြေမွ အမှုန့်ဖြစ်၊ ရေစီးမြောင်းတို့ စွတ်စိုမှုမဲ့၊ ရွှံ့ညွန်တို့ခြောက်သွေ့ ပတ်ကြားအက်၊ မြက်ပင်တို့ခေါင်းငုံ့၊ ကိုင်းမြက်ရှည်တို့ ယိမ်းယိုင်မာန်ကျိုး၊ မြေပြင်ပြောင် တလင်းဖြစ်၊ လူသွားလမ်း ဖုန်ဖုန်တို့ပေါ်လာ ဖုန်မှုန့်တွေ လွင့်ပျံ့လှုံ့တက်။

နွေသရုပ်ကို အဖြေထုတ်ကြည့်လျှင် ငြီးငွေ့ဖွယ်။

ပြင်ပသဘာဝမှသည် ခန္ဓာအိမ်သဘာဝဆီသို့

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ပညာအလင်းရောင်ကူးသွားကြည့်ပါက ….။

သတိ၏ရှုမှတ်အား၊ အာတာပီ–ဝီရိယအပူတို့ကြောင့် စိမ်းစိုမာန်ထ ခက်လက်ဝေဖြာကိလေသာတို့သည် ပိန်ချုံးညှိုးခြောက်၊ လွှမ်းလောက်စရာမရှိတော့သော အနေအထားသို့ရောက်လာသည်။ ထိုအခါ ရှုမှတ် အားကောင်းနေသော ယောဂီ၏စိတ်၌ နိဗ္ဗိဒါဉာဏ်သည် အထင်အရှားဖြစ်ပြီ။

ရုပ်၊ နာမ် သင်္ခါရတို့ကို ငြီးငွေ့ခဲ့ပြီ။ တရစပ်ဖြစ်ပျက်နေသော ရုပ်–နာမ် သင်္ခါရတို့သည် အဘယ်မှာလျှင် အဓိပ္ပါယ်ရှိပါတော့မည်နည်း။ ဖြစ်တိုင်းပျက်၊ ပျက်သည့်နေရာ အဖြစ်တစ်ခုအစားထိုးကြည့်ရင်းမှပင် ထိုအဖြစ်အသစ်သည်လည်း မရှိတော့ပြန်။ ပုဂ္ဂိုလ်လည်းမဟုတ်၊ သတ္တဝါလည်းမဟုတ်၊အကောင်အထည်ဒြပ်လည်းမဟုတ်သော ဖြစ်ပျက်မှုသဘာဝကြီးကို တွေ့ရဖန်များသောအခါ ခံစားမှုကြီးက သွေ့ခြောက်ခြောက်နှင့် ငြီးငွေ့စရာကြီးဖြစ်လာသည်။ ဆက်ကြည့်ဖြစ်နေပြန်လည်း သည်“ဖြစ်–ပျက်”ကလွဲလို့ မည်သည့်အသစ်အဆန်းမျှ မြင်ခွင့်မရတော့ပြီကို ယောဂီ၏ဉာဏ်က ရိပ်မိလာသည်။ ထိုအခါ ယောဂီသည် သည်ဖြစ်ပျက် မြင်ခွင့်ရနေခြင်းကို စွန့်ပယ်ချင်လာသည်။ သံသရာလမ်းဆုံ–လမ်းခွဲသို့ရောက်လာပြီ။

သို့သော် သည်နေရာတွင် မမေ့မလျော့ မပေါ့မဆသော “အပ္ပမာဒ”သတိတရားသည် အရေးကြီးလာပြီ။



အချိန်အငိုက်၊ သတိအငိုက်၊ ဝီရိယအငိုက်ကို ယူ၍ “ပမာဒ”တရားသည် သွေ့ခြောက်ညှိုးလျော်စပြုနေသော ကိလေသာတို့ကို စိမ်းစိုလန်းဆန်းအောင်ပြုလုပ်ပေးလိုက်သည်။ ယောဂီသည် အာရုံပြောင်းသွားသဖြင့် ကျေနပ်သလိုဖြစ်သွားသည်။“ပမာဒ”မိုးစက်တို့ ဆွတ်ဖျန်းလိုက်သောအခါ စိမ်းရွက်ဖြာ ကိလေသာတို့ ဖြန့်ဆန့်လန်းဆန်းလာသည်။ ဝါရင့်နွမ်းရွက်တို့ဖြစ်ခွင့်မရတော့။ ရေစီးမြောင်းတို့ တစ်သွင်သွင်စီးခဲ့ပြီ။ မြက်ပင်စိမ်းစိမ်းတို့ ခေါင်းထောင်လာပြီ။ ကိုင်းရွက်ရှည်တို့ ရှန်းထမာန်ကြွလာပြီ။ ယောဂီသည် စိမ်းစိုလန်းဆန်းသောမြင်ကွင်းသစ်ကို ကြည့်၍ ငြိတွယ်သောစိတ်အသစ်ဖြင့် လတ်ဆတ်သောလေတို့ကို တဝကြီးရှူပစ်လိုက်သေးသည်။ ထိုအခါ အခါအခွင့်သင့်၍ပေါ်လာသော နိဗ္ဗိဒါဉာဏ်သဘောသည် ရှိုးရှိုးကလေး နောက်သို့ ဆုတ်ခွာခဲ့ရပြီ။

ကြည့်တတ်လျှင် ဘာဝနာချည်းဖြစ်သည်။ မကြည့်တတ်လျှင်တော့ တဏှာချည်းဖြစ်သည်။ သဘာဝတရားထဲမှ ဘယ်ထောင့်ဘယ်နေရာက ဆွဲထုတ်၊ ဆွဲထုတ် “အပ္ပမာဒ”တွေချည်း ကိန်းဝပ်နေသည်။ဆွဲထုတ်၍မကုန်။ နွေသရုပ်ကို အဖြေထုတ်ကြည့်ရာမှ “အပ္ပမာဒ” နှင့် “ပမာဒ”တို့ စိတ်၏နယ်ပယ်သို့ ပိုင်စိုးဖို့ကြိုးစားကြရာတွင် မည်သူ့ကို နေရာပေးမည်နည်း။ ယောဂီ၏အဆုံး

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အဖြတ်ပင်ဖြစ်သည်။

ညိုးလျော်ခြောက်သွေ့မှုကို ငြီးငွေ့ဖွယ်ရာရှုမှတ်နေရင်းမှ မည်သည့်မြင်ကွင်းအပြောင်းအလဲကိုမျှ မမျှော်မခေါ်ပါဘဲ "အပ္ပမာဒ"သတိတရားဖြင့် တစ်ဆက်တစ်စပ်တည်း ရှုမှတ်သွားမည်ဆိုလျှင် ....။

**၁၂-၁-၂၀၀၁**

❑

# ကျွတ်

မှတ်သုန်မိုးစက်တွေ ဝေ့ဝဲပြီဆိုလျှင် ခြောက်သွေ့ဝပ်စင်းနေသော မြက်ခြောက်တို့ စိမ်းစိုနိုးထလာတော့မည်။ထိုအခါ စိမ်းစိုစမြက်ပင်တွေကြားထဲတွင် တစ်နွေလုံး ဘယ်ဆီရှောင်ပုန်းနေမှန်းမသိသော သတ္တဝါတစ်မျိုးသည် ပေါက်ဖွားရှင်သန်လာဦးမည်။

"ကျွတ်"

ဝေါဟာရ စကားလုံးတစ်လုံးတည်းဖြင့် အဓိပ္ပါယ်တွေအများကြီး ဖော်ဆောင်နေသည်။ စကားလုံးပိုင်ရှင် အနှိုသတ္တဝါကို သေချာလေ့လာကြည့်မိပါက စိတ်ဝင်စားစရာ၊ ပျော့ပျောင်းနူးညံ့၊ ကျောရိုးမဲ့သတ္တဝါ။ လူ့သွေး၊ တိရစ္ဆာန်သွေးတို့ကို စုပ်ယူ၍ အသက်ရှင်တတ်သောသဘာဝ။ တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းသွားလာပုံကိုကြည့်၊အင်တင်နာသဖွယ် ခန္ဓာရှေ့စွန်းကိုမြှောက်၍ အမှီအတွယ်တစ်ခုကို ထောင်၍ရှာဖွေသည်။ ခြေကုပ်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရမှ၊ ရှေ့ခြေကုပ်မြဲမှ ခန္ဓာနောက်စွန်းကို ခြေကုပ်နေရာမှ စွန့်သည်။ပြီးလျှင် နောက်ခန္ဓာအစွန်းသည် အခြားနေရာသို့ မသွား။ ခြေကုပ်သေချာ၊ ဘေးအန္တရာယ်တို့လုံခြုံနေသော ရှေ့ခန္ဓာအစွန်းဆီသို့ လာရောက်ပူးပေါင်းသည်။ နောက်ခန္ဓာအစွန်းသည် ခြေကုပ်နေရာသေချာပြီဆိုသောအခါမှ ရှေ့ခန္ဓာအစွန်းက နောက်ခြေကုပ်တစ်ခုကိုထပ်ရှာ၏။မြဲလျှင် နောက်အစွန်းက နေရာရွှေ့၊ရှေ့ကအစွန်းက နောက်ထပ်တစ်နေရာထပ်ရှာ၊ အတိုင်းအဖောက်ညီညီ ရွေ့လျားနေမှု ....။

အနိုသတ္တဝါ၏ လှုပ်ရှားသွားလာမှုသဘာဝကို သေသေချာချာကြည့်မိမှ ထိုသတ္တဝါနာမည်ရခဲ့ပုံကို တွေးကြည့်မိ၏။သူ့ခမျာ သူ့ပညတ်အတိုင်း တကယ်ကျွတ်ကျွတ် လွတ်လွတ် ရှိပါသေးရဲ့လား။ မရှိပါ။ သူသည်လည်း (၃၁)ဘုံသားဖြစ်၍ ဘယ်မှာကျွတ်လွတ်နိုင်ပါအံ့နည်း။ ပြီးတော့ သူသည် တစ်ဖက်လွတ်သွားရုံနှင့် "ကျွတ်"သွားသည်ဟု မပြောနိုင်။ ခြေကုပ်တစ်ဖက်က အမြဲတမ်းရှိနေသည်မဟုတ်လား။ အမည်ပညတ်ကသာ "ကျွတ်"။လုပ်ဆောင်ချက်ကတော့ တွယ်တာလိုက်သည်မှာ မပြောပါနှင့်တော့။

ထိုသတ္တဝါ၏လှုပ်ရှားမှုမှသည် ခန္ဓာဆီသို့လှမ်းကြည့်မိသောအခါ ....

အာရုံတစ်ခု၊ စိတ်တစ်ခု၊ အာရုံအပေါ်၌စိတ်ကို



မှီ။ စိတ်ဖြစ်တိုင်းလည်း အာရုံနှင့်မကင်း။ နေရာအပြောင်းအလဲ၊ အာရုံအပြောင်းအလဲကို စိတ်ကကြိုက်သည်။နေရာအသစ်၊ အာရုံအသစ်ကို စိတ်က အမြဲရှာဖွေနေသည်။ များပြားလှသော အာရုံတွေကြောင့် စိတ်ကမငြိမ်၊ ရင်ခုန်၊ လှုပ်ရှား၊ ပင်လယ်ရေသောက်ရသလို ရေငတ်မပြေ။ အာရုံတွေတစ်ခုပြီးတစ်ခု ပြောင်းလဲခံစားနေသောစိတ်။ ရပ်နားခြင်းဖြင့်၊ ငြိမ်သက်၊ ငြိမ်သက်ခြင်းဖြင့် ငြိမ်းချမ်း၊ ငြိမ်းချမ်းခြင်းဖြင့်ချမ်းသာ စသောသဘောတရားကို လှုပ်ရှားဖောက်ပြန်နေသော စိတ်က နားမလည်၊ တစ်နည်းအားဖြင့် အာသာမပြေနိုင်သော သွေးစုပ်လိုမှုရမ္မက်က လွှမ်းမိုးနေတော့မခက်လား။

"ကျွတ်"ခန္ဓာ၏ ရှေ့စွန်းနှင့်တူသောအာရုံ။ "ကျွတ်"ခန္ဓာ၏ နောက်စွန်းနှင့်တူသောစိတ်။ သွေးစုပ်လိုသောရမ္မက်နှင့်တူသော "တဏှာ"။ ရှာဖွေခြင်း၊သွေးစုပ်ခြင်းတို့အပေါ်၌ မသိနားမလည်သော "အဝိဇ္ဇာ"။ ထို့ကြောင့်ပင် မရပ်မနားရှာဖွေနေခြင်းတည်းဟူသော "သံသရာ့သားကောင်"ဘဝသို့ ရောက်မှန်းမသိရောက်နေရသည့်ဘဝများ။ ထို့ကြောင့်ပင် တဏှာ၊ အဝိဇ္ဇာမှ "ကျွတ်"ပြီ၊ "လွတ်"ပြီဟူသော ဥဒါန်းစကားကို သံသရာချစ်ခင် လူသားအနွယ်ဝင်တို့ မကျူးရင့်နိုင်ကြခြင်းပင်။

အကယ်၍သာ သံသရာမှ "ကျွတ်ပြီ၊လွတ်ပြီ" ဟူသော ဥဒါန်းစကားကို ဘုရားရှင်ကျူးရင့်နိုင်သကဲ့သို့

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘုရားရှင်၏ တပည့်သားပီသစွာ ကျူးရင့်နိုင်အောင် မမေ့မလျော့၊ မပေါ့မဆသော အပ္ပမာဒသတိတရားတို့ဖြင့် ကျင့်ကြံကြိုးစား အားထုတ်သွားမည်ဆိုပါလျှင် ....။

၃၁–၁–၂၀၀၁

❑

# လွန်ဆွဲခြင်း

သာသနာတော်နှစ် တစ်နှစ်ကူးလေတိုင်း ဘုရားရှင်ကို သတိရတမ်းတစိတ်က အတိုင်းအဆမရှိ ပိုလာစမြဲ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့သည်မှာ နှစ်ပေါင်း(၂၅၄၅) နှစ်ရှိလာခဲ့မှပဲ။အကယ်၍ ဘုရားရှင်သာ အာယုကပ်ပတ်လုံး တည်တော်မူခဲ့ပါလျှင် ယနေ့မျက်မှောက်ကာလကို ကြည့်၍ သဗ္ဗညုတဉာဏ်တော်ဖြင့် မည်သို့သုံးသပ်ရှုမြင် ဆုံးမတော်မူမည်မသိ။

ဝိမုတ္တိယုဂခေတ် သို့မဟုတ် ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်နေသကဲ့သို့ ဖြစ်တည်နေသောကာလ။ "ဝိမုတ္တိယုဂခေတ် တစ်ကျော့ပြန် ပရမတ်သံကြားရချည်လေး" ဟူသော အဆိုအမိန့်အရ သာသနာနှစ်(၂၅၀၀)ကျော်လာသောအခါ ဝိမုတ္တိယုဂခေတ်သို့ ပြန်ရောက်သကဲ့သို့ရှိမည်ဟု မှတ်သားရ၏။ ထိုအဆိုအမိန့်ကား တစ်စိတ်တစ်ပိုင်းမှန်နေပေပြီ။ မြန်မာပြည်နေရာအနှံ့ ကမ္မဋ္ဌာန်းကျောင်းတိုက်များ၊ ဝိပဿနာနည်းနိဿယများ၊ ပါရမီအသီးသီး

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နှင့် ကမ္ဘဋ္ဌာနာစရိယများ လှုပ်ရှားသက်ဝင်ပေါ်ထွက်လာ၏။

သို့သော် တစ်ဖက်မှလည်း ပုထုဇဉ်လူသားတို့၏ တဏှာ၊ မာန၊ ဒိဋ္ဌိအပေါ်အခြေပြု၍ သာသနာ့ရန်စူး ရန်ငြှောင့်များစွာသည် ဆေးဆိုး၊ ပုံဖျက်၊ အရောင်လက် ဟန်ဆောင်၍ "ဟုတ်နိုးနိုး"အယူအဆမျိုးစုံကို နောက်ဖေး ပေါက်မှတစ်ဆင့် လိုမ့်သွင်းလာလေသည်။ ထိုအခါ ကိုးကွယ်ယုံကြည်မှုများသည် ရတနာသုံးပါးဆီသို့ဦးမတည် တော့။ ဘဝသံသရာက ပါလာခဲ့သော မိမိတို့၏တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကိုပင် ပြန်လည်ကိုးကွယ်သလိုဖြစ်နေပြန် တော့သည်။

သာသနာမျက်နှာဖုံးစွပ်၍ ပုထုဇဉ်အကြိုက် တဏှာ၊မာန၊ ဒိဋ္ဌိဘက်က ဆွဲဆောင်စည်းရုံးပါက ပုထုဇဉ် ပရိသတ်တို့ကား ဒုန်နဲ့ဒေးပြုခဲ့အုံ့တိုး။ အကြိုက်မျိုးစေ့တွေ ချကြဲမှာမလွဲ။ သို့သော် အချိန်တန်က သံသရာထဲ ခန္ဓာ ဝန်ထုပ်စွဲလျက် တပြောင်းပြောင်းတပြန်ပြန် လည်ကြ ခံကြရဦးမည်သာ။ စည်းရုံးသိမ်းသွင်းသူက ဘာကြောင့် ဘယ်လိုပုံသွင်းသွင်း အစည်းအရုံးခံ ပုထုဇန်(ပုထုဇဉ်)တို့ ကား ဉာဏ်မတည်ထောင်ထားလျှင် အလွယ်အကူမျောပါ သွားပေမည်။

ဉာဏ်ထူထောင်ထားဖို့ သတိရှိဖို့လိုသည်။
သတိရှိလျှင် ဉာဏ်ဖြစ်မည်။ ဉာဏ်ပေါ်မည်။



ဉာဏ်မဖြစ်သေးသရွေ့ ဉာဏ်မပေါ်သေးသရွေ့ အသိနှင့်ဉာဏ် မတွဲဖက်နိုင်သေး။ အသိနှင့်ဉာဏ်မတွဲဖက် နိုင်သေးသရွေ့ "အသိဉာဏ်"မဖြစ်နိုင်သေး။

အသိနှင့်ဉာဏ် တွဲဖက်နိုင်ဖို့ ကိလေသာတွေကို ခွာချဝေးကွာစေဖို့အတွက် ကုသိုလ်တရားမှန်သမျှ၌ မမေ့ မလျော့ခြင်းဟူသော အပ္ပမာဒသတိကို စက္ကန့်မလပ် ထူ ထောင်လေ့ကျင့်နေရပေမည်။ သို့သော် ကုသိုလ်တရားတို့ ၏ အဆင့်အမြင့်ဆုံးဦးတည်ရာ ပန်းတိုင်ဖြစ်သည့် သံသရာချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းသည့် နိဗ္ဗာန်ကိုတော့ မျက်ခြည်မပြတ်ဖို့ အရေးကြီးသည်။

သို့မဟုတ်ပါက လူ၊ နတ်၊ ဗြဟ္မာ ကောင်းကျိုး ချမ်းသာ သုဂတိဘုံ၌ အသွားသွား အပြန်ပြန် အဆင်းဆင်း အတက်တက်ဟူသော အကျိုးပေးမှုနှင့် နှစ်သိမ့်ကျေနပ် နေမိပေလိမ့်မည်။

"လက်ဖျစ်တစ်တွက်သော ဘဝကလေးရ နေ ခြင်းကိုပင် ငါဘုရားနှစ်သက်တော်မမူ"ဟူသော ဘုရားရှင်၏ အဆုံးအမကို မမေ့မလျော့သော အပ္ပမာဒသတိတရားဖြင့် အမြဲရှုမှတ်ဆင်ခြင်ပွားများနေမိပါက ...။

**၁၅-၃-၂၀၀၁**

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## မရှိတာထက် မသိတာခက် ......

"မရှိတာထက် မသိတာခက်သည်"ဟူသော စကားရပ်ကို ကြားခဲ့ဖူးသည်။

သာမန်လူမှုကိစ္စများ ဖြေရှင်းရာတွင် ထိုစကားရပ်ကို မကြာခဏသုံးစွဲခဲ့ဖူးသည်။ အလိုက်မသိတတ်သည့် သူတို့ကို ရည်ရွယ်ပြောဆိုရသည့်အခါမျိုး၌ ပိုမိုသုံးစွဲဖြစ်ခဲ့သည်။

ဓမ္မနှင့် သက်ဆိုင်သောအာရုံနှင့် ဓမ္မဆိုင်ရာ အသိအမြင်တွေကို အချိန်ယူကြိုးစားအားထုတ် ထူထောင်သောကာလ၌ ထိုစကားရပ်၏ အဓိပ္ပါယ်သည် ပိုမိုလေးနက် အသက်ဝင်လာ၏။ အထူးသဖြင့် ခန္ဓာအိမ်အပေါ်၌ ထားရှိသော သဘောထားအယူအဆ။

အရှိတရားဟု ထင်နေရသော ခန္ဓာအိမ်အတွင်း အပြင်ကို အာရုံညွတ်ကြည့်ကြပါစို့။

သမ္ပတိအခေါ်အရ အမည်နာမ(၃၂)မျိုး ခွဲခြား

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မှည့်ခေါ်ထားသော လူတစ်ဦးချင်းစီ၏ ခန္ဓာအိမ်အတွင်း အပြင် ပစ္စည်းများ။ တစ်နည်းအားဖြင့် (၃၂)ကောဋ္ဌာသ အစိတ်အပိုင်းများ။ တစ်ခုချင်းစီ၌ ကိုယ့်နာမည်မရှိတာက သေချာသည်။ တစ်ခုချင်းစီကို သီးသန့်ခွဲခြား၍ ပိုင်ဆိုင်မရတာလည်းသေချာသည်။ အစိတ်အပိုင်းအားလုံးကို ခြုံငုံ၍ ကိုယ်စားပြုအဖြစ် အမည်နာမတစ်မျိုးမှည့်ခေါ်လိုက်သည်။ မောင်–ဘယ်သူ၊ မ–ဘယ်သူ။ ဒါတောင် သည်နာမည်သည် ကိုယ်မွေးစဉ်က ကိုယ်နှင့်အတူပါလာခြင်းမဟုတ်တာလည်း သေချာနေပြန်ပါသည်။ အများထဲမှာ ခွဲခြား၍ခေါ်နိုင်အောင် သမုတ်ထားခြင်းမဟုတ်လော။ တစ်နည်းအားဖြင့် ‘ပညတ်’ ...။

‘ပညတ်’ကို သေသေချာချာလေ့လာကြည့်တော့ ‘မရှိ’ခြင်းဆိုသည်မှာ တစ်စထက်တစ်စ ထင်ရှားလာသည်။သို့သော်‘ပညတ်’အခေါ်အဝေါ် အစုအဖွဲ့တွေ၏နောက်ကွယ်၌ တကယ်အရှိတရားတွေ ရှိနေသည်။ ထိုအရှိတရားသည် သဘာဝသက်သက်။ သဘောတရားသက်သက်။ တရားသဘောသက်သက်။ တစ်နည်းအားဖြင့် ‘ပရမတ်’။

‘ပရမတ်’ ကို ‘ပညတ်’က ကွယ်နေသည်။ အဘယ့်ကြောင့်နည်း။ မွေးစကတည်းက ဟိုးသံသရာဘဝအဆက်ဆက်ကတည်းက ‘ပညတ်’နှင့် နေခဲ့သောအကျင့်



‘ပညတ်’ အာရုံပြုခဲ့သောအကျင့်တွေက စွဲမြဲသန္ဓေတည်ခဲ့သည်ကိုး ...။

သည်တော့ ‘မရှိခြင်း’ကို ‘အရှိ’ဟုထင်သော အမြင်သည် ထင်ကျန်နေတော့၏။ ပုထုဇဉ်တို့သည် ထိုအမြင်ကိုပင် မှားသည်ဟု မယူဆ။အမှားချည်းသက်သက်နှင့် အသက်ရှင်နေခြင်းကိုလည်း နှစ်သက်နေပြန်၏။ အသိမှား၊ အမြင်မှား၊ အမှတ်မှား၊ ဝိပလ္လာသတရားများ။

‘အရှိ’ ပရမတ်ကို မရှိ ‘ပညတ်’ဖုံးနေသည့်အတွက် သံသရာသားကောင်ဖြစ်မှန်းမသိ ဖြစ်နေရသောဘဝကို ပုထုဇဉ်တို့သည် မရိပ်မိကြ။ ဘုရားရှင်၏ ‘အပ္ပမာဒ’အဆုံးအမကို နာခံ၍ ကျင့်ကြံကြိုးစား အားထုတ်သူတို့သည် ဘုရားရှင်ကဲ့သို့ပင် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းခဲ့ကြကုန်ပြီ။ ထို့ကြောင့် ‘မရှိ ပညတ်’ရနေခြင်းက သည်မျှအရေးမကြီး။‘မရှိ ပညတ်’မှန်း မသိတာက ပိုအရေးကြီးနေသည်။ တစ်နည်းအားဖြင့် အရှိတရားကို အသိမှန်နှင့်မသိနိုင်သော မေ့လျော့နေသည့် ‘ပမာဒ’ တရားက ပို၍ဆိုးဝါးနေသည်။ ‘မသိဆိုးဝါး’လွန်းလှပါတကား။ အရှိတရားဆိုသည့် ပရမတ်အာရုံကလည်း သေချာကြည့်လိုက်သောအခါ ဖြစ်ပြီးပျက်နေသည်သာ။ ‘မရှိ’ကိုကျော်၍ ‘အရှိ’ကို ကြည့်မြင်မိမှပင် ‘မရှိခြင်း’ကို ပို၍ သဘောပေါက်မိသည်။ သည်တစ်ခါတွေ့မြင်ရသည့်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မရှိခြင်းတရားကတော့ ထူးခြားလေးနက်လှသည့် 'မရှိ ဓမ္မ'သဘောပါလား။ ထို့ကြောင့်ပင် 'မရှိ'တာသိလျှင် မခက်တော့ပြီတည်း။

၂၃-၄-၂၀၀၁

❑

# အနှစ်သာရမဲ့စွာ .....

ကမ်းခြေကျောက်ဆောင်ကို ပင်လယ်လှိုင်းတို့ ထိခိုက်ရာမှဖြစ်ပေါ်လာသော 'ရေမြှုပ်'တို့ကို မြင်လေ တိုင်း၊

ရေမျက်နှာပြင်ပေါ်သို့ မိုးရေစက်တွေကျရာမှ ဖြစ်ပေါ်လာသော 'ရေပွက်'တို့ကို မြင်လေတိုင်း၊

နွေနေ့လယ် အပူရှိန်ကြောင့် လမ်းမပေါ်၌တွေ့ ရတတ်သော အပူလှိုင်း 'တံလျှပ်'တို့ကို မြင်လေတိုင်း၊

ငှက်ပျောပင်၊ ငှက်ပျောတုံးကို တစ်ဆင့်ပြီး တစ် ဆင့်၊ တစ်ရစ်ပြီးတစ်ရစ် အခွံခွာကြည့်သည့်အခါ အတွင်း သားမရှိခြင်းကို မြင်လေတိုင်း၊

လမ်းဘေးမျက်လှည့်ပွဲများ၌ မျက်လှည့်အတတ် ပညာရှင်တို့၏ လှည့်ဖြားတတ်သော အတတ်ပညာကို မြင်လေတိုင်း၊

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘုရားရှင်ဟောကြားတော်မူသည့် ခန္ဓာငါးပါး၏ သဘောသရုပ်ကို ကွင်းကွင်းကွက်ကွက်သတိရမိသည်။

ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှုသည် 'ရေမြှုပ်'နှင့်တူသည့် ရူပက္ခန္ဓာ။

ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုသည် 'ရေပွက်'နှင့်တူသည့် ဝေဒနာက္ခန္ဓာ။

မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှုသည် 'တံလျှပ်'နှင့်တူသည့် သညာက္ခန္ဓာ။

စေ့ဆော်တိုက်တွန်းတတ်သော သဘောအစု ဖြစ်ပျက်မှုသည် 'ငှက်ပျောတုံး'နှင့်တူသည့် သင်္ခါရက္ခန္ဓာ။

သိတတ်သော သဘောအစုဖြစ်ပျက်မှုသည် 'မျက်လှည့်'နှင့်တူသည့် ဝိညာဏက္ခန္ဓာ။

အားလုံးသည် သဘောအစုမျှသာ။ ဖြစ်ပျက်မှု သဘောတွေသာ။ အပေါင်းအစု၊ အဖွဲ့အစည်းတွေသာ ဖြစ်သည်။ ပေါင်းစုဖွဲ့စည်းနေသောအခါ 'အား'ဆိုသည့် သဘောတစ်ခုဖြစ်ပေါ်လာ၏။ တစ်စစီဖြုတ်ကြည့်လိုက်သောအခါတွင်မူ 'အား'တို့ ပျက်ပြယ်ပြီတည်း။ တစ်ခုချင်း၊တစ်စချင်း၌ ပင်ကိုယ်သတ္တိတစ်ခုစီ ရှိနေသော်လည်း စုဖွဲ့၍မထားပါက ဘာမျှစွမ်းပကား မရှိတော့။ တစ်ခုချင်း၊ တစ်စချင်းစီ၏ လှုပ်ရှားသက်ဝင် ဖြစ်ပေါ်ပြောင်းလဲမှုတို့



ကား 'အား'ဟူ၍ပင် မဆိုနိုင်၊ စွမ်းပကားဟူ၍ မပြနိုင်။ သတ္တိဟူ၍ပင် မထင်ရှား။ ပေါင်းစပ်စုဖွဲ့လေမှပင် သတ္တိတို့၊ စွမ်းပကားတို့၊ အားတို့ဟူသည် ဖြစ်ပေါ်လာစမြဲ။

ခန္ဓာကိုယ် သို့မဟုတ် ခန္ဓာအိမ်အပေါင်းအစပ် အစုအဖွဲ့ကြီးကို တစ်စစီ၊ တစ်ခုစီ ခွဲခြမ်းစိတ်ဖြာကြည့်၊ ပေါင်းစပ်စုဖွဲ့နေသော သဘောကို တစ်စစီစိတ်ဖြာရင်းမှ မြင်အောင်ကြည့်။ နောက်ဆုံး အမှုန်အမွှားအဆင့်အထိ မြင်အောင်ကြည့်။ ခန္ဓာငါးပါးကိုပင်လျှင် ရုပ်နာမ်နှစ်ပါး အဆင့်အထိ မြင်အောင်ကြည့်။ ရုပ်နာမ်နှစ်ပါးကိုပင် ဖြစ်ပျက်အဆင့်အထိ မြင်အောင်ကြည့်။ ရုပ်ဖြစ်စေ၊ နာမ် ဖြစ်စေ အကြောင်းတိုက်ဆိုင်မှုဖြစ်လာ။ ပြီးတော့ ပျက်သွား။ ဖြစ်ပျက်–ဖြစ်ပျက်နှင့်ကြာတော့ အနှစ်အရသာမရှိပါလားဆိုတာ ရိပ်မိလာမည်။ ထိုအခါ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသော ကနဦးက သဏ္ဌာန်ကွဲသည်ဟူသော အထင်သည် လုံးဝပျောက်သွားတော့မည်။တစ်ဖန် ဖြစ်ပျက်သဘာဝပင်လျှင် ကြည့်ရင်းမှ ကြာတော့ အဖြစ်ကိုပင် မတွေ့နိုင်တော့။ အပျက်တွေချည်းပဲ တွေ့တော့မည်။ အနှစ်သာရမရှိသည့် သဘောသည် ပိုမိုပေါ်လွင်လာပြီ။ထိုအခါ ဘာကိုတွယ်တာ၍ နေတော့မှာလဲဟူသော ဉာဏ်သည် ထင်ရှားလာသည်။ဘဝသံသရာမှာ ခန္ဓာအမျိုး

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မျိုးလဲ၍ ရခဲ့သမျှ ဤအနှစ်သာရမရှိသည့် သဘောသဘာဝကိုပဲ ရခဲ့တာပါလားဟု ထင်ရှားသိမြင်လာလျှင် ……။

သို့သော် ထိုနေရာအရောက်တွင် အပ္ပမာဒသတိတရားကို အရှိန်မြှင့်၍ ဆက်ကြည့်ရန်လည်း မမေ့လိုက်ပါနှင့်ဦး။

၅-၅-၂၀၀၁

❑

# "ငါ"ကို ရှာဖွေခြင်း

မျက်စိဖြင့်မြင်ရသော အရာဝတ္ထုမှန်သမျှကို 'အဆင်း'ဟု အဘယ့်ကြောင့် မသတ်မှတ်မိကြပါသနည်း။ နှလုံးမသွင်းမိကြပါသနည်း။ ထိုနည်းတူ နားဖြင့်ကြားရသမျှကို 'အသံ'ဟုလည်းကောင်း၊ နှာခေါင်းဖြင့် ရှူရှိုက်မိသမျှကို 'အနံ့'ဟုလည်းကောင်း၊ လျှာပေါ်တင်မိသမျှကို 'အရသာ'ဟုလည်းကောင်း၊ ကိုယ်ခန္ဓာနေရာအနှံ့ အပြားနှင့် ထိတွေ့မိသမျှကို 'ထိတွေ့မှု'ဟုလည်းကောင်း၊ စိတ်ဖြင့်ကြံစည်တွေးတောမိသမျှကို 'ကြံသိမှု'ဟုလည်းကောင်း နှလုံးမသွင်းမိကြသည်မှာ အဘယ့်ကြောင့်နည်း။

မြင်ရ၊ ကြားရ၊ နံ့ရ၊ ထိတွေ့ရသောအရာမှန်သမျှကို 'အာရုံ'ဟု နားမလည်ခြင်းပင်တည်း။

'အာရုံ'ဟူသည် ခန္ဓာပြင်ပဘက်ဆီမှ ခန္ဓာပေါ်ရှိ 'အာရုံခံကိရိယာများ'ကို လာရောက်တိုက်ခိုက်သည့် 'အတိုက်ခံ'။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခန္ဓာပေါ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသည့် အာရုံခံကိရိယာများသည်ကား 'အခံဓာတ်'။

'အခံဓာတ်' နှင့် 'အတိုက်ဓာတ်'တို့ ဆုံလေသော် 'အပွင့်ဓာတ်'ဖြစ်သည့် မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ ရသာသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်စသည်တို့ ဖြစ်ပေါ်လာ၏။ အားလုံးသည် ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်ကိစ္စကိုယ်ဆောင်ရွက်နေကြခြင်းမျှသာ။ သည်နေရာတွင် မည်သူကဝင်၍ ဗျာများ ယောက်ယက်ခတ်ဖြစ်နေသနည်း။

'ငါ' ...။

ကိုယ်ပိုင်အလုပ်ဟူ၍ တစုံတစ်မျှမရှိသော၊ ဘယ်နေရာ၌ ဘာတာဝန်မျှမရှိသော၊ ဆောင်ရွက်စရာကိစ္စဟူ၍ ခြူးတစ်ပြားမျှမရှိသော၊ ထိုထိုသော 'ငါ'ကို ယောက်ယက်ခတ်ဗျာများအောင် မည်သူက မြှောက်ပေးလိုက်ပါသနည်း။

သစ္စာလေးပါးကို မသိသော၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်တို့ကိုမသိနိုင်သော 'အဝိဇ္ဇာ'က မြှောက်ပေးလိုက်ခြင်းပင်တည်း။ သူ့ကိစ္စ၊ သူ့တာဝန်အသီးသီးလုပ်နေသော နေရာမှန်သမျှ၊ အလုပ်ကိစ္စမှန်သမျှကို “မင်းဝင်စွက်ကွာ၊ အားလုံး မင်းနဲ့ဆိုင်တယ်၊ အားလုံးမင်းပိုင်တယ်၊ အားလုံး မင်းအလိုကျဖြစ်စေရမယ်’ဟု'အဝိဇ္ဇာ'က မြှောက်ပေးသည်။ ခင်မင်၊ စွဲလမ်း၊ တပ်မက်တတ် သော



'တဏှာ'က နောက်က အရိပ်အဖြစ်လိုက်ပါလာသည်။ ထိုအခါ မသိသူ၊ စွဲလမ်းတပ်မက်သူတို့၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့် ပြုမူဆောင်ရွက်ချက်တွေ ဖြစ်လာသည်။

“သင်္ခါရ” ပါးစပ်က ပြောသောအခါ ဝစီသင်္ခါရ၊ ကိုယ်ဖြင့်ပြုလုပ်သောအခါ 'ကာယသင်္ခါရ'၊ စိတ်ဖြင့်ကြံစည်သောအခါ'မနောသင်္ခါရ'။ပြုမူဆောင်ရွက်သမျှ'ငါ' မပါမပြီးဖြစ်တော့သည်။ 'ငါ'သည် မသိမှုအဝိဇ္ဇာ တိုက်တွန်းမှုကြောင့် အသားတံဆိပ်ကြီး ရိုက်နှိပ်ထားသလို နေရာတကာပါတော့သည်။ ကြာတော့ 'ငါ'မပါလျှင်ပင် အဓိပ္ပါယ်မဲ့သလို၊ ဟာတာတာဖြစ်သလို ခံစားရတော့သည်။

အပ္ပမာဒ သတိတရားဖြင့် 'ငါ'ဟူသော သက္ကာယဒိဋ္ဌိစွဲကို ပယ်နုတ်သည့် သတိဆိုင်ရာလေ့ကျင့်ခန်းတွင် မရှိဘဲနှင့်ရှိယောင်ဆောင်သော 'ငါ'သည် အလူးလူး အလိမ့်လိမ့်ခံရ၏။ အပေါင်းအသင်းမှားခဲ့သော ကာယကံရှင်ပါ အဆစ်ပါလေတော့သည်။ နေရာအပေးမှား၊ အပေါင်းအသင်းမှားခဲ့သည်ကို၊ အဟုတ်ထင်၍ လူတွင်ကျယ်လုပ်ချင်သူကိုမှ အိမ်ဦးခန်းတင်ထားမိခဲ့သည်ကို၊ ထိုသို့ 'ငါ' နှိမ်နင်းပွဲကြီး ပြီးဆုံးလေမှ မျက်စိအကြည်ဓာတ်သည်ကား အကြည်ဓာတ်မျှသာ၊ အဆင်းသည်ကား အဆင်းမျှသာ။ မျက်စိအကြည်ဓာတ်နှင့် အဆင်းဆုံမိ၍ အခိုက်အတန့်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြစ်လာသော မြင်သိစိတ်သည်လည်း ပေါ်လာပြီး (ဖြစ်လာပြီး) ပျောက်သွားသည်။ (ပျက်သွားသည်)သာဟု နှလုံးသွင်း မှန်သွားမည့် ပညာဉာဏ်သည် ဖြစ်ပေါ်လာပေမည်ဟု ....။

၈-၅-၂၀၀၁

❑

## ဌာန (၆)ပါး အလုပ်များသော ....

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသည် အများသုံးဝေါဟာရ။

ဓမ္မအသုံးအနှုန်းအားဖြင့်မူ "သဠာယတန"။ အတွင်းအာယတန (၆)ပါးဟုလည်းခေါ်၏။ ဓာတ်အားဖြင့်မူ အခံဓာတ် (၆)ပါး။

အပြင်အာယတန (၆)ပါးမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာတို့ဖြစ်၏။ ဓာတ်အားဖြင့်မူ အတိုက်ဓာတ် (၆)ပါး။

အတွင်းအာယတန(၆)ပါး (သို့မဟုတ်) အခံဓာတ် (၆)ပါးနှင့် အပြင်အာယတန (၆)ပါး (သို့မဟုတ်) အတိုက်ဓာတ် (၆)ပါးတို့ဆုံလေသော် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်၊ တွေးတောကြံစည်စိတ်စသည့် အပွင့်ဓာတ် (၆)ပါးတို့ ဖြစ်ပေါ်လေ၏။ ဤကား ဓမ္မနိယာမ။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စူးစူးစိုက်စိုက် လေ့လာမိသောအခါ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် ခန္ဓာတစ်ခုတည်းပေါ်တွင် သူ့နေရာနှင့်သူ၊ သူ့အလုပ်သူလုပ်နေကြပုံကို ထင်ထင်ရှားရှားသိမြင်လာသည်။ မျက်စိသည် အသံကိုကြား၍မရ။ ထို့နည်းတူ နားသည်လည်း ပြင်ပအဆင်းဝတ္ထုရုပ်ကို မြင်၍မရ။ နှာခေါင်းဖြင့်လည်း ထမင်းစား၍မရ၊ ပါးစပ်ဖြင့်လည်း အနံ့ကို မရ။ ခန္ဓာကိုယ်နေရာအနှံ့ အထိအတွေ့တွင်လည်း ထိခြင်းဖြင့်သာ သိနိုင်ပြီး လျှာကဲ့သို့အရသာခံ၍ မရပြန်။ သို့သော် သူတို့တွေအသီးသီး တစ်နေရာစီမှာ လုပ်ဆောင်ချက်မှန်သမျှကိုမူ 'စိတ်'က သိနေ၏။ ထို့ကြောင့် မျက်စိ၏ မြင်ခြင်းနှင့်တွဲစပ်၍ မြင်သိစိတ်၊ နား၏ကြားခြင်းနှင့်တွဲစပ်၍ ကြားသိစိတ်၊ နှာခေါင်းဖြင့် အနံ့ရခြင်းနှင့်တွဲစပ်၍ နံ့သိစိတ်၊ လျှာဖြင့် အရသာသိခြင်းနှင့်တွဲစပ်၍ အရသာသိစိတ်၊ ခန္ဓာကိုယ်နေရာအနှံ့ ထိတွေ့ခြင်းဖြင့် တွဲစပ်၍ ထိသိစိတ်တို့ဖြစ်ပေါ်လာရခြင်းပင်။ ထို့ပြင် 'စိတ်'ကိုယ်တိုင်ကိုက သူ့ပင်မအလုပ်ကို လုပ်ပြန်၏။ ကြံစည်ခြင်း၊ တွေးတောခြင်း စသည့် အလုပ်။ ထိုအခါ ကြံသိစိတ်၊ တွေးတောစိတ်ဆိုသည်တို့ ဖြစ်လာပြန်၏။

သို့ဖြင့် စိတ်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့မှ ပေးပို့သော သတင်းကိုလည်း လက်ခံရ၏။ သိမ်းဆည်းရ၏။ တုံ့ပြန်ရ၏။ ခံစားရ၏။ ကိုယ်တိုင်ကလည်း အအားမနေ။ ဖြစ်ခဲ့ပြီးသမျှအကြောင်း မဖြစ်သေးသောအကြောင်းတို့ကိုလည်း တွေးတော၊ ကြံစည်ရင်းမှ ခံစားနေပြန်သည်။



သည်မျှ အလုပ်များလှသော 'စိတ်'ကို သတိပဋ္ဌာန်တရားခွင်တွင် ချကြည့်သောအခါ စိတ်ယောက်ယက်ခတ် ပင်ပန်းနေရပုံတွေသည် အထင်းသားပေါ်လာ၏။ မျက်စိကို ပိတ်ထားသော်လည်း မျက်စိဖွင့်ခဲ့စဉ်က မြင်ခဲ့သမျှပုံရိပ်တွေကိုပင် 'စိတ်'က သိမ်းဆည်းထားသည့် အထဲမှ ပြန်ဖော်ပေးနေပြန်သည်။ ပတ်ဝန်းကျင်အသံတွေ တိတ်ဆိတ်ငြိမ်သက်၍ အသံဖြင့် အနှောင့်အယှက်မပေးနိုင်သော်လည်း နားဖြင့်ကြားခဲ့သောအသံ၊ (ဂီတသံ၊ သီချင်းသံ၊ ကိုယ့်ကို အပြစ်တင်ဝေဖန်သံ၊ ချီးမွမ်းသံ)စသည်တို့ကို 'စိတ်'က သိမ်းဆည်းထားသမျှထဲမှ ပြန်ဖော်ပေးနေပြန်၏။ ထိုနည်းတူ၊ နမ်းရှူခဲ့သော အနံ့၊ စားခဲ့သောအရသာ၊ ထိတွေ့ခဲ့သောအထိအတွေ့တို့သည်လည်း ကြံတွေးစိတ်ပေါက်မှပင် လျှို့ဝင်လာပြန်၏။

ထိုအခါ သတိပဋ္ဌာန်တရားခွင်၌ ရောက်ရှိနေသော ယောဂီပုဂ္ဂိုလ်၏ ရှုမှတ် စိတ်နှင့် ကြံတွေးစိတ်တို့သည် အားပြိုင်နေရသည်။ ကြံတွေးစိတ်ဘက်က အားကောင်းသောအခါ ရှုမှတ်စိတ်က အရှုံးပေးလိုက်ရ၍ ယောဂီသည် ပစ္စုပ္ပန်အာရုံနှင့်ဝေးကွာ မျောလွင့်သွားတော့သည်။ ရှုမှတ်စိတ်ဘက်က တရစပ်အားသန်လာ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သောအခါ ကြံတွေးစိတ်တို့သည် ပေါ်လာသော်လည်း ခဏသာခံ၏။ ရှုမှတ်ခံရသည့်အတွက် အခန်းဆက် မရှည်နိုင်တော့။ ပျက်ပြယ်သွားရ၏။ ရှုမှတ်စိတ်တွေများ လာလေ ဖြစ်ရာမှ ပျက်သွားသည့် သဘောကို မြင်လာလေ၊ ထို့ထက် အပျက်ချည်းသက်သက်ကို မြင် လေလေ ဖြစ်တော့၏။ ထိုအခါ 'အပ္ပမာဒ'မမေ့မလျော့ သော သတိတရားသည်လည်း ပိုမိုတိုးတက်ရှင်သန် ဖြစ် ထွန်းလာလေ ဖြစ်ပေတော့မည်။ သို့ဆိုလျှင် သန္တိသုခ ပန်းတိုင်သည် အလှမ်းမဝေးတော့ပေပြီ။

၂၇-၅-၂၀၀၁

❑

# ဆိုလိုသည့် နှုတ်ဆက်စကား

ဓမ္မ၌ အာရုံအပြု နည်းပါးကြသော သာမန် ပုထုဇဉ်တို့သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် တွေ့ဆုံကြသောအခါ "နေကောင်းရဲ့လား" "ထမင်းစား ပြီးပြီလား" "ဝလာတယ်နော်" "ပိန်သွားတယ်နော်" စသည်ဖြင့် သာမန်ပဋိသန္ထာရစကားတို့ကိုသာ ဆိုမိ ကြသည်။

ထိုအချိန်၌ နှုတ်ဆက်သူရော၊ နှုတ်ဆက်ခံရ သူရော၊ အပြန်အလှန်စကားပြောနေကြသူ နှစ်ဦးစလုံး သည် ဝန်ထုပ်ကြီးသုံးခုကို ကိုယ်စီထမ်းထား နေရပါ လားဟု မရိပ်မိကြ။ လူဖြစ်လာသည်နှင့် (လူ့ခန္ဓာကို ရလိုက်သည်နှင့်) ရုပ်နာမ် ခန္ဓာငါးပါးတည်း ဟူသော ခန္ဓာဝန်ထုပ်၊ ဘဝသံသရာတစ်လျှောက် မိမိ ဆောင်ရွက် ခဲ့သမျှ ကုသိုလ်ကံ၊ အကုသိုလ်ကံတည်းဟူသော အဘိ သင်္ခါရဝန်ထုပ်၊ မိမိ၏စိတ်၌ အမြဲတစေ ယှဉ်တွဲပါလာ လေ့ရှိသည့် လောဘ၊ ဒေါသ၊ ကိလေသာ အစုအဝေး

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တည်းဟူသော ကိလေသာဝန်ထုပ် စသည့် ဝန်ထုပ်ကြီး သုံးခုကို လူတိုင်းထမ်းနေကြရသည်။ တစ်နည်းအားဖြင့် လူတိုင်းသည် ဝန်ထုပ်သုံးခုကို ထမ်းနေကြရသော ဝန်ထမ်းများဟူ၍ပင် ခေါ်သင့်ပေသည်။

ထိုဝန်ထုပ်တွေကို ဝန်ထုပ်မှန်းမသိသဖြင့် ကိုယ့်စိတ်မှာ မနိုင်မနင်းထမ်းနေကြရသည်ကိုပင် လေးလံသည်ဟု မထင်မိကြ။ ကာမဂုဏ်အာရုံတို့ ဆွဲဆောင်လေသမျှ ကိုယ်နှစ်သက်စရာတွေ မြင်၊ကြား၊ ခံစားခွင့် ရနေသောအခါ သဘောတွေ့မနောခွေ့လျက် ပမာဒလေခ မေ့လျော့နေကြသည်သာ။ ခဏကြာလျှင် ထိုအာရုံတွေကိုပင် ငြီးငွေ့လာသဖြင့် မခံစားချင်တော့ပြန်။ နောက်ထပ် ကိုယ်ခံစားလိုသည့် အာရုံအသစ်ကို ရှာဖွေပြန်၏။ တွေ့သောအခါ ဝမ်းသာ၍ သောမနဿဖြစ်။မတွေ့သောအခါ ခံပြင်း၍ ဒေါမနဿဖြစ်။ ဝမ်းတွင်းပါ ကိလေသာဝန်ထုပ်ကြီးက ကိုယ့်ကို အနီးကပ်မပြတ် နှိပ်စက်နေမှန်း မရိပ်မိ။

တစ်ဖန် ဘဝသံသရာ၌ ကိုယ်ဆောင်ရွက်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံကို ပြုခဲ့စဉ်က အလယ်ဇောငါးချက်သည် အကျိုးပေးဖို့အတွက်အခွင့်ကို စောင့်မျှော်နေ၏။ လက်ရှိဘဝတွင် မကောင်းတာလုပ်နေလျက်နှင့် အတိတ်ဘဝက ထူးထူးခြားခြားလုပ်ခဲ့သော ကုသိုလ်အကျိုးပေးက အရင်ရောက်လာသဖြင့်



ကောင်းကျိုးခံစားရသောအခါ ကာယကံရှင်သည် ကိုယ့်ကိုယ်ကိုလည်း ဘဝင်မြင့်သွား၏။ဘေးမှကြည့်နေ သူတွေလည်း မျက်စိလည်ကုန်၏။ လက်ရှိဘဝတွင် ကောင်းတာလုပ်လျက်နှင့် အတိတ်ဘဝတစ်ခုစီမှ အကုသိုလ်အကျိုးပေးက အကျိုးပေးချိန်တန်၍ မကောင်းကျိုးပေးပြန်သောအခါ ကာယကံရှင်သည် စိတ်ဓာတ်ကျ၏။ ကံ ကံ၏ အကျိုးကိုလည်း (အတိတ်ကံကိုထည့် မတွက်သဖြင့်) မယုံချင်သလိုလိုဖြစ်သွား၏။ ဘေးကကြည့် နေသူတွေလည်း အံ့သြရ၏။ ရှည်လျားလွန်းလှသော ဘဝသံသရာ၌ ကိုယ်ဘာတွေလုပ်ခဲ့သည်ကို ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိနိုင်ပေမည်။ ထိုအဘိသင်္ခါရဝန်ထုပ်ကြီးသည် အံ့သြစရာကောင်းသလို ထိတ်လန့် သံဝေဂရစရာလည်း ကောင်းလှပေစွ။

ခန္ဓာဝန်ထုပ်ကြီးကတော့ မိုးလင်းမှမိုးချုပ် ပြောမကုန်အောင် လေးလံလှပေတော့သည်။ နေ့စဉ် သည်ဝန်ထုပ်ကို ထမ်းနေရ၏။ မျက်နှာသစ်ရ၏။ ရေချိုးရ၏။ ထမင်းကျွေးရ၏။ အစာဟောင်းစွန့်ရပြန်၏။ ရေသောက်ရပြန်၏။ အဝတ်အစားဝတ်ရပြန်၏။ ဖီးလိမ်းပြင်ဆင်ရ၏။ ညောင်းညာကိုက်ခဲလျှင် နှိပ်နယ်ရပြန်၏။ ဖျားနာပြန်လျှင် ဆေးဝါးကုသရပြန်၏။ မွေးစမှသည် သေသည်အထိ အမြဲတစေပြုပြင်နေရသည်။ မည်မျှပြုပြင်ဖာထေး၊ ဂရုစိုက်သော်ငြား မည်သည့်အခါမျှ ကောင်းကျိုးမပေး။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အိုဘေး၊ နာဘေး၊ သေဘေးတို့သာ ပေး၏။

မမေ့မလျော့သော အပ္ပမာဒသတိတရားဖြင့် ကြည့်သောအခါ ဝန်ထုပ်သုံးခုပိုင်ရှင်ဘဝမှ လွတ်မြောက်လိုသည့်စိတ်တွေ ဖြစ်ပေါ်လာ၏။ ဘုရားရှင်ဟောညွှန်ပြသတော်မူသည့် သတိပဋ္ဌာန်အကျင့်မြတ်ဖြင့် ဝန်ထုပ်ထမ်းဘဝမှ လွတ်မြောက်အောင် ကြိုးစားလာမိသည်။ ကြိုးစား၍ အရှိန်အဟုန်ရလာသည့်တစ်ချိန်၌ ကြိုးစားသူ အချင်းချင်း (ဓမ္မအာရုံထုံမွေ့သူအချင်းချင်း) မျက်နှာချင်းဆိုင်တွေ့ဆုံသည့်အခါ ''ဘယ့်နှယ် ဝန်ထုပ်တွေ ချလိုက်ပြီလား၊ ပေါ့သွားပြီလား''ဟု အပြန်အလှန်မေးဖြစ်သွားမည်ဖြစ်ပါသည်။ ကိုယ်ကိုယ်တိုင်က ''ဝန်ထုပ်တွေအားလုံး ချပြီးပါပြီဗျာ၊ ဝန်ထမ်းဘဝက လွတ်မြောက်သွားပြီ၊ ပေါ့သွားလိုက်တာဗျာ''ဟု ပြောချင်သကဲ့သို့ ဓမ္မမိတ်ဆွေတွေထံမှလည်း ''ကျုပ်လည်း ခင်ဗျားလိုပါပဲဗျာ''ဟု ထပ်တူထပ်မျှ အသံကို ကြားချင်နေတော့သည်သာ ....။

၈-၅-၂၀၀၁

❑

# ဒုတိယနှစ်ပတ်လည် အပ္ပမာဒ

(၂)နှစ်ဆိုသောကာလသည် အချိန် အတိုင်းအတာဖြင့် မနည်းလှ။ ရက်ပေါင်း (၇၃၀)။ နာရီပေါင်း (၁၇၅၂၀)။ မိနစ်ပေါင်း (၁၀)သိန်းကျော်၊ စက္ကန့်ပေါင်း သိန်း(၆၃၀)ကျော်။ တစ်စက္ကန့်တိုင်း တစ်စက္ကန့် တိုင်းသာ မမေ့မလျော့သော အပ္ပမာဒသတိတွေ ဖြစ်ပေါ်ခဲ့မည်ဆိုပါက ကုသိုလ်စိတ်ပေါင်း သိန်း(၆၃၀)ကျော်သည် မိမိ၏ သန္တာန်၌ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပေမည်။

'အပ္ပမာဒ'ဟူသော အမည်ကိုယူလျက် ဓမ္မရသမဂ္ဂဇင်းတစ်စောင် စီစဉ်ဖန်တီး နေသည်ဆိုသော်ငြား (၂) နှစ်အတွင်း အပ္ပမာဒသတိတွေ အကြိမ်ပေါင်း သိန်း(၆၃၀) ကျော် ဖြစ်ခဲ့ပါရဲ့လားဟု စိစစ်မေးမြန်းလာခဲ့သော် လျာထားချက်ပြည့်မီနိုင်ရေးအတွက် မနည်းကြိုးစားနေရသေးသည်ဟုသာ ဝန်ခံပြောဆိုရမည် ဖြစ်ပါသည်။

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ပါရမီ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ရင့်ကျက်ပြီးသား အနီးကပ်သာဝက တပည့်တွေကိုပင်လျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ''အပ္ပမာဒေန သမ္ပာဒေထ''ဟု နေ့စဥ်မပြတ် သတိပေးနေရသေးသည်ဆိုလျှင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း (၂၅၀၀)ကျော်မှ လူအဖြစ်ကိုရလျက် ဘုရားရှင် ထားရှိတော်မူခဲ့သည့် ဗုဒ္ဓသာသနာကို ကြည်ညိုလေးမြတ်စွာဖြင့် လေ့လာ ဆည်းပူး ခံယူနှလုံးသွင်းနေသူတို့ကား ဆိုဖွယ်ရာ မရှိတော့ပေပြီ။

ဆိုရလျှင် 'အပ္ပမာဒ'စကားလုံး ဝေါဟာရကို 'အပ္ပမာဒ' ဓမ္မရသမဂ္ဂဇင်း စီစဥ်ဖန်တီးသူတို့သည် မတန်မရာ ယူသုံးလိုက်ခြင်းမဟုတ်ပါ။ ကိုယ်တိုင်က 'ပမာဒ' ဖြစ်တတ်လွန်း၍ ကိုယ့်ကိုယ်ကို တိုက်တွန်းသတိပေးရာလည်းကျ၊ ကိုယ်နှင့်ထပ်တူ 'ပမာဒ'ဖြစ်တတ်သူတို့ကိုလည်း တိုက်တွန်းနှိုးဆော်သတိပေးသည့် သဘောမျိုးလည်းဖြစ်အောင် ယူလိုက်ခြင်းဖြစ်ပါသည်။ တကယ့် တကယ်တွင်မူ 'အပ္ပမာဒ'ဆိုသော စကားလုံး ဝေါဟာရထက် ထိုစကားလုံး၏နောက်ကွယ်၌ရှိနေသော သဘောသဘာဝအဓိပ္ပါယ်က ပို၍ အရေးကြီးပါသည်။

ထိုသဘော သဘာဝအဓိပ္ပါယ်ကို စွမ်းနိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း နားလည် နှလုံးသွင်းနိုင်အောင် ကြိုးစားနေမိခြင်းသည်ပင်လျှင် အသက်ရှင်သန်နေခြင်းအတွက် အဓိပ္ပါယ်တစ်မျိုးရှိခဲ့လေပြီဟု



ခံယူမိပါသည်။

ပုံနှိပ်လုပ်ငန်း၊ စက္ကူဈေးနှုန်း၊ ဖြန့်ချိရေးကိစ္စ၊ စာအုပ်ဈေးနှုန်း၊ ဝေဖန်သံ စသည်ဖြင့် ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများကို စကားအဖြစ်ဖြင့် မပြောလိုတော့ပါ။ ''စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ''စေတနာသာလျှင် ကံတရားဖြစ်သည်ကို နှလုံးသွင်း ဆင်ခြင်ရင်းက ပေါ်လာသမျှအခက်အခဲမှန်သမျှအား ဖြူစင်သော စိတ်စေတနာဖြင့် မည်သူ့ကိုမျှ အပြစ်မတင်ဘဲ ပြုံးသောမျက်နှာ၊ အေးမြသောနှလုံးသားတို့ဖြင့် ရင်ဆိုင်ဥပေက္ခာပြုနိုင်ဖို့ ကြိုးစားရပြန်ပါသည်။

ကမ္ဘာတည်၊ ကမ္ဘာပျက်၊ ဓမ္မနိယာမတရားတို့ကိုပင် ဘုရားရှင်သည် သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် ဖော်ထုတ်ဟောပြောသွားခဲ့သေးသည်ဆိုလျှင် အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်းတည်းဟူသော စက္ကူ၊ စာအုပ်၊ စကားလုံး စုဖွဲ့မှု ရုပ်ဝတ္ထုတစ်ခုသည်လည်း အချိန်တစ်ချိန်၌ ဓမ္မနိယာမအတိုင်း ပျက်ပြယ်ချုပ်ငြိမ်းသွားဦးမည်ဆိုတာကိုလည်း ကြိုတင် နားလည်ထားပါသည်။

''သင်္ခါရတရားတို့သည် ပျက်စီးချုပ်ငြိမ်း တတ်သော သဘောရှိသည်။ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့်နေရစ်ကြလော့''ဟူသည့် ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးမှာကြားခဲ့သည်ကို အမြဲတစေ နှလုံးသွင်းနေရင်းမှ ကိုယ်တိုင် ရုပ်အားဖြင့်၊ စိတ်အားဖြင့်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မပျက်စီး၊ မချုပ်ငြိမ်းမီ 'အပ္ပမာဒ' ဓမ္မရသမဂ္ဂဇင်းဖြင့် မမေ့မလျော့သော သတိတရားအတွက် တိုက်တွန်းနှိုးဆော်သည့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားပါဦးမည်ဟု ......။

၉-၉-၂၀၀၁

❑

# စွဲမိစွဲရာများ

'စွဲမိစွဲရာ' ဟူသောစကားစု၏ အဓိပ္ပါယ်ကို စဉ်းစားကြည့်မိ၏။

မွေးစမှသည် ယခုချိန်အထိ ဘဝတစ်လျှောက် 'စွဲမိစွဲရာ'တွေ အများကြီးရှိခဲ့ပြီ။

ကြိုက်၍စွဲခဲ့သောအစွဲ၊ မကြိုက်သော်လည်း ဖယ်မပစ်ဘဲ စံထိုးချိန်ဆနိုင်ရန် စွဲထားသောအစွဲ၊ မသိဘဲနှင့် လက်ခံသိမ်းဆည်းထားသောအစွဲ စသည်ဖြင့် ကြိုက်စွဲ၊ မကြိုက်စွဲ၊ မသိစွဲတို့ကား များလှပေပြီ။ အားလုံးကို သညာက မှတ်သားသိမ်းဆည်းပေး၏။ သညာက္ခန္ဓာကား သူ့အလုပ်သူလုပ်မည်သာ။

အကြောင်းတိုက်ဆိုင်လာလျှင် 'သင်္ခါရ'က လှုံ့ဆော်ပေး၏။ 'သညာ'က သိမ်းထားရာမှ ဆွဲထုတ်ပေး၏။ 'ဝေဒနာ'က ခံစားပေး၏။'ဝိညာဏ်'က သိပေး၏။ အာရုံနှင့် စိတ် တိုက်ဆိုင်မှု ဖြစ်တိုင်း နာမ်ခန္ဓာတွေသည် အလုပ်ရှုပ်ကုန်၏။ သူ့တာဝန် သူထမ်း၊သူ့အလုပ် သူလုပ်၊

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



သူ့ကိုစွ သူဆောင်ရွက်၊ လက်ခံ၊ လှို့ဆော်၊ တုံ့ပြန်၊ လှုပ်ရှား ခံစားပုံတွေသည် တစ်ခုမှတစ်ခု အကူးအပြောင်း လျင်မြန် သိမ်မွေ့လှသဖြင့် ရိပ်မိနိုင်ဖို့ ခဲယဉ်းလှ၏။

သတိပဋ္ဌာန်တရားဖြင့် စနစ်တကျ ရှုမှတ်သောအခါ သူတို့တစ်တွေ၏ အလုပ်လုပ်ပုံ၊ အလုပ်ရှုပ်ပုံတွေကို ရိပ်မိလာသည်။ ထိုအခါ 'စွဲမိစွဲရာ' စွဲမှတ်သိမ်းဆည်းခဲ့သမျှ စာရင်းအဟောင်းတွေကို ပြန်စစ်ဆေးကြည့်မိသည်။ အားလုံးသည် 'ပညတ်'တွေချည်း။

ယောကျ်ား၊ မိန်းမဟူသော 'ပုဂ္ဂလ' ပညတ်၊ 'နာမ'ပညတ်များ၊ 'သတ္တ'ပညတ်များ၊ ပုံသဏ္ဍာန်တည်းဟူသော 'သဏ္ဍာန'ပညတ်များ၊ အပေါင်းအစုကို စွဲ၍ခေါ်သော 'သမူဟ' ပညတ်များ၊ အရှေ့အနောက်၊ တောင်မြောက်ဟု မှည့်ခေါ်သော 'ဒိသာ'ပညတ်များ၊ နံနက်၊ နေ့လယ်၊ ညနေ၊ အချိန်တည်းဟူသော 'ကာလ' ပညတ်များ၊ တစ်ဆက်တည်းဟု ထင်မြင်နေမိသည့် 'သန္တတိ'ပညတ်များ၊ မတွေ့မထိကောင်းသောအရာဖြစ်သည့် 'အာကာသ' ပညတ်၊ သမထတရားအားထုတ်ရင်း၌ပင် တွေ့ရတတ်သော ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် တည်းဟူသော 'နိမိတ္တ'ပညတ်များ။

ဘဝတစ်လျှောက်လုံး တွေ့ခဲ့၊ မြင်ခဲ့၊ ထိတွေ့ဆက်ဆံ၊ ပြောဆိုခဲ့သမျှသည် တည်မြဲနေသည်ဟု ထင်ရသည့် 'ပညတ်' များသာဖြစ်သည်။ 'ပညတ်'နှင့်



အနေကြာ၊ 'ပညတ်'နှင့် ဆက်ဆံမှု အကျင့်ရခဲ့သဖြင့် 'ပညတ်' အစွဲတွေ သန်ခဲ့လေရာ 'စွဲမိစွဲရာ' တွေလည်း များခဲ့တော့၏။

ထိုအခါ ပရမတ်အာရုံကို ထိတွေ့သိမြင်ထိုးထွင်းနိုင်ဖို့ မလွယ်လှ၊ 'ပရမတ်'ကို 'ပညတ်' ကွယ်လေတော့၏။ သို့သော် 'ပရမတ်'အာရုံကို ထိတွေ့ သိမြင်နိုင်ရန်အတွက် စိတ်ကို တဖြည်းဖြည်းလေ့ကျင့်ယူရ၏။ အပ္ပမာဒသတိကို မပြတ်ထားရာ၏။ လေ့ကျင့်အားကောင်းသည်နှင့်အမျှ သတိဉာဏ်ထက်သန်သည်နှင့်အမျှ 'ပရမတ်' တရားကား တဖြည်းဖြည်း ပေါ်လာလေတော့သည်။


သို့သော် 'ပရမတ်' အာရုံကို ထိတွေ့ခွင့်ရရုံနှင့် ကျေနပ်မနေသင့်သေးပါ။ 'နိဗ္ဗာန်'ကို 'ပရမတ်'က ကွယ်နေပြန်၏။ ပရမတ်အာရုံ အထိအတွေ့မှသည် နိဗ္ဗာန် အထိ ထိုးထွင်း သိမြင်နိုင်ရေးအတွက် အပ္ပမာဒသတိကို ဆက်လက်ကိုင်စွဲ ကျှုံ့ကြိုအားထုတ်ရင်း ခရီးဆုံး ပန်းတိုင်သို့ မရောက်ရောက်အောင် ဆက်လက် လျှောက်လှမ်းသွားရမည်သာ ......။

၄-၁၀-၂၀၀၁

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



## စိတ်နှင့်အာရုံ တွေ့ဆုံလေသမျှ ....

အာရုံနှင့်စိတ်။ စိတ်နှင့်အာရုံ။

တစ်ခုနှင့်တစ်ခု အပြန်အလှန်။ ကိုင်းကျွန်းမှီ။ ကျွန်းကိုင်းမှီ။

အာရုံမရှိဘဲ စိတ်မဖြစ်ပေါ်သလို စိတ်မရှိပြန်လျှင်လည်း အာရုံကို မခံစားနိုင်၊ မသိနိုင်။ တရားရှုမှတ်ခါစတွင် ရှုမှတ်စိတ်နှင့်၊ အရှုခံအာရုံကို စိတ်အဆိုစကားလုံးတို့နှင့် မနည်းတည့်ပေးနေရသဖြင့် အာရုံ၏သဘာဝ၊ စိတ်၏သဘာဝကို နားလည်ခွင့် မရနိုင်သေး။

ယုံကြည်မှု သဒ္ဓါ၊ အားထုတ်မှု ဝီရိယ၊ အမှတ်ရအောက်မေ့မှု သတိတို့နှင့် မပြတ်ပျိုးထောင်လေမှ တည်ကြည်မှု သမာဓိဖြစ်ပေါ်လာမည်။ အခြေခံဗိုလ်လေးပါး အားကောင်းလေမှ နောက်ဆုံးဗိုလ်ဖြစ်သည့် ပညာဗိုလ်က နေရာယူလာမည်။ ထိုအချိန်တွင် ပညာဗိုလ်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည် သဘာဝတရားကို စူးစမ်းလေပြီ။

အာရုံ၏ နယ်ပယ်သည် ဗိုလ်ငါးပါးဖွံ့ဖြိုးလာအောင် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏စွမ်းအားကြောင့် ပိုမိုသိမ်မွေ့လာသည်။ အာရုံ၏နယ်ပယ် အမှန်တကယ်သိမ်မွေ့လာသည့်အခါ ရှုမှတ်နေသည့်ယောဂီပုဂ္ဂိုလ်၌ ကိုယ်ပိုင်အသိတွေ ဖြစ်ထွန်းလာပါတော့သည်။

ထိုအချိန်၌ သူများပြော၍သိရသော အသိမျိုးမဟုတ်။ သူတစ်ပါး၏နှုတ်ဖျား၌ လမ်းဆုံးရသော အသိမျိုးမဟုတ်။ကိုယ်တိုင်အမှန်တကယ် သိခွင့်ရလာခြင်းဖြစ်သည်။ အာရုံအကြမ်းစားတွေ ကွယ်ပျောက်၍ အာရုံအနုစားတွေလည်း အဆက်မပြတ် ဖြစ်ပေါ်ပြောင်းလဲနေသည်ကို သတိပြုမိလာချိန်လည်းဖြစ်သည်။

ထိုအခိုက်အတန့်တွင် သိနေခြင်းသည်ပင် 'ငါ' သိနေခြင်းမဟုတ်တော့။

သိမှုသည်လည်း သဘာဝတစ်ခု။ အသိခံနေရသော အာရုံတို့သည်လည်း အမြဲမပြတ်ဖြစ်ပေါ်ပြောင်းလဲနေသည့် သဘာဝတစ်ခု။ သဘာဝတရားတစ်ခုက သဘာဝတရားတစ်ခုကို သိနေခြင်းမျှသာ။ ပုဂ္ဂိုလ်မပါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မပါ။ စကားလုံးမပါ။ ပုံသဏ္ဍာန်မပါ။ အရောင်အသွေး၊ အရွယ်အစား၊ နေရာဌာန စသည်တို့မပါ။ မည်မျှလွတ်လပ်လိုက်ပါ



သနည်း။ သို့သော် ဆုံးခန်းတိုင်အောင် လွတ်လပ်မှုမျိုးတော့မဟုတ်ပါ။ အာရုံကလည်း ရှိနေသေးသည်။ သိမှုကလည်း ရှိနေသေးသည်။

တဖြည်းဖြည်းနှင့် အာရုံနှင့်သိမှု တစ်ထပ်တည်းကျ၍ ခွဲမရအောင် ဖြစ်လာသောအခါ ရှေ့သိမှုကို နောက်သိမှုက အာရုံအဖြစ် ပြန်ယူရသည်အထိ သိမ်မွေ့လာပြန်သည်။ ရှေ့သိမှုက "အသေ"၊ နောက်သိမှုက "အရှင်"။ဒါလည်းကြာကြာမခံ၊"အသေ"ကို"အရှင်"က သိနေသော်လည်း"အရှင်"မှန်သမျှသည်လည်း တားဆီး၍ မရလိုက်မီမှာပင် "အသေ"ဘက်သို့ လျင်လျင်မြန်မြန်ကြီး ကူးပြောင်းသွားနေတာကို တွေ့ရသည်။

သေဖို့ဖြစ်လာသော "အရှင်" နှင့် "အရှင်ဘဝ" ကိုပင် ချက်ချင်းစွန့်လွှတ်လိုက်ရသော အာရုံ၏ သဘာဝကိုလည်း ပိုမိုနားလည်ခွင့်ရလာပြန်သည်။ ဉာဏ်မျက်စိရှေ့မှောက်၌ သည်လောက်အဆက်မပြတ် သေပြနေသော အာရုံတွေအပေါ်၌ ကပ်ငြိတွယ်တာမှု၊ လိုချင်မှု၊ သိမ်းဆည်းထားလိုမှု ဆိုတာတွေ ရှိနိုင်ပါဦးမလား။

အာရုံ၏သဘော၊ စိတ်၏သဘော၊ သဘောဟူသည် တရား။ တရားဟူသည်သဘော။ သဘာဝဟူသည် တရား။ တရားဟူသည် သဘာဝ။ ထိုသဘော၊ သဘာဝတရားဆိုသည့် ဓမ္မဖြစ်စဉ်တန်းကြီးသည် အဘယ်မှာလျှင်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခိုင်ခံ့လုံခြုံမှု၊ ချမ်းသာမှု၊ တည်မြဲမှု၊ အစိုးရမှုတွေ ရှိနိုင်ပါအံ့တော့မည်နည်းဟု အပ္ပမာဒတရား လက်ကိုင်ထား၍ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလိုက်မိချိန်၌ . . . . ။

၅-၁၁-၂၀၀၁

❑

# မီး၊ မီးခိုးနှင့်လောင်စာ

''မီးခိုးထွက်နေသေးရင် မီးလောင်တဲ့အရာဝတ္ထု ရှိနေသေးလို့ပဲ''ဟု ဆရာသမားတစ်ဦး၏ အဆုံးအမကို နာခံခဲ့ဖူးပါသည်။ ထိုအဆုံးအမကို နာခံမှတ်သားခဲ့စဉ်ကမူ အမှတ်တမဲ့ သာမန်မျှသာ နှလုံးသွင်းခဲ့မိပါသည်။

နှစ်၊ လ၊ ရက်တွေ ကြာလာလေ ထိုအဆုံးအမ၏ အဓိပ္ပါယ်က အသက်ဝင်လာလေဖြစ်သည်။ အနက်အဓိပ္ပါယ်ကလည်း ပိုမိုကျယ်ဝန်းလာလေဖြစ်သည်။ ''မီး''ဟူသည် ပျံ့နှံ့ကူးစက်လောင်ကျွမ်းတတ်သည့် သဘောရှိသည်။ မူလအရာဝတ္ထုမှသည် ပတ်ဝန်းကျင် အရာဝတ္ထုများဆီသို့ ကူးစက်လောင်ကျွမ်းသောအခါ မီးခိုးသည် တိတ်သွားသည်ဟူ၍ မရှိတော့။ ရပ်စဲသွားသည်ဟူ၍ မရှိတော့။ အလျှဉ်မပြတ်နိုင်သော မီးခိုးငွေ့တို့

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထွက်ပေါ်နေသ၍ ပူပြင်းလောင်ကျွမ်းနေသည့် အရာဝတ္ထုနှင့် ထိုအရာဝတ္ထုရှိရာ နေရာတို့လည်း ရှိနေပေမည်။

လောင်ကျွမ်းပျက်စီးစေတတ်သောမီးဟူသည် ကိလေသာဆယ်ပါးနှင့် တူလှသည်။ လောဘ၊ မောဟ၊ ဒေါသ၊မာန၊ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။ အားလုံးသည် အပူဓာတ်တွေချည်း။ အလောင်ကျွမ်းခံနေရသော အရာဝတ္ထုသည် ခန္ဓာငါးပါးနှင့်တူလှသည်။ မီးခိုးငွေ့သည် ခန္ဓာငါးပါးအား ကိလေသာမီးတို့လောင်ကျွမ်းရာမှ ထွက်ပေါ်လာသော ခန္ဓာငါးပါး ပိုင်ရှင်ဟု ကိုယ့်ကိုယ်ကို ခံယူထားကြသော သုံးဆယ့်တစ်ဘုံသားတို့၏ မြင်အပ်၊ မမြင်အပ်သော ပြင်ပရုပ်ခန္ဓာ (ရုပ်သဏ္ဍာန်)လှုပ်ရှားမှုများ။

မီးခိုး၏သတ္တိက မျက်စိကို ကျိန်းစပ်စေသည်။ အသက်ရှူမွန်းကျပ်မှုကို ဖြစ်စေသည်။ ပတ်ဝန်းကျင်ကို မှုန်ဝါးစေသည်။ မီး၏သတ္တိကမူ ပူပြင်းမှု၊လောင်ကျွမ်းမှု၊ ပျက်စီးစေမှုစသည့် ဖျက်ဆီးခြင်းကိုလက်ကိုင်၍ လောင်ကျွမ်းခံရတော့မည့် ပစ္စည်းဝတ္ထုတို့ကို ငြာသံပေး၍ အနိုင်ကျင့်တတ်သည်။ အလောင်ကျွမ်းခံပစ္စည်းတို့၌ ရွေ့လျားနိုင်၊ ကာကွယ်နိုင်၊ တားဆီးနိုင်သောစွမ်းအား သတ္တိဉာဏ်စွမ်း ဉာဏ်စတွေမရှိသဖြင့် မီးအနိုင်ကျင့်သမျှ ငုံ့ခံလျက် ပြာဘဝသို့ သက်ဆင်းသွားရတော့သည်



သာ ။

စဉ်းစားကြည့်လျှင် ဘဝသံသရာတစ်လျှောက် အလောင်ကျွမ်းခံ၊ လောင်စာနှင့်တူသော ခန္ဓာဝန်ထုပ်တွေ တစ်ခုပြီးတစ်ခု ကူးပြောင်းသယ်ဆောင်လျက် တစ်ဘဝပြီး တစ်ဘဝ ‘ပြာ’ဖြစ်ခဲ့ရသောခန္ဓာတွေ မည်မျှများခဲ့ပြီမသိ။ ခန္ဓာဝန်တည်းဟူသော လောင်စာကို မီးနှင့်တူသော ကိလေသာတို့နှင့်အတူ ယှဉ်တွဲထားနေသရွေ့ မီးလောင်ပြာကျ ရှာပနတို့ကား ဆုံးမည်မဟုတ်တော့။ ထိုအခါ မီးခိုးငွေ့နှင့်တူသော ဘဝ တစ်ခန္ဓာ၊ တစ်ဇာတ်ထုပ် အတွင်းမှ လှုပ်ရှားမှုပုံရိပ်တို့သည်လည်း စဲမည်မဟုတ်တော့။

မျက်စိကျိန်းစပ်၊ အသက်ရှူကျပ်စေလျက် ပတ်ဝန်းကျင်ကို မှုန်ဝါးစေတတ်သော မီးခိုးငွေ့ဖြစ်ပေါ်ရာ အရင်းအမြစ်ဖြစ်သည့် မီးနှင့်လောင်စာတို့ကို ခွဲခွာဖြတ်တောက်စေနိုင်မှသာ လောင်စာ၏အဓိပ္ပါယ်သည်လည်းကောင်း၊ မီး၏အဓိပ္ပါယ်သည်လည်းကောင်း၊ မီးခိုးငွေ့၏ အဓိပ္ပါယ်သည်လည်းကောင်း အဓိပ္ပါယ်သတ်မှတ်ချက်လောကထဲမှ အပြီးတိုင်ကွယ်ပျောက်ချုပ်ငြိမ်းသွားနိုင်မည်ဖြစ်သည်။

ဝိပဿနာဉာဏ်တည်းဟူသော အသိဉာဏ်ထူထောင်၍ ခန္ဓာငါးပါး လောင်စာများကို မြင်စေဖို့။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မဂ္ဂင်တည်းဟူသောရေနှင့် ကိလေသာမီးတွေကို ငြိမ်းစေဖို့။

မီး၊မီးခိုး၊ လောင်စာ သုံးဖြာကွန်ယက်၊ သံသရာ စက်ဝန်း အမှောင်အစွန်း မှန်သမျှတို့ ရပ်တန့်ချုပ်ငြိမ်းစေဖို့ သတိသမ္ဗဇဥ် ဉာဏ်ယှဉ်သည့် အပ္ပမာဒတရား လက်ကိုင်ထား၍ ယုံကြည်မှုသဒ္ဓါ၊ အားထုတ်မှုဝီရိယ၊ တည်ကြည်မှု သမာဓိတို့၏ ကူညီပံ့ပိုးဖြည့်ဆည်းမှုများဖြင့် လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်တောင်းခြွေ မေတ္တာဝေလျက် ....။

**၁၈-၁၂-၂၀၀၁**

❑

# “ဝေဒနာ” အဖြေရှာသော ....

ဓမ္မခရီးလမ်းပေါ်၌ လူပြော၊ သူပြောများလှသည်မှာ ‘ဝေဒနာ’ဟူသောစကားလုံး ဝေါဟာရ။

အဓိပ္ပါယ်အားဖြင့် ခံစားမှု၊ ခံစားခြင်း။

ပြင်းထန်ခံခက်သော ခံစားမှုကို ဒုက္ခဝေဒနာ။ နူးညံ့သိမ်မွေ့သော အထိအတိုက်တို့ကြောင့် ထပ်ကာထပ်ကာ ခံစားလိုသော ခံစားမှုကို သုခဝေဒနာ။ ခံစားနေရမှန်း မသိအောင် ခံစားနေရခြင်းကို ဥပေက္ခာဝေဒနာ။

များသောအားဖြင့် ဒုက္ခဝေဒနာကိုသာ ဝေဒနာဟု တွင်တွင် ခေါ်ဝေါ်သုံးစွဲနေကြလေသည်။ ဝေဒနာ ကျော်အောင်ရှု၊ ဝေဒနာချုပ်သွားပြီစသည်ဖြင့် ဒုက္ခဝေဒနာကိုသာ ဦးတည်၍ ပင်တိုင်ထားလျက် နှိုင်းယှဉ်ချိန်ထိုး ပြောဆိုနေကြခြင်းပင်။

အမှန်တော့ ဒုက္ခဖြစ်စေ၊ သုခဖြစ်စေ၊ ဥပေက္ခာ

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြစ်စေ အားလုံးသည် အာရုံမျှသာ၊ အာရုံတစ်ခုခုသည် သဠာယတန(၆)ခုထဲမှ တစ်ခုခုနှင့် ထိတိုက်သည့်အခါ ဝေဒနာ ဟူသော ခံစားမှုတစ်ခုခု အလျဉ်မပြတ် ဖြစ်ပေါ် နေသည်သာ။

ဥပေက္ခာဝေဒနာမှာ မထင်မရှား။ ရှုမှတ်ရန် လည်း မလွယ်လှသဖြင့် ကပ်၍ကျော်သွားသော ကပ်ကျော်ဖြစ်နေသည်။ သုခဝေဒနာကလည်း ရှုဉာဏ်အား ကောင်း၍ သမာဓိစွမ်းအင်ကြောင့် ပီတိ၊ ပဿဒ္ဓိတွေဖြစ်လာသည့်အခါမှာ တွေ့ရတတ်သဖြင့် ရှုမှတ်စယောဂီတို့ တွေ့မြင်နိုင်ရန် အခွင့်အရေး မရှိသေးပေ။ သို့နှင့် နာကျင်တောင့်တင်း ကိုက်ခဲခြင်းဟူသော ဒုက္ခဝေဒနာနှင့် တွဲတိုးဝင်တိုးမိကြတော့သည်။ ထိုအခါ ဒုက္ခဝေဒနာကိုပင် ဝေဒနာဟု တရားသေစွဲမှတ်ကာ "ဒီဝေဒနာကြီးဟာနော်၊ ခံရခက်လိုက်တာ၊တပည့်တော်တော့ ဝေဒနာတွေ အရမ်းတက်နေပါပြီအရှင်ဘုရား' စသည့် တရားလျှောက်ထားသံတွေ ဝေဆာနေတော့သည်။

သဘာဝအနတ္တသဘောအရ ခန္ဓာရလျှင် ယှဉ်ဖော်ယှဉ်ဖက်ဝေဒနာက အမြဲရှိလိမ့်မည်သာ။ သဗ္ဗညုတဉာဏ်တော်ရှင် အနှိုင်းမဲ့၊ အတုမဲ့မြတ်ဗုဒ္ဓဘုရားရှင် ပင်လျှင် ကုသိနာရုံအင်ကြင်းတော၌ ပရိနိဗ္ဗာန်စံတော်မမူမီအထိ ဝေဒနာတွေနှင့် ရင်ဆိုင်သွားခဲ့ရ ပြီးဖြစ်သည်။



ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတနတွေ ရှိလာမှတော့ ဖဿအထိအတွေ့မှသည် ဝေဒနာတွေလည်း ပေါ်လာတော့မည်ပေါ့။

ဝေဒနာမှသည် တဏှာဆီသို့ မကူးမိဖို့ ဝေဒနာနိရောဓ တဏှာနိရောဓဖြစ်ဖို့ ဝိပဿနာဉာဏ်ရည် လိုအပ်လှသည်။ ဝေဒနာဘက်ကတော့ အာရုံခံစားမှုအဖြစ် တစ်ခုမဟုတ်တစ်ခုပေးမည်သာ။ ရှုဉာဏ်ဘက်မှသာ အာရုံလာတိုက်လေသော 'ဖဿ' တစ်ခုမျှ သာဟု လက်ခံရှုမှတ်လေလျှင် 'ဖဿ'အဆင့်မှာပင် ထိတိုက်ပြီး ပျောက်သွားသည်ကို တွေ့ရပေမည်။ထိုအခါ ခံစားမှုသည်ပင်လျှင် ထိတိုက်ခြင်းကြောင့်ဖြစ်ပေါ်လာသော အာရုံအသစ်တစ်ခုအနေဖြင့်သာ ရှုမြင်မိပေမည်။ ထိတိုက်လာသောအာရုံတို့ကို ကောင်းလိုက်တာ၊ ဆိုးလိုက်တာ၊ ကောင်းတာလည်းမဟုတ်၊ ဆိုးတာလည်း မဟုတ်ဟု ဆိုင်းဘုတ်လိုက်တပ်သည့် အလုပ်တစ်ခုပါ ချုပ်ငြိမ်းသွားပေလိမ့်မည်။

ရှုမှတ်မှုအလေ့အကျင့်များလာသည့်အခါ မည်သည့်အာရုံတိုက်တိုက် ရှုဉာဏ်ထဲ၌ အခံဓာတ်နှင့် အတိုက်ဓာတ်တို့ ထိတွေ့မှုကြောင့် ဖြစ်လာရသော သို့မဟုတ် သိခွင့်ရလိုက်သော အဖြူထည်သက်သက် သိမှုတစ်ခုပါလားလို့ ရှုမြင်သုံးသပ်မိပေမည်။ ဤသို့

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရှုမြင်သုံးသပ်လာနိုင်ခြင်းမှာလည်း အန္တိယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အပ္ပမာဒသတိတရားတွေ မည်မျှထက်သန် နေပြီကို သက်သေပြနေခြင်းပင်တည်း။

**၃၁-၁၂-၀၁**

❑

## သိခြင်းသည် သဘာဝတရားတစ်ခု

'မရှိတာထက် မသိတာခက်သည်' ဟူသော စကားအသုံးအနှုန်းကို ကြားဖူးကြပေမည်။ ကိုယ်တိုင် သုံးစွဲပြောဆိုခဲ့သည်လည်း ရှိကြမည်။ သာမန်လူမှုရေး နယ်ပယ်၌မူ ထိုအသုံးအနှုန်းသည် 'အလိုက်မသိတတ် လေခြင်း' ဟူသော အဓိပ္ပါယ်ကို ဆောင်ပေလိမ့်မည်။

ရုပ်နာမ်ဓမ္မ သဘာဝရသဘောတွေသာ ရှိသော ဓမ္မနယ်ပယ်ဘက်သို့ ထိုအသုံးအနှုန်းကို ဆွဲယူ သုံးစွဲ ကြည့်ပါလျှင် 'မသိတာခက်သည်' ဟူသော အဓိပ္ပါယ်မှာ ပိုမိုလေး နက်လာသည်။ မသိမှု-မောဟဖုံးလွှမ်းနေသဖြင့် အခက်ကြုံနေရသော သို့မဟုတ် ဒုက္ခ ပင်လယ်ဝေနေ ကြသော ပုထုဇဉ်တို့၏သဘာဝသည် ပိုမိုထင်ရှားပေါ်လွင် လာ၏။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တစ်ဖန် 'မရှိ'ခြင်းဘက်သို့ လှမ်းကြည့်ကြဦးစို့။ မည်သည့်အရာတွေ 'မရှိ' လေသနည်း။ သတိ၊ သမာဓိ အားကောင်း၍ အာရုံနှင့်စိတ်တို့ တစ်ထပ်တည်းကျသော အခါ ပေါ်သမျှအာရုံတို့သည် ရှုမှတ်နေဆဲခဏမှာပင် 'မရှိ'တော့သည်ကို သိလာရပေမည်။ တစ်နည်းအားဖြင့် အရှခံတရား၏ 'မရှိ'မှုကို ရှုညာဏ်က အမှန်အတိုင်း သိနေပေတော့သည်။ 'မရှိ'မှုတွေကို ဆက်တိုက်ကြည့် ရသောအခါ ထို'မရှိ'တော့ခြင်းတွေအထဲတွင် မည်သည့် ချမ်းသာမှုကို ရှာဖွေချင်ပါသေးသနည်း။ ရှာဖွေလို့ရော တွေ့နိုင်ပါဦးမည်လော။ မေးစရာတွေ အများကြီး ဖြစ် လာ၏။

ပေါ်သမျှအာရုံတို့သည် တစ်ခုတည်း အကြာကြီး ပုံသေရပ်နေလေ့မရှိ။ ပေါ်ပြီး ပျောက်၊ ရှိခြင်းမှသည် မရှိတော့ခြင်းဆီသို့ ပြောင်း–ပြောင်းသွား၏။ တစ်နည်း အားဖြင့် ပျက်–ပျက်သွား၏။ ပျောက်ခြင်း၊ ပျက်ခြင်း၊ မရှိတော့ခြင်းတို့သည် စကားလုံးဝေါဟာရသာ ကွဲပြား မည်။ ပင်ကိုယ်သဘာဝအားဖြင့်မူ 'မမြဲခြင်း' 'မခိုင်ခြင်း' ဟူသည့် အနိစ္စသဘောသာ ဖြစ်သည်။ အနိစ္စလက္ခဏာ တွေချည်း အထပ်ထပ်အခါခါ ကြည့်ရဖန်များသောအခါ ငြီးငွေ့လာ၏။ 'မရှိ'တာတွေသည်သာ ရှုညာဏ်ထဲသို့ ပြေးဝင်လာသဖြင့် ရှုညာဏ်ဘက်မှ ပုဂ္ဂိုလ်အဖို့ ဆင်းရဲ သည်ထက် ဆင်းရဲလာ၏။ တစ်နည်း ဆင်းရဲမှုဒုက္ခ



သဘောတွေ ပိုထင်ရှားလာ၏။ ထိုအချိန်၌ မရှိတာတွေ မပြပါနဲ့တော့လားဟု တောင့်တ၍လည်းမရတော့။ သဘာဝတရားကို အမိန့်ပေး၍မရ။ ဓမ္မကိုလိုချင်သည့် ပုံစံခွက်အတွင်းသို့ အတင်းရိုက်သွင်း၍မရ။ အမိန့်ပေးလို၊ ပုံစံသွင်းလိုသည်က 'အတ္တ'။ သဘာဝဓမ္မ ကား 'အနတ္တ'။ အစိုးမရသည့်သဘောတွေလည်း တစ်ချိန်တည်း တစ်ပြိုင် တည်းမှာ ပိုမိုထင်ရှားလာ၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးခု တစ်ပြိုင် တည်းပေါ်၊ တစ်ပြိုင်တည်းတွေ့နေရသော ယောဂီပုဂ္ဂိုလ် သည် အကင်းမပါးသေးမီအချိန်၌ ရှုညာဏ်ကို ငါ့ရှုညာဏ်ဟု မှတ်ထင်နေမိသေးသည်။ ထိုအခါ ပိုမိုပင်ပန်း ဆင်းရဲ လာ၏။ ရှုညာဏ်ပေါ်၌ ငါဟူသော သက္ကာယဒိဋ္ဌိ အစွဲလေး ကပ်ထားသဖြင့် ပိုမိုပင်ပန်းနေမှန်း သဘောမပေါက်။ အရှုခံအာရုံနှင့် ရှုမှတ်စိတ်သဘာဝတို့ တိုက်ထိသဖြင့် ပေါ်လာသော သဘာဝတရားအသစ်တစ်ခုဖြစ်သည့် ရှုညာဏ်သည် ငါမဟုတ်မှန်း၊ ငါပိုင်မဟုတ်မှန်း ယောဂီ သည် မရိပ်မိ။ တရားအားထုတ်ခြင်းဖြင့် ဆင်းရဲ ပင်ပန်းမှု တွေ ချုပ်ငြိမ်းစေရမည်ဟူသော မူလရည်မှန်းချက် ပျက်ပြယ်နေရသည်မှာ ရှုညာဏ်ပေါ်၌ ငါဖြင့်လှမ်းတွယ် နေသေး၍လည်း ဖြစ်သည်။ တရားဟူသည် ချမ်းသာ သည့်သဘောသာ ရှိသည်။ မချမ်းသာသည့်သဘော မရှိပေ။ မချမ်းသာသည့်သဘော ရှိနေသေးသရွေ့ တရား

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကို မတရားလုပ်နေမှန်း ထင်ရှား၏။ အရှုခံလည်း သဘာဝ။ ရှုညဏ်လည်းသဘာဝဟု နှလုံးသွင်းမှန်မှသာ သက်သက်သာသာ ဖြစ်ပေတော့မည်။

ထိုအခါ မမြဲခြင်းအနိစ္စသည်လည်း ကိုယ်နှင့် မဆိုင်၊ ဆင်းရဲခြင်းဒုက္ခသည်လည်း ကိုယ်နှင့်မဆိုင်၊ အစိုးမရခြင်းအနတ္တသည်လည်း ကိုယ်နှင့်မဆိုင်။ ငါ မမြဲတာမဟုတ်၊ ငါဆင်းရဲတာမဟုတ်၊ ငါအစိုးမရတာ မဟုတ်၊ သဘာဝတရားအတွင်း၌ကိုက မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတွေ ရှိနေပါလားဟု နှလုံးသွင်း မှန်ကန်လေသောအခါ ငါစွဲမှ လွတ်၍ လွတ်လပ်သွား တော့သည်။ထို့ကြောင့် မရှိတာကို သိဖို့လိုသလို ထိုသိခြင်း ကိုလည်း နှလုံးသွင်းမှန်ကန်စွာဖြင့် ငါ၏သိခြင်းမဖြစ်ဖို့ အရေးကြီးပေသည်။ ငါ၏သိခြင်း မဟုတ်တော့လျှင် သဘာဝတရားအတွင်း၌ သိခြင်းသည် သဘာဝတရား တစ်ခုအဖြစ် သီးသန့်ရှိနေပေသည်။ ဤသည်ကို လက်ခံ နိုင်ရန်အတွက် မမေ့မလျော့သော 'အပ္ပမာဒ'သတိတရား သည် ထိုနေရာ၌ မည်မျှအရေးကြီးနေပြီကို သိမြင်နိုင် ပါစေ ဟူသော စေတနာမေတ္တာတို့သည် စာရေးသူ၏ စိတ်သန္တာန်၌ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်ကို ကိုယ်တိုင်ပင် ရှုမှတ်ဆင်ခြင်လိုက်မိပါသည်ဟု ……။

၅-၂-၀၂

❑

## လောကဓံ

"ခေါက်ရှာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှုံးပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့် ……"

လောကဓံတရားနှင့်ပတ်သက်၍ မဃဒေဝ အလင်္ကာစာပိုဒ်ကို သတိရမိသည်။ထို့ကြောင့်ပင် "ခေါက် ရှာငှက်ပျံ လောကဓံ"ဟူသော ဆိုရိုးစကားပင် ရှိလာရ သည်။ လောကဓံရှစ်ပါးသည် ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်တုံ၊ မြင့်တုံရှိလှသည်။ ချမ်းသာ၊ ဆင်းရဲ၊ ချီးကျူး၊ ကဲ့ရဲ့၊ အခြွေအရံများ၊ အခြွေအရံကင်းမဲ့၊ လာဘ်လာဘ များ၊ လာဘ်လာဘနည်း စသည်ဖြင့် လောကဓံရှစ်ပါး တရားကား လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်အသီးသီးတို့အား မွေ့ချင်တိုင်း မွေ့တတ်လေ၏။ တစ်နည်းအားဖြင့် "အမွေ့ ခတတ်" ပင်တည်း။

ချမ်းသာ၊ ချီးကျူး၊ အခြွေအရံများ၊ လာဘ်ရှင်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခြင်းကို အလိုရှိသလောက် ဆင်းရဲ၊ ကဲ့ရဲ့၊ အခြွေအရံ နည်း၊ လာဘ်တိတ်ခြင်းကို အလိုမရှိသူ များလှ၏။ အကောင်းလောကဓံကို ခံစားချင်သလောက် အဆိုး လောကဓံကို မျက်ကွယ်ပြုချင်သူ များလှသည်။ တစ်နည်း အားဖြင့် အကောင်းအုပ်စုခံစားခွင့် ရနေချိန်၌ လူသည် လောကဓံ တရားပါလားဟု နှလုံးသွင်း မဆင်ခြင်တတ်။ အဆိုးအုပ်စု ခံစားခွင့်ရသောအခါမှသာ လောကဓံတရား ဟု ထင်တတ်သည်မှာ လူတို့၏သဘာဝ သို့မဟုတ် စိတ် မနောတို့၏ အလေ့အထ။

သတိပဋ္ဌာန်အလေ့အကျင့်ဖြင့် ရုပ်နာမ်သဘာဝ တို့ကို ရှုမြင်မိကာ ဉာဏ်အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာ ခြင်းတို့သည် မိမိစိတ်သန္တာန်၌ မပေါ်ပေါက်ဖူးသေးသမျှ လူသားတို့သည် ပုထုဇဉ်ဉာဏ်နယ်ပယ်အတွင်း၌ပင် ရစ်ဝဲ ကာ လောကဓမ္မတာ လောကဓံတရားတို့အပေါ် နှလုံး သွင်းမှန်ဖို့ ခဲယဉ်းလှပါဘိသည်။

အခြားမကြည့်နှင့်၊ သဗ္ဗညုတပိုင်ရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် လောကဓံတရားများကို ပက်ပင်းကြုံခဲ့ရသေး၏။ ပမာဆိုရသော် ဇေတဝန်ကျောင်း တော်ပေါ်၌ သီတင်းသုံးရင်း မင်းရာဇာတို့၏ နူးညံ့ဖွယ် သော ဆွမ်းကို ဘုဉ်းပေးခဲ့ရသော်လည်း ဝေရဉ္ဇာပြည်၌ သီတင်းသုံးစဉ် ငတ်မွတ်ခေါင်းပါးဘေးနှင့် ကြုံတွေ့ရ၍ မြင်းကုန်သည်တို့ လှူဒါန်းသော မြင်းစား မုယောစပါး



ဆန်ကြမ်းကို အာဟာရအဖြစ် ဘုဉ်းပေးတော်မူခဲ့ရသည်။ အရဟံဂုဏ်တော်အရ နတ်၊ လူ၊ ဗြဟ္မာတို့ ဦးခိုက်ကြည်ညို ကြသော်လည်း ပုဏ္ဏားတို့၏ ဆဲရေးခြင်းတို့ကိုလည်း တစ် ဖက်မှ ခံရသေးသည်။နောက်ထပ် ဖြစ်စဉ်တွေ ဗုဒ္ဓဝင်ထဲမှာ များစွာရှိနေသေးသည်။ မြတ်စွာဘုရား၏လက်ဝဲတော်ရံ တန်ခိုးတေဒဂ်ရ အရှင်မောဂ္ဂလာန်သည် ငရဲပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်များသို့ အတားအဆီးမရှိ သွားနိုင် ခဲ့သော်လည်း ခိုးသားငါးရာတို့ အရိုက်အနှက်ခံရသဖြင့် ခန္ဓာတစ်ခုလုံး မွမွကြေခဲ့ရသော ဖြစ်ရပ်သည်လည်း အထင်အရှားရှိခဲ့၏။

သို့သော် ဘုရားရှင်နှင့် ရဟန္တာမထေရ်မြတ်ကြီး တို့သည်ကား လောကဓံတရားကို ပကတိတည်ကြည်ငြိမ် သက်သော စွမ်းအားရှိသော စိတ်ထားများဖြင့် ရင်ဆိုင် သွားခဲ့ကြ၏။

"ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ"

"လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ရသော ရဟန္တာအရှင်သူမြတ်တို့၏စိတ်သည် မတုန်မလှုပ်၊ မစိုးရိမ်၊ ရမ္မက်ကင်း၏"ဟူ၍ မင်္ဂလသုတ်တွင် ဘုရားရှင်ကိုယ် တော်တိုင် ဟောထားသကဲ့သို့ ဘုရားရှင်သည် ကိုယ်တော် တိုင်လည်း ကျင့်ကြံနေထိုင်ပြသွားခဲ့၏။ ပြောသလိုလုပ်၊ လုပ်သလိုပြောခဲ့သည်သာတည်း။ အဘယ့်ကြောင့် ထိုသို့

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နှလုံးသွင်းနိုင်သနည်း။ ရှင်းပါသည်။ ပုထုဇဉ်နယ်ပယ်မှ လွတ်မြောက်၍ အရိယာနယ်ပယ်သို့ လှမ်းနိုင်ခဲ့သောကြောင့်ပါတည်း။ တစ်ဖန် အရိယာနယ်ပယ်တွင်လည်း အမြင့်ဆုံးအဆင့်ဖြစ်သည့် အရဟတ္တမဂ်ဉာဏ်ကို ရခဲ့သောကြောင့်။ ထိုမှတစ်ဖန် အရဟတ္တမဂ်ဉာဏ်ရခဲ့သည့် ပုဂ္ဂိုလ်များထဲတွင် တစ်ပါးတည်းသော နှိုင်းယှဉ်မှုမရှိနိုင်သော ထပ်တူထပ်မျှတူသူ မရှိနိုင်သော အနှိုင်းမဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့သောကြောင့်ပင် ......။

လောကဓံတရားကို မိမိလိုချင်သည့် ပုံစံဖြင့် ကြုံတွေ့နေလိုသမျှ ကာလပတ်လုံး ပုထုဇဉ်ဉာဏ်၊ ပုထုဇဉ်နယ်ပယ်၌ပင် သံသရာရှည်ကြာလျက် ဒုက္ခပင်လယ်ဝေနေပေတော့မည်။ အသစ်အသစ်သော လောကဓံတရားတွေလည်း ထပ်ကာထပ်ကာ ကြုံရပေဦးမည်။

ဘုရားရှင်ကို အမှန်တကယ် ရိုသေမြတ်နိုးသည်ဆိုပါက ဘုရားရှင်နှင့်တပည့်သား သံဃာတော်များ ကူးပြောင်းမွေ့လျော်သွားရာ အရိယာနယ်ပယ်သို့ တက်လှမ်းနိုင်အောင် ကြိုးစားရမည်ပင်။ ကြိုးစားမှုအဆင့်ဆင့်၊ အသွင်ကူးပြောင်းတက်လှမ်းမှု အဆင့်ဆင့်တို့သည် ဘယ်သောအခါမျှ မရိုးနိုင်သည့် "အပ္ပမာဒ"တရား၌သာ အခြေခံလျက်ရှိနေပါသည်ဟု ......။

၅-၃-၀၂

❑

## မိုးကုတ်စက်ဝိုင်းအတွင်း

ငယ်စဉ်က ပညာသင်ကြားခဲ့ရာတွင် အသုံးပြုခဲ့ဖူးသော ကွန်ပါဘူးကလေးကို ဖွင့်ကြည့်ဖြစ်သည်။

အချိန်ကာလတွေ ရွေ့လျားလာသဖြင့် ကွန်ပါဘူးပုံစံတွေလည်း ပြောင်းလဲလာ၏။ ထုတ်လုပ်သည့် ကုမ္ပဏီတံဆိပ်တွေလည်း ပြောင်းလဲလာ၏။ သို့သော် ကွန်ပါဘူးအတွင်းရှိ ပစ္စည်းတို့၏သဘာဝမှာမူ မပြောင်း။ ပေတံ၊ စက်ဝိုင်းခြမ်း၊ ကျင်တွယ်၊ နှစ်ဖက်ချွန်ကွန်ပါစူး၊ တစ်ဖက်ချွန်ကွန်ပါစူးတို့၏ အတိုင်းအတာသဘာဝတို့မှာ ယခင့်ယခင်အတိုင်း။

သည်အထဲတွင် တစ်ဖက်ချွန်ကွန်ပါစူးကို စိတ်ဝင်တစားနှင့် ကြည့်ဖြစ်သည်။

တစ်ဖက်ချွန်ကွန်ပါစူးသည် နဂိုအတိုင်းထားလျှင် ခြေတစ်ဖက်မရှိသူလို ထင်ရသည်။ခဲတံထည့်သောအပေါက်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နေရာတွင် ခဲတံကိုထည့်ပြီး တင်းကျပ်လိုက်လေမှ ခြေနှစ်ဖက်ပြည့်စုံသူလို ဖြစ်သွားသည်။ ခဲတံထည့်ပြီးသောအခါ ခြေနှစ်ဖက်၊ (စူးကတစ်ဖက်၊ ခဲတံက တစ်ဖက်) အတန်ငယ်ခွဲ၍ အနားညီအောင်ညှိရသည်။ စူးဘက်က ရှည်နေ၍လည်း မဖြစ်၊ ခဲတံက ရှည်နေ၍လည်း မဖြစ်။

ဟုတ်ပြီ။ အနားနှစ်ဖက်ညီအောင် ညှိပြီးပြီ။

စာရွက်အလွတ်အဖြူပေါ်တွင် စူးကိုထောက်လိုက်သည်။ ထို့နောက် ခဲတံကို စူးနှင့် ခပ်ဝေးဝေးသို့ လှမ်းခွာ၍ (သို့သော် ဝင်ရိုးမှတစ်ဆင့် ဆက်သွယ်ထားမြဲထားမှုကြောင့် ခဲတံနှင့်စူးတို့ အလှမ်းကွာသွားသော်လည်း ဆက်စပ်နေမြဲ) စူးကိုထောက်ကာ အားပြုလျက် ခဲတံကို ရွေ့လျားစေလိုက်သည်။

ခဲသားခြေရာသွားလမ်းတစ်လျှောက် ခဲရာလမ်းကြောင်းသည် စက္ကူအဖြူပေါ်၌ အထင်းသားပေါ်လွင်လာ၏။ ခဲသား စတင်ရွေ့လျားရာနေရာသို့ ပြန်ရောက်သောအခါ ခဲရာအနက်ကြောင်းသည် စက်ဝိုင်းသဏ္ဍာန်ကို ပုံဖော်မိလျက်သား ဖြစ်သွားပေပြီ။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးသည် အာရုံထဲသို့ ဖျတ်ခနဲဝင်ရောက်လာ၏။

စူးသည် မူလခြေကုပ်နေရာကိုမလွှတ်။ စူးထောက်ရာသည် စက်ဝိုင်း၏ဗဟိုဖြစ်သည်။ခြေတစ်ဖက်ကျိုး



ကွန်ပါစူးဘဝဆိုလျှင် စက်ဝိုင်းဖြစ်လာဖို့ မလွယ်။ ခဲတံအထောက်အကူ ပါရမည်။ထို့ကြောင့် ဗဟိုတွင် ကွန်ပါစူးနှင့် ခဲတံတို့ နှစ်ခုအခြေပြုခဲ့ရသည်။ မူလနှစ်ဖြာ၏ အဓိပ္ပါယ်သည် ထင်ရှားလာ၏။ ခဲတံက "အဝိဇ္ဇာ"၊ ကွန်ပါစူးက "တဏှာ"။ တစ်ဖန် ခဲတံသည် ဗဟိုမှခွာ၍ ခြေဆန့်သောအခါ စက်ဝိုင်းပုံသဏ္ဍာန်ပေါ်ဖို့ လှည့်သူလိုလာ၏။ "သင်္ခါရ"က လှည့်ပေးလေသည်။"အဝိဇ္ဇာ" ဟူသော ခဲသားနှင့် သင်္ခါရဟူသောလက်တို့ စတင်လှုပ်ရှားမှုကြောင့် ခဲသွားရာလမ်းကြီးပေါ်လာသည်မှာ ဇရာ၊ မရဏာ၌ အဆုံးသတ်လေတော့၏။ ဤနေရာတွင် တဏှာနှင့်တူသော စူးက ဗဟိုချက်မမှနေ၍ တောက်လျှောက် ထောက်ထားပေးနေလေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကြီးမားပုံတွေကို ကြည်ညိုမိ၏။

စက်ဝိုင်းကို လေးခြမ်းခြမ်းသည်။ (၁)၊ (၂)၊ (၃)၊ (၄)အကွက်နံပါတ်တွေနှင့် အုပ်စုတွေဖွဲ့၏။အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း၊ အနာဂတ်အကျိုးစသည်ဖြင့် အကြောင်းအကျိုးဆက်နွယ်ပုံတွေကို စက်ဝိုင်းဒေသနာဖြင့် သွတ်သွင်းဖော်ပြ၏။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတို့တွင် ပါဝင်နေသော "အင်္ဂါတစ်ဆယ့်နှစ်ပါး"ကို ဒေသနာ စဉ်အတိုင်း သူ့နေရာနှင့်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူ၊ အကွက်ချဖော်ပြ၏။ ဤစက်ဝိုင်းအတွင်း လည်နေသမျှ သစ္စာကမူ နှစ်ပါးတည်းဖြစ်သည်။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ။

သမုဒယကြောင့် ဒုက္ခဖြစ်လိုက်၊ တစ်ဖန် ဒုက္ခရောက်ရင်းမှ သမုဒယတွေ ပြန်ဖြစ်၊ ထို့နောက် သမုဒယမှသည် ဒုက္ခဆီသို့ ပြန်လည်ဦးတည်ရင်းဖြင့် စက်ဝိုင်းအတွင်းမှ မလွတ်နိုင်တော့။နိရောဓနှင့် မဂ္ဂတို့သည် စက်ဝိုင်း အနီးသို့ ကပ်၍မလာ။ စက်ဝိုင်းအတွင်းသို့ မဝင်။ စက်ဝိုင်းအတွင်းမှ ထွက်နိုင်လျှင် နိရောဓနှင့်မဂ္ဂသစ္စာနှစ်ပါးဆိုက်ခွင့်ကြုံမည်။ သို့မဟုတ် နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးဆိုက်လျှင် စက်ဝိုင်းအတွင်းမှလွတ်မည်။

တဏှာ "စူး"ထောက်ကာ၊ သခ်ီရ "လက်" အကူအညီရယူလျက်၊ အဝိဇ္ဇာ "ခဲသား"ဖြင့် စက်ဝိုင်းသဏ္ဍာန်ထင်နေစေသမျှ ကာလပတ်လုံး လေးပါးသစ္စာသည်လည်း မပြည့်မစုံနှင့် ရှိနေပေမည်။ လောကီသစ္စာနှစ်ပါးဖြစ်သော ဒုက္ခ၊ သမုဒယတို့သာ အထပ်ထပ်ပြုနေပေဦးတော့မည်။ လောကုတ္တရာသစ္စာနှစ်ပါးဖြစ်သော နိရောဓ၊ မဂ္ဂတို့နှင့် ဝေးနေပေဦးတော့မည်။

ခဲတံကိုဖြုတ်၊ စူးကိုနုတ်ကာ၊ အားပြုလည်ပတ်စေသော လက်ကိုရုပ်သိမ်းလျက် တစ်ဖက်ချွန်ကွန်ပါစူးကို သူ့နေရာသူထား၏ ကွန်ပါဘူးအတွင်း ပြန်လည်သိမ်းဆည်း




လိုက်ပါလျှင် စက်ဝိုင်းသဏ္ဍာန်ပုံဟန်သည်လည်း စက္ကူအဖြူပေါ်၌ ထင်ရှားပေါ်ပေါက်လာမည် မဟုတ်တော့ပါဟု ဉာဏ်သုတမယဖြင့် "စံ" တစ်ခု ရလိုက်မိပါကြောင်း။

၁၇-၃-၀၂

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။



# အမှတ်တမဲ့မြင်ကွင်းမှသည်

ဧည့်ခန်းဆောင်အတွင်း ထိုင်နေစဉ် မကြည့်ချင်လည်း ကြည့်နေရ၊ မမြင်ချင်လည်း မြင်နေရသောမြင်ကွင်းဖြစ်သည်။ အိမ်မှာဆိုလျှင်တော့ ထိုနေရာမှ ထသွားချင်ပေမည်။ သို့တည်းမဟုတ် မီးခလုတ်ကိုလည်း ပိတ်လိုက်မိပေမည်။ ယခုတော့ သူတစ်ပါးဧည့်ခန်းဆောင်ဖြစ်၍ အလိုက်သင့်သာ နေလိုက်ရသည်။ မြင်နေရသောမြင်ကွင်းအပေါ် ဓမ္မစိတ်ဖြင့် ကြည့်တတ်ဖို့သာ အရေးကြီးသည်ဟု နှလုံးသွင်းလိုက်မိသည်။

ကမ္ဘာ့အားကစားပြိုင်ပွဲတစ်ခု ကျင်းပနေပုံကို ထုတ်လွှင့်ပြသနေသော အစီအစဉ်ဖြစ်၏။ တုတ်ထောက်ခုန်ပြိုင်ပွဲ။ ပြိုင်ပွဲဝင်အသီးသီးသည် မိမိအရပ်ထက် သုံး၊ လေးဆမြင့်သော 'တန်းမြင့်'အား 'ထောက်တုတ်'ကို

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အားပြုလျက် ကျော်လွှားသွားနေကြလေသည်။ တန်းက တဖြည်းဖြည်းချင်း မြင့်တက်သွား၏။ ပြိုင်ပွဲဝင်တွေ လည်း တစ်စထက်တစ်စ လျော့နည်းလာသည်။ မြင့်လာလေ ကျော်လွှားဖို့ ခက်လာလေပင်။ ပြိုင်ပွဲဝင်စည်းကမ်း အရ ပြိုင်ပွဲဝင်တစ်ဦးသည် သတ်မှတ်ထားသော အကြိမ် အရေအတွက်အတွင်း၌ တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာ သောတန်းကို ကျော်လွှားဖို့ ကြိုးစားပေရော့။ မကျော်လွှား နိုင်က 'ထောက်တုတ်'ကို ဘေးချ၍ ပြိုင်ပွဲအတွင်းမှ ထွက်ခွာသွားပေရော့။

သည်လိုနှင့် ပြိုင်ပွဲချိန်ကြာလာသောအခါ ပြိုင်ပွဲ ဝင် နှစ်ဦးသာကျန်တော့သည်။ ကျော်လွှားစရာ'တန်း'က လည်း ပြိုင်ပွဲစချိန်ကထက် အဆမတန်မြင့်တက်သွားပြီ။ ကမ္ဘာ့ချန်ပီယံနေရာအတွက် ပြိုင်ပွဲဝင်နှစ်ဦးအနက်မှ တစ်ဦးသာ ရရှိတော့မည်။ မည်သူသည် တန်းကို ထိ၍ ကျန်ခဲ့မည်လဲ။ မည်သူသည် တန်းကိုကျော်လွှားနိုင်မည် လဲ။ ပြိုင်ပွဲသည် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းလာ၏။ ပရိသတ်မှာ အပ်ကျသံမကြားနိုင်အောင် တိတ်ဆိတ် လျက် အားကစားသမားနှစ်ဦး၏ အသက်ရှူသံပြင်းပြင်း တွေကိုပင် ကြားနေရသည်ကဲ့သို့။

ဤနေရာတွင် စိတ်တည်ကြည်ခိုင်မာမှု၊ဆုံးဖြတ် ချက်မှန်မှု၊ အချိန်အဆကျွမ်းကျင်မှုတို့သည် အရေးကြီး လာ၏။ အဓိကမှာ 'လွတ်ကိုလွတ်ရမယ်'ဟူသော ယုံ



ကြည်မှုဖြစ်သည်။ ထိုယုံကြည်ချက်ကလေး လျော့နည်း ပွန်းပဲ့သွားသည်နှင့်အမျှ ကျန်အပိုင်းတွေကိုပါ ထိပါးသွား နိုင်၏။ ထိုအခါ တန်းမြင့်ကို ကျော်လွှားနိုင်ဖို့အတွက် အထစ်အငေါ့တစ်ခုခု ဖြစ်ပေါ်လာနိုင်၏။ပရိသတ်ကို အာရုံ မပြုရ။အမှတ်ပေးဒိုင်ဘက် စိတ်မရောက်ရ။'သည်လောက် အမြင့်ကြီး ငါခုန်နိုင်ပါဦးမလား'ဟု တစ်ချက်ကလေးမျှ စိတ်မကူးရ။ 'ထောက်တုတ်'က ပိုလေးလာတယ်။ ငါ့ ခန္ဓာကိုယ်က မောပန်းနွမ်းနယ်နေပြီ စသည်ဖြင့် ကိုယ့် ဘက်ကိုလည်း အာရုံမပြုရ။ သည်အမြင့်ကြီးကို ကျော်ကို ကျော်သွားရမယ်ဆိုသော ယုံကြည်ချက်မှတစ်ပါး အခြားမရှိစေရ။ အာရုံတစ်ပါး စိတ်မပျံ့လွင့်စေရ။ အသက် မှန်မှန်ရှူ၊ စိတ်တည်တည်ငြိမ်ငြိမ်ထား၊ ခေါင်းအေးအေး၊ စိတ်အထိုင်ကျကျထား ...။ 'ထောက်တုတ်'ကို အားပြု ပြီးသကာလ ယုံကြည်ချက်အရှိန်အဟုန်ကို မြှင့်တင်လျက် ကိုယ်ဆန့် ခါးမတ်၍ အစွမ်းကုန် ရှန်းကန်ကျော်လွှား လိုက်ပြီးသည့်နောက် 'ထောက်တုတ်'ကို လက်လွှတ်ပြီး သူ့နေရာသူထားနိုင်ခဲ့ပြီဆိုလျှင် ....။

အချိန်က အဖြေပေးလေပြီ။ ပြိုင်ပွဲဝင်တစ်ဦး ကတော့ တန်းကိုထိလျက်၊တန်းပြုတ်ကျခဲ့လေ၏။တစ်ဦးက သတ်မှတ်ထားသော အကြိမ်အတွင်း၌ လွတ်အောင် ကျော်လွှားနိုင်ခဲ့ပေပြီ။ ကမ္ဘာ့ချန်ပီယံအဖြစ် အောင်ပန်း ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သဖြင့် ချွေးသံရွှဲရွှဲ နွမ်းနယ်ပင်ပန်း

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နေသည့်အကြားမှပင် အပြုံးတို့သည် လတ်ဆတ်နေသေး တော့သည်။

အမှတ်တမဲ့ မြင်ကွင်းမှသည် အမှတ်တရဖြစ်စေ ခဲ့လေပြီ။

လျှောက်လှမ်းဆဲ၊ ရှာဖွေဆဲ ဓမ္မခရီးလမ်းပေါ်သို့ ခုနမြင်ကွင်းမှ ပြိုင်ပွဲဝင်တို့၏ အတွေ့အကြုံ၊ ဟန်ပန်၊ ပုံစံ၊ နိမိတ်၊ ပုံရိပ်တို့ဖြင့် ထပ်တူပြုကြည့်၏။ ဘုရားရှင်၏ အဆုံးအမအတိုင်း သံသရာတစ်ဖက်ကမ်းသို့ ကျော်လွှား အောင်မြင်သွားနိုင်သူတို့မှာ သာသနာတော်နှစ် ကြာမြင့် လာလေ အရေအတွက် နည်းလာလေဖြစ်၏။ အကြောင်း အမျိုးမျိုးဖြင့် လမ်းခုလတ်၌ ကျန်ခဲ့၊ နေခဲ့ကြရသူများ သာဖြစ်၏။

လက်သည်းခွံပေါ်က မြေမှုန့်နှင့် (၂)သိန်း၊ (၄)သောင်း အထုရှိသော မဟာပထဝီမြေကြီးပေါ်က မြေမှုန့်တို့ အရေအတွက်ချင်းကား ကွာခြားပေ၏။ဘုရားရှင် အဆုံးအမအတိုင်း စနစ်တကျဖြင့် လွတ်လမ်းမြင်သွားသူ တို့ကား ကြာလေနည်းလေ ဖြစ်ရော့မည်။ မဟာပထဝီ မြေကြီးပေါ်က မြေမှုန့်ထဲမှာနေမလား။ လက်သည်းခွံ အပေါ်က မြေမှုန့်အဖြစ်ခံမလား။

အဖြေက ကိုယ့်အပေါ်မှာမူတည်နေ၏။ အဓိက အကျဆုံးဖြစ်သော ယုံကြည်မှုသဒ္ဓါကို အရှိန်အဟုန်မြှင့် လျက် 'သံသရာက လွတ်ကိုလွတ်ရမယ်'ဟု အဓိဋ္ဌာန်စိတ်



ပြင်းပြစွာဖြင့် ဝီရိယစွမ်းအားဖြည့်၊ သတိထား၊ မယိမ်း မယိုင် သမာဓိ ခိုင်ခိုင်ထားလျက် ဝိပဿနာပညာ ဉာဏ် စွမ်းအားဖြင့် ထိုးဖောက်ကျော်လွှားနိုင်ပါက လွတ်လမ်း မမြင်စရာအကြောင်းမရှိဟု တွေးဆထင်မြင်မိပါ ကြောင်း . . . . . ။

၈-၄-၂၀၀၂

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## "စိတ်" အချောထည်

ရောင်းတန်းအဖြစ် တန်ဖိုးသတ်မှတ်ထားခံရပြီးသော ပရိဘောဂတစ်စုံ။

ဥပမာ–ကျွန်းကုလားထိုင်နှင့် စားပွဲတစ်စုံ။ တန်ဖိုး နှစ်သောင်းကျပ် ဆိုပါစို့။

ဆိုင်တင် အချောထည်အဖြစ် ရောင်းပန်းလှနေပြီဖြစ်သော ပရိဘောဂဒြပ်ထည်၏ လာရာလမ်းသို့မဟုတ် တိုးတက်ဖြစ်ထွန်းလာမှု အခြေအနေအရပ်ရပ်ကို မှန်းဆကြည့်မိ၏။ ပထမဦးဆုံးအဆင့်သည် မြေစိုက်ပျိုးထောင်ထားသော ကျွန်းပင်ပျို။ဒုတိယအဆင့်ကတော့ ကာလရှည်လျားလှပေသည်။ ခြေကုပ်အမြစ် ခိုင်မြဲ၊ တစ်ဆင့်ပြီးတစ်ဆင့် တစ်နှစ်ပြီးတစ်နှစ် ရင့်ကျက်ကြီးထွား ဖားလျားစိမ်းစို။ ထို့နောက် ကျွန်းပင်အို။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သက်ရင့်ကျွန်းပင်တစ်ပင်အဖြစ် ခုတ်လှဲခံရတော့မည့်အခြေအနေသည် တတိယအဆင့်။

စတုတ္ထအဆင့်အဖြစ် ခုတ်လှဲလိုက်ပြီ။ မြေထက်လျောင်းစက်၊ ပက်လက်မှောက်ခုံ၊ ကျွန်းပင်အစုံတို့ကို သစ်လုံးဖောင်ဖွဲ့ရာ မြစ်ဆိပ်ကမ်းသို့အရောက် စက်တပ်ယာဉ်၊ ဆင်၊ မြင်းတို့ဖြင့် ဆွဲယူပို့ဆောင်ခြင်းသည် ပဉ္စမအဆင့်၊ ထိုမှသည် သစ်လုံးဖောင်ဖွဲ့၊ ရေစီးနှင့်အတူ မျောပါခြင်းသည် ဆဋ္ဌမအဆင့်။

လိုရာဆိပ်ကမ်း၊ ပန်းတိုင်ရောက်လျှင် သစ်စက်လွှစင်တို့၌ ခွဲသားဘဝသို့ရောက်သွားခြင်းသည် သတ္တမအဆင့်။ ထို့နောက် သစ်ခွဲသားများကို ဝယ်ယူခံရခြင်းသည် အဋ္ဌမအဆင့်၊ ပရိဘောဂဆိုင်သို့ ရောက်လာသောသစ်ခွဲသားများကို လိုရာပုံဖော်၊ ရွှေဘော်ထိုးခံရခြင်းသည် နဝမအဆင့်။ထိုမှတစ်ဆင့် ကော်ဖတ်အကြမ်း၊ အနုတို့ဖြင့် အထပ်ထပ်ပွတ်တိုက် အစားခံရခြင်းသည် ဒသမအဆင့်။ သည့်နောက် ကောဒသမအဆင့်အတွက် ပါလစ်၊ အမိုန်အတောက်တို့ဖြင့် မျက်နှာပန်းလှ၊ ရောင်းတန်းဝင်အဖြစ်သို့ မွမ်းမံပြုပြင်ပုံဖော်ခြင်း။

အကြမ်းထည်မှသည် အချောထည်အဖြစ်သို့ ပုံဖော်ရသည့်အဆင့်တွေကား များလှပါဘိ။

ဤနေရာတွင် ''လမ်းခုလတ်''ဆိုသည့် စကားကို ထည့်တွက်စဉ်းစားသင့်သည်။ စိုက်ပျိုးသမျှကျွန်းပင်ပျိုး



အားလုံးသည် သက်ရင့်ကျွန်းဖြစ်မလာနိုင်။ သက်ရင့်ကျွန်းမှန်သမျှလည်း ခုတ်လှဲသည့်အထဲ မပါနိုင်။ ခုတ်လှဲခံရပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖောင်ဖွဲ့ခံရသည့်အထဲ မပါနိုင်။ ဖောင်သစ်လုံးအဖြစ် မျှောခံရသောသစ်လုံးတိုင်းလည်း လွှစင်ပေါ်သို့ မရောက်ပြန်၊ လွှစင်ထက်မှ သက်ဆင်းကြွေကျ ခွဲသားဘဝရောက်ရသောကျွန်းသားတိုင်းသည်လည်း အနာအဆာပါက အဝယ်မခံရပြန်။ဝယ်ပြီးသည့်နောက် အချောထည်ဘဝ မရောက်မီ၌လည်း မလိုသည်ကို ဖြတ်တောက် စားထုတ်ခဲ့ပြန်သဖြင့် အချောထည်ဘဝတွင် မူလသစ်ပင်ကိုယ်ထည်ကြီး၌ စုပေါင်းဖွဲ့စပ်ခဲ့သမျှ သစ်သားအားလုံး မပါနိုင်တော့ပြန်။ ဆိုရလျှင် အချောထည်ဘဝမရောက်မီ အကြမ်းထည်အတော်များများသည် ''လမ်းခုလတ်''တွင် ကြွင်းကျန်ပဲ့ကျ လေလွင့်ခဲ့ရလေသည်။

ကျွန်းပင်ပျိုမှသည် ရောင်းတန်းဝင် ပရိဘောဂအဆင့်ထိ ခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ရမှုသည် ဓမ္မ၌ယုံကြည်သက်ဝင်၊ ဓမ္မနှင့်ပျော်ရွှင်လိုကြသော ယောဂီသူတော်စင်တို့၏ နိဗ္ဗာန်ရွှေပြည် ပန်းဝင်သည်အထိ ခရီးနှင်ကြမည့် ခရီးရှည်ကြီးနှင့် တူနေမည်လားဟု စဉ်းစားကြည့်မိ၏။ ဘဝအဆက်ဆက်ဖြည့်ခဲ့သော ပါရမီ၊ လက်ရှိအရွယ်၊ အချိန်ကာလ၊ လောကဓံတရားတစ်ခုခု ရိုက်ခတ်မှုကြောင့် လူအချို့သည် သာမန်ပုထုဇဉ်ဘဝမှသည်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အရိယာအနွယ်ဝင်သူတော်စင်ဘဝသို့ တက်လှမ်းချင်လာ၏။ အနိမ့်ဆုံး ကလျာဏပုထုဇဉ်ဖြစ်အောင် ကြိုးစားချင်လာ၏။ ရမည်ထင်၍လုပ်ကြည့်သည်။ရကို ရရမည်ဟု သန္နိဋ္ဌာန်စိတ်ဖြင့်လည်း အပြင်းအထန်လုပ်ကြည့်သည်။ ငါမှမရရင် ဘယ်သူရမှာလဲဟု အစွဲဖြင့်လည်းလုပ်ကြည့်သည်။ ငါ့လောက် ဘယ်သူမှ လုပ်နိုင်မှာ မဟုတ်ပါဘူးဟူသော မာနစိတ်ဖြင့်လည်း ကြိုးစားကြည့်သည်။ ဓမ္မခရီးလမ်း၌ တွေ့ရတတ်သော အတွေ့အကြုံတို့မှ ပေးတတ်လေသော သင်ခန်းစာတွေ မပြည့်ဝသေးသမျှ ဓမ္မခရီးသွားတို့သည် ''လမ်းခုလတ်''၌ ပွန်းပဲ့ရှနာ၊ လွင့်ကြေခဲ့ ကြရစမြဲ။

အချို့ ကျွန်းပင်ပျိုဘဝကတည်းက တိမ်းပါးခဲ့ရ၏။ အချို့ကား သစ်လုံးဘဝ။ အချို့ကား သစ်ရွေသားဘဝ။ အချို့ကား အချောထည်ရောက်လုလုဆဲ အခြေအနေကလေး၌ ……။

ထို့ကြောင့် ဓမ္မခရီးဟူသည် ထင်သလောက် မလွယ်။ ထင်သလိုလည်း မဖြစ်တတ်။ ဖြစ်လာသည့် ခရီးဆုံးသည်လည်း ခရီးအစထင်ထားခဲ့သမျှနှင့် လုံးဝ မတူ။ ခရီးဆုံးပန်းတိုင်နှင့်တူသော နှိုင်းစရာသည် မရှိ။ လွတ်မြောက်မှုသည်လည်း အနှိုင်းအဆမဲ့။ ခရီးစဉ် တစ်လျှောက် ဟိုလိုလေးလုပ်ကြည့်ရင်ဖြစ်မလား၊ သည်လိုလေးလုပ်ကြည့်ရရင် ရနိုင်ကောင်းရဲ့ဟူသော



အတွေးအထင်တို့ကို ခရီးဆုံး၍ ပြန်လည်စောင်းငဲ့ကြည့်သောအခါ ဟိုတုန်းက အတွေးအထင်တို့သည် ရယ်စရာတွေ ဖြစ်လာတတ်၏။

အချောထည်ဟူသည် သစ်ကိုအခြေခံခဲ့သော်လည်း အချောထည်ဘဝသို့ရောက်သောအခါ စားပွဲ၊ ကုလားထိုင်၊ ဗီရိုဟု အခေါ်ခံနေရပေပြီ။ အချောထည်ဘဝသည် အကြမ်းထည်ဘဝနှင့် မတူတော့ပေ။အသုံးဝင်ပုံလည်း သိသိသာသာပြောင်းလဲသွား၏။ တန်ဖိုးအထားခံရမှုလည်း သိသိသာသာမြင့်တက်လာ၏။

'စိတ်အကြမ်းထည်'မှသည် 'စိတ်အချောထည်' ဘဝသို့ရောက်အောင် ဓမ္မခရီးရှေ့သွား ဆရာသမားအသီးသီး၏ ပဲ့ပြင်သွန်သင်ဆုံးမမှုများကို နာခံ၍လည်းကောင်း၊ ကိုယ်တိုင်လည်း တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ အလှည့်စားမခံရအောင် အပ္ပမာဒသတိတရားဖြင့် နှလုံးသွင်းဆင်ခြင် ရှုမှတ်ပွားများ၍လည်းကောင်း ခရီးရှည်ကြီးကို ကျော်ဖြတ်နိုင်ပါလျှင် သေရွာပြန်ရမည့်သူချင်း အတူတူ သေပေါက်၊ သေဝရောက်သည့်အခါ အချောထည် ဘဝဖြင့် မျက်နှာပန်းလှရမည် ဖြစ်ပါသည်ဟု ….။

၂၁–၉–၀၂

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ထင်းရှူးပဒေသာနှင့် ပညတ်ကမ္ဘာ

လွန်ခဲ့သော (၄)နှစ်က အိမ်အပေါ်ထပ်မှ ငုံ့ကြည့်ခဲ့ရသော ထင်းရှူးပဒေသာပင်သည် ယခုတော့ အိမ်အပေါ်ထပ် ယခင်နေရာမှပင် မော့ကြည့်ရသော အမြင့်သို့ ရောက်သွားပေပြီ။ အခက်အလက်တို့ ဝေဝေဆာဆာ၊ ရွက်မျှင်စတို့ ထိုးထိုးထောင်ထောင် စိမ်းစိမ်းစိုစိုနှင့် ကြီးထွားရင့်သန်နေပုံမှာ အားရစရာ။

သည် (၄)နှစ်အတွင်း သူသည် ပထဝီမြေကြီးပေါ်မှာ အခိုင်အမာရပ်တည်နိုင်ခဲ့သည်။ ပထဝီမြေကြီးထဲမှ မြေဆီနှင့် ရေဓာတ်တို့ကို သူ၏ရေသောက်မြစ်များမှတစ်ဆင့် အာဟာရအဖြစ် စုပ်ယူသည်။ ရေသောက်မြစ်များမှလွဲ၍ မြေပြင်ထက် ပင်စည်အခြေမှသည် ကိုင်းဖျားကိုင်းနားအထိ ပြင်ပလေထု၏ တိုက်ခတ်မှု၊ မိုးရေတို့ဖျန်းပက်မှု၊ နေရောင်တို့ ထိတွေ့မှု၊ နှင်းစက်တို့ သီးခိုမှု

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



စသည်တို့နှင့် ကြုံတွေ့ခဲ့ရသည်။ ခြုံပြောရလျှင် ရေ၊ မြေ၊ လေ၊ မီး တည်းဟူသော အာပေါ၊ ပထဝီ၊ ဝါယော၊ တေဇောဓာတ်ကြီး ၄–ပါးကို အမှီပြု၍ သူ၏ဇီဝရှင်သန်မှု (အသက်ရှင်ရပ်တည်နိုင်မှု)ကို ဖန်တီးခဲ့ရသည်။ ပြုပြင်ပြောင်းလဲပေးခဲ့ရသည်။

သူတစ်ပင်တည်းသာလော၊ မဟုတ်ပါ။ ကမ္ဘာမြေကြီးပေါ် ရှိရှိသမျှ အရွယ်အစားမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံ၊ နာမည် အစုံစုံသော သစ်ပင်၊ပန်းပင်အားလုံးသည်လည်း သည်အတိုင်း။မြေကို မှီရသည်။ရေကို မှီဝဲရသည်။ လေကို ရှူရသည်။ ပူမှုအေးမှုကို အဖော်ပြုရသည်။ သို့မှသာ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်သော အနေအထားသို့ ရောက်ရှိပေမည်။

အမှီပြုရပ်တည်နေပုံ၊ မှီဝဲစားသုံးရပုံ၊ အထိအတိုက်ခံရပုံ၊ ပြုပြင်ပြောင်းလဲ ကြီးထွားရှင်သန်ရပုံတည်းဟူသော သဘာဝ၌ တူညီကြသော်လည်း အကျိုးရလဒ်ကား မတူကြ။ ဝဏ္ဏဟူသော အဆင်း၌ကွဲပြားသည်။တိုတို၊ပုပု၊ရှည်ရှည်၊ စိမ်းစိမ်း၊ နီနီစသည်ဖြင့် ....။ ဂန္ဓဟူသော အနံ့၌ ကွဲပြားသည်။ မွှေးသော၊ နံသော၊ အီသော၊ စိမ်းရွှေသော၊ စူးရှသော၊ အနံ့မဲ့သော စသည်ဖြင့် ....။

ရသ ဟူသော အရသာ၌ ကွဲပြားသည်။ချိုသော၊ ချဉ်သော၊ ခါးသော၊ ဆိမ့်သော၊ ဖန်သော စသည်ဖြင့်။



ဩဇာဟူသောသတ္တိ၌ ကွဲပြားသည်။ ပထဝီဖြစ်စေ၊ အာပေါ၊ ဝါယော၊ တေဇောဖြစ်စေ ဓာတ်သတ္တိ တစ်ခုခုလွန်ကဲသော (ဥပမာ–ငရုတ်သီး၏စပ်ခြင်း) သို့မဟုတ်၊ ပုံမှန်၊ သို့မဟုတ် ပုံမှန်ထက်လျော့သော၊ စသည်ဖြင့် ...။

လက်ငင်းတွေ့မြင်နေရသည့် မတူညီသော ရလဒ် အကျိုးတွေကိုချည်း ကြည့်သောအခါ တူညီနေသော နောက်ခံအကြောင်းကို မမြင်ကြ။ အကြောင်းကို မမြင်လျှင် အကြောင်းအကျိုးဆက်စပ်ပုံတွေကိုလည်း နားမလည်နိုင်။ ရလဒ်အကျိုးသည် ပညတ်နယ်ပယ်ဖြစ်၍ စိတ်လှုပ်ရှားစရာ၊ ရင်ခုန်စရာ၊ တွေဝေမိန်းမောစရာ၊ အံ့ဩဖွယ်ရာ၊ တုန်လှုပ်ဖွယ်ရာတို့ဖြင့် ပြည့်နှက်နေသည်။ နောက်ခံအကြောင်းကတော့ ပရမတ်နယ်ပယ်ဖြစ်၍ တည့်တည့်ကြည့်လျှင် ဘာမျှအဓိပ္ပါယ်မရှိလှ။ လှုပ်ရှားသည်၊ ပြုပြင်ပြောင်းလဲပေးသည်၊ ပြီးတော့ ရုပ်သိမ်းသွားသည်။ လုပ်ရိုးလုပ်ပေးပြီး တာဝန်မယူ။

သစ်ပင်လောကကို ဥပမာပြု၍ လူ့လောကကို ဖြန့်ကြက်ကြည့်လျှင်လည်း ထိုနည်းအတိုင်းပင်။ လူမျိုးစုံကွဲမည်။အသားအရောင်မျိုးစုံ ကွဲမည်။ အမည်နာမ၊ နိုင်ငံသား၊ အလုပ်အကိုင် မိဘဆွေမျိုးပတ်ဝန်းကျင်၊ သူငယ်ချင်းမိတ်ဆွေ၊ ပညာအရည်အချင်း၊ အသက်မွေးဝမ်းကျောင်းမှုပုံစံ၊ ဝါသနာ စသည်ဖြင့် ပညတ်လောက

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အကျိုးရလဒ်ကြီးကား မှတ်သား၍မကုန်နိုင်အောင် ရှိတော့သည်။ သို့သော် နောက်ခံအကြောင်းအရာဖွဲ့စည်းပုံကတော့ လူတို့သည်လည်း ဓာတ်ကြီး၄-ပါး အစုအဖွဲ့မျှသာ။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ အစုအဖွဲ့မျှသာ။ အထိန်းအချုပ်ဖြစ်သည့် ဇီဝိတိန္ဒြေခလုတ်ကိုယ်စီနှင့်သာ။ အာကာသဓာတ်ကြီးနှင့်လည်း ရောယှက်ယှဉ်တွဲလျက်သာ။

ပညတ်နှင့် ပရမတ် မကွဲသေးသမျှကာလပတ်လုံး ပရမတ်ရှေ့မှ ပညတ်က ကာဆီးကာဆီး လုပ်နေပေမည်။

ပရမတ်အာရုံပြုဖြစ်သော်လည်း သက္ကာယဒိဋ္ဌိအစွဲ မလွတ်သေးသမျှကာလပတ်လုံး ပရမတ်ကပင် နိဗ္ဗာန်ကို ကွယ်နေပေဦးမည်။

အကြောင်းတရားတို့ ညီညွတ်စွာပေါင်းစု၍ ပြုထားသော တရားဟူသမျှ သင်္ခတနယ်ပယ်အတွင်း၌သာ ရှိသည်။

အကြောင်းတရားတို့ ပြုထားခြင်းကင်းသည့် အပြုခံ တရားမဟုတ်တော့မှပင် အသင်္ခတနယ်ပယ်သို့ ဆိုက်ရောက်ပေမည်။

သင်္ခတပရမတ်ကို ဝိပဿနာဉာဏ်သည် အာရုံပြုတတ်ပါသည်။

အသင်္ခတပရမတ်ကိုမူ မဂ်ဉာဏ်နှင့်ဖိုလ်ဉာဏ်ကသာ အာရုံပြုနိုင်ပါသည်။

တည်ဆောက်ကြိုးစားမှုမှ ရနိုင်သော 'ဉာဏ်'



ဟူသော တစ်နှစ်ထက်တစ်နှစ်၊ တစ်ဆင့်ထက်တစ်ဆင့် အနှစ်ရင့်သည်ထက်ရင့်၍ အဆင့်မြင့်သည်ထက်မြင့်လာမှသာလျှင် အသင်္ခတနယ်ပယ်သို့ ချဉ်းကပ်နိုင်ပေမည်။

သို့မှသာ ဉာဏ်နုစဉ်က ကိုယ့်အပေါ် ကိလေသာက ငုံ့ကြည့်ခဲ့သမျှသည် ဉာဏ်ရင့်လာစဉ်၌ ကိလေသာက ကိုယ့်ကို ပြန်မော့ကြည့်ရသောအဖြစ်သို့ ရောက်ပေလိမ့်မည်။

သို့ဆိုလျှင် မြေဆီအာဟာရ မှီဝဲခဲ့သမျှ၊ မြေကြီးက ကိုယ့်အပေါ် ထမ်းထားခဲ့ရသမျှ ခန္ဓာနှင့်ပတ်သက်သော အကြွေးမှန်သမျှကိုလည်း အသင်္ခတပရမတ်ကို အာရုံပြုနိုင်သောဉာဏ်ဖြင့် တစ်ဖန်ပြန်၍ ဆပ်နိုင်ပေမည်။ ကျေးဇူးရှိသူကို ကျေးဇူးဖြင့် ပြန်တုံ့ပြန်နိုင်ပေမည်။

ထင်းရှူးပဒေသာပင်ကို ငုံ့ကြည့်၊ မော့ကြည့်ရာမှ ရလာသော အတွေးတစ်စဖြင့် ယခုလ အပ္ပမာဒ စာမျက်နှာအစ စကားဦးဝေါဟာရတို့ကို သီကုံးရေးဖွဲ့လိုက်ရပါကြောင်း ...။

၂-၇-၀၂

❑

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ငြိမ်းအေးမှုတို့ဖြင့် ထုံမွမ်းအပ်သော စိတ်နှလုံးအိမ်

ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည်၊ ဒြပ်အဖြစ် ထင်ရှားမရှိ၍သာ တော်တော့သည်။

အကယ်၍ ပုဂ္ဂိုလ်၊ သတ္တဝါအဖြစ် ထင်ရှားရှိခဲ့ငြားအံ့။ ဤကမ္ဘာမြေပေါ်၌ အလုပ်အများဆုံးပုဂ္ဂိုလ်ကို ပြပါဆို လျှင် 'စိတ်'ကို ပြရပေမည်။

အချိန်တိုင်း၊ အချိန်တိုင်းမှာ မရပ်မနားအလုပ်လုပ်နေတတ်သူပင်တည်း . . .။ အိပ်ပျော်ရာမှ ပြန်လည်မနိုးထမီအချိန်ထိ အိပ်နေသူ၏ အသက်ရှင်သန်ရပ်တည်မှုကွင်းဆက်ပြတ်မသွားရအောင်'ဘဝင်စိတ်'က အသက်ဆက်ပေးလေသည်။ ထိုအခါ အိပ်ပျော်နေသူသည် အိပ်မက်များဖြင့် အာရုံတွေကို ရနေ၏။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြုံခဲ့ဖူးသော ပုံရိပ်များသည် အဆက်အစပ်မရှိ အိပ်မက်တွင် ပေါ်လာတတ်၏။ ကြုံချင်နေသော ပုံရိပ်များကိုလည်း စိတ်ကူးအစွမ်းဖြင့် ပုံရိပ်ဖော်ပေးပြန်၏။ ဒါသည် သူ့အလုပ်ဖြစ်၏။သူ့အသက်မွေးဝမ်းကျောင်း ပညာရပ်ဟုပင် ဆိုရမည်လားမသိ။ မျက်စိအစုံမှိတ်၍ ခန္ဓာကိုယ် ငြိမ်သက် အိပ်စက်နေချိန်၌ပင် အလုပ်တွေ တရစပ်လုပ်နေနိုင်သူ ပင်တည်း။

မျက်စိအစုံဖွင့်၍ ခန္ဓာကိုယ် လှုပ်ရှားသက်ဝင်နေချိန်ဆိုလျှင် ဆိုဖွယ်ရာမရှိတော့။

မျက်စိမှ မြင်သိစိတ် – စက္ခုဝိညာဏ်။
နားမှ ကြားသိစိတ် – သောတဝိညာဏ်။
နှာခေါင်းမှ နံသိစိတ် – ဃာနဝိညာဏ်။
လျှာမှ အရသာသိစိတ် – ဇိဝှါဝိညာဏ်။
ကိုယ်ခန္ဓာနေရာအနှံ့မှ
တွေ့ထိသိစိတ် – ကာယဝိညာဏ်။

စသည့် လမ်းကြောင်းငါးသွယ်မှ ဖြစ်ပေါ်လာသော စိတ်တို့ကို တစ်ခုချင်း စုံစမ်းလက်ခံ၊ တုံ့ပြန်ပေးနေ၏။ ထိုလမ်းကြောင်း ငါးသွယ်မှ ထူးထူးခြားခြားလက်ခံစရာ အခြေအနေမရှိပါက ပုံမှန်အားဖြင့် သူ့ပင်ကိုယ် သဘာဝအတိုင်း 'ကြံစည်စိတ်၊ တွေးတောစိတ်'တို့ဖြင့် ရပ်တည်ရှင်သန်နေ၏။ ထို့ကြောင့်ပင် 'မနောဒွါရ'၌ 'မနောဝိညာဏ်'



ဖြစ်နေသည်ဟု ဆိုရခြင်းပင်။

ကိုယ်တိုင်လည်း အလုပ်လုပ်သည်၊ သူတစ်ပါးအလုပ်တွေကိုလည်း အချိန်မရွေးလက်ခံ၏။ တတ်လည်းတတ်နိုင်၊ လုပ်လည်းလုပ်နိုင်သည့် စိတ်ပေပဲ ...။

ထို့ကြောင့် စိတ်သည် ကိုယ်တိုင်လည်း မီးလောင်၍ မီးလောင်ခြင်းကိုလည်း အားပေးတတ်သော 'ဟိုက်ဒြိုဂျင်' ဓာတ်ငွေ့နှင့် တူနေ၏။ သတ္တိအားဖြင့်လည်း ပေါ့ပါး၍ အထက်သို့ပျံ့တက်တတ်သော ဟိုက်ဒြိုဂျင်ဓာတ်ငွေ့၏ သဘာဝနှင့် ဆင်တူနေပြန်သည်။ ရော်ဘာအကာတည်းဟူသော ဒြပ်ပစ္စည်းထဲသို့ ဟိုက်ဒြိုဂျင် ဓာတ်ငွေ့ကိုထည့်၍ လုံလုံခြုံခြုံစည်းတုပ်ပြီး လွှတ်လိုက်လျှင် မိုးပျံပူဖောင်းအဖြစ် အပေါ်ပျံတက်နိုင်ပေပြီ။

ထို့အတူ စိတ်လက်ပေါ့ပါး သမာဓိစွမ်းအားမြင့်မားလျှင်လည်း ခန္ဓာကိုယ်အကောင်အတုံးကြီးကိုပင် စိတ်သည် မိုးပေါ်သို့ ပျံတက်အောင် စွမ်းဆောင်နိုင်လေသည်။ ဈာန်ရခြင်း၏ သဘောပင်တည်း။

ဤမျှစွမ်းဆောင်နိုင်သော၊ အလုပ်လုပ်နိုင်စွမ်းလွန်းသော စိတ်၏အကြောင်းကို ရေးပြလျှင် ဆုံးနိုင်ဖွယ်ရာမရှိ။ လေ့လာလျှင်လည်း သင်ရိုးကုန်နိုင်ဖွယ်ရာမရှိ။ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်ဗုဒ္ဓက လက်ဖျစ်တစ်တွက်အတွင်း ကုဋေတစ်သိန်း ပျက်စီးကုန်လေသော စိတ်၏

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သဘာဝကို ဖော်ထုတ် ဟောပြောညွှန်ပြခဲ့ရသည်အထိ အနက်အဓိပ္ပါယ် ကျယ်ပြန့်လှသည့် 'စိတ်'. . .။ ထို့ကြောင့် စိတ်၏ သဘောသဘာဝဟူသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့်သာ အကုန်အစင်သိနိုင်ပေမည်။

ထို့ကြောင့်လည်း အရိယာမဖြစ်သေးသော ပုထုဇဉ်တို့အပေါ်၌ စိတ်သည် နိုင်ချင်တိုင်း နိုင်နေတော့သည်၊ ထင်ရာ ကြဲချင်တိုင်း ကြဲနေတော့သည်။

လွှတ်ထားလေ–ပိုဆိုးလေ . . .။ မထိန်းလေ–ယိမ်းယိုင်လေပင်တည်း . . .။

အထိန်းအကွပ် မရှိသရွေ့တော့ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ပေါက်လွှတ်ပဲစား သွားလာလှုပ်ရှား မရပ်မနား ဖြင့် ဗျာများနေမည်သာ . . .။

အလုပ်များသူတို့၏ သဘာဝအတိုင်း ကြာလျှင် နွမ်းလာမည်၊ ပန်းလာမည်၊ စွမ်းအား ကျလာတော့မည်။ 'ငါ'နှင့် 'စိတ်'ကိုတွဲ၍ 'ငါ့စိတ်'ဟု ထင်ထားခဲ့သမျှသည် ဇရာထောင်း၍ အရွယ်ညှောင်းလာသည့်အခါ စိတ်သွားတိုင်း ကိုယ်ပါ မဖြစ်တော့ပြီ၊ အရွယ်ကောင်း၍ ပန်းကောင်း ပန်နေချိန်၌ တောက်တောက် တောက်တောက်နှင့် လှုပ်ရှားနိုင်ခဲ့သော 'ငါ့စိတ်' ဘယ်ရောက်သွားပါလိမ့်ဟု ထိုအခါမှ ဆန်းစစ်မိမည်၊ အချိန်လွန်လေပြီ . . .။

အလုပ်များများလုပ်တတ်သူ၌ နားချိန်ဟူ၍ ရှိသင့်သည်။ အိပ်ချိန်မှာပင် ခန္ဓာကိုယ်နားသော်လည်း အနားမယူတတ်သည့် စိတ်ကို အနားယူနည်းတစ်ခု သင်ပေးသင့်သည်။ အခြားမဟုတ်ပါ။ သတိပဋ္ဌာန်ဘာဝနာပွား၍ ရှေ့စိတ်ဖြစ်ခဲ့သမျှကို နောက်စိတ်က လိုက်သိနေခြင်းပင်တည်း။



စိတ်၏ သဘာဝသည် တစ်ချိန်တွင် တစ်ခုတည်းသာ ဖြစ်နိုင်သည်။ သို့သော် လက်ဖျစ်တစ်တွက်အတွင်း ကုဋေတစ်သိန်းမကတောင် လုပ်နိုင်နေခြင်းမို့ လျင်မြန်လွန်းလှသည့်အတွက် ဖြစ်သွားမှန်းမသိရ၊ ပျက်သွားမှန်းမသိရ။

ဆိတ်ငြိမ်ရာတစ်နေရာသို့ ချဉ်းကပ်၍ မြတ်ဗုဒ္ဓ၏ သတိပဋ္ဌာန်ဘာဝနာနည်းဖြင့် အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် ရှုမှတ်လေလျှင် တစ်စိတ်ပြီးတစ်စိတ် ဖြစ်ပေါ် ကွယ်ပျောက်သွားနေသော သဘာဝကို တွေ့မြင်ရပေမည်။

ထိုအခါ ခိုးထုပ်ခိုးထည်နှင့်မိသောသူကဲ့သို့ နောက်မှ မပြတ်လိုက်ကြည့်နေသောဉာဏ်ကြောင့် စိတ်သည် ထင်တိုင်း ကြဲခွင့်မရှိတော့။ အဆက်အစပ် မရှိသော အာရုံပုံရိပ်များကို အဆီအငေါ်မတဲ့၊ ကဘောက်တိ ကဘောက်ချာ ထုတ်ပေးနေတတ်သော 'ငါ'ရဲ့သဘာဝကို နောက်က'ဉာဏ်'က သိသွားပြီလားဟု 'စိတ်'သည် စိုးရိမ်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မကောင်း ဖြစ်လာပေမည်။ ထိုအခါ 'စိတ်'၏ သဘာဝတွင် 'ဉာဏ်'၏ သဘာဝက နေရာယူလိုက်သောအခါ ...။

ငြိမ်းအေးမှုတို့ကား မဆုံးနိုင်အောင်ရှိနေတော့သည်။

ထို့ကြောင့် ရှုပ်ထွေးပူလောင် အလုပ်များတတ်သော 'စိတ်'ကို သတိပဋ္ဌာန်တရားတည်းဟူသော ငြိမ်းအေးမှုတို့ဖြင့် ထုံမွမ်းအပ်ပါသည်ဟု ရှုမြင်ဆင်ခြင်သတိသမ္ပဇဉ်စကား ဆိုလိုက်ရပါကြောင်း ...။

၂၆-၇-၀၂

❑

# အပ္ပမာဒ နှင့် ပမာဒ

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း အတွဲ(၄) အမှတ်(၁)။

(၄)နှစ်မြောက် ခရီးအစအဖြစ် ခြေလှမ်းတို့ ပြင်ဆင်ကာ တာထွက်ရပြန်ပေပြီ။ အတွဲ(၁)၊ (၂)၊ (၃) တို့သည်ကား (၃)နှစ်ကာလ အချိန်ကုန်ဆုံးခဲ့ခြင်းနှင့် အတူ နောက်မှာ ကျန်ရစ်ခဲ့လေပြီ။ ပုံနှိပ်စာလုံးအဖြစ် ထင်ကျန်ရစ်ခဲ့သော မမေ့မလျော့ မပေါ့မဆသော သတိပေးစကားတို့ကား အကြောင်းအရာ အမျိုးမျိုး၊ စကားလုံးအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးတို့ဖြင့် ရှိခဲ့ချေပြီ။

ရှေ့ခရီးသည်လည်း ဤသို့ပင် မမေ့မလျော့ မပေါ့မဆသော သတိပေးစကား 'အပ္ပမာဒ'တရားတို့ကို ဖွင့်ဆိုရပေဦးမည်။ ကိုယ့်ခန္ဓာ ကိုယ့်ပဋိစ္စသမုပ္ပါဒ် လည်ပတ်မှုတို့ကို ဉာဏ်ဖြင့် မရပ်တန့်နိုင်စေသေးသမျှ အပ္ပမာဒတရားကို လက်လွှတ်၍ကား မဖြစ်။ အမြဲတမ်း လက်ကိုင်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထားရပေမည်။ သို့မဟုတ်က တဏှာ၏ ကိုယ်စားလှယ်၊ အဝိဇ္ဇာ၏ မွေးစားသား ပမာဒတရားကား မေ့လျော့စေသော သတ္တိထူးဖြင့် အနှောင့်အယှက် ပြုနေလိမ့်မည်သာ။

အပ္ပမာဒနှင့် ပမာဒတို့၏ တန်ဖိုးကွဲပြားမှု၊ သတ္တိချင်း ခြားနားမှု၊ သဘောချင်း ကွာခြားမှုတို့သည် သာမန်လူမှုဘဝ စားဝတ်နေရေး ရေစီးကြောင်းပေါ် သွားလာ ရုန်းကန်လှုပ်ရှား နေစဉ်၌ မသိသာလှ။ သတိပဋ္ဌာန် အကျင့်မြတ်တရားကို အားထုတ်မည်ဆိုသော အခါ အပ္ပမာဒ၏ အသုံးဝင်တန်ဖိုးနှင့် ပမာဒ၏ အနှစ်မဲ့ပုံတို့ကို ကွဲကွဲပြားပြား သိလာရပေသည်။

သတိကလေးတစ်ချက် မလစ်လိုက်နှင့်။ ဉာဏ်က ခန္ဓာအစဉ်ကို အာရုံပြုထားရာမှ ဘေးကို ချော်ထွက်သွားတတ်သည်။ သတိမေ့လျော့နေချိန်တွေ ကြာမြင့်သည်နှင့် ကိလေသာယှဉ်သော အတွေးရေစီးတို့ကား ကာယကံရှင်ကို ရေမြုပ်ဧရိယာအတွင်း အရောက်ပို့ပေးသလို ဖြစ်နေတတ်သည်။ သတိပြန်လည်လာသော အခါတွင် ဘယ်ကနေ ဘယ်လိုပြန်စရမလဲ ဆိုသည်ကိုပင် မသိနိုင်အောင်အထိ ဖြစ်တတ်သည်။ ရှုကွက်ပျောက်သွားသဖြင့် အသစ်ပြန်လည် ထူထောင်ရခြင်းအပေါ်၌ စိတ်ပျက်လက်ပျက် ဖြစ်တတ်သည်။ ပမာဒခေါ်ရာ လိုက်၍ အတွေးရေယဉ်ကြော နစ်မျောခဲ့ရသည့် ကိုယ့်ကိုယ်ကို အပြစ်တင်မိတတ်သည်။ ကိုယ့်ကိုယ်ကို အပြစ် တင်၍ နောင်တတွေ ရနေသောအခါ လက်သည်တရားခံ ဖြစ်



သော ပမာဒကား သူ့ကို မမြင်နိုင်အောင် ပုန်းကွယ်နေတတ်သည်။ သည့်နောက် အပ္ပမာဒကို မခေါ်ချင့် ခေါ်ချင်နှင့် ပြန်ခေါ်ရပြန်သည်။ အပြစ်တင်စိတ်၊ နောင်တရစိတ်တို့၏ နောက်မှ ပူပန်နေသော အရှိန်တို့ မသေသေးသဖြင့် အပ္ပမာဒသည် ကာယကံရှင်ထံ၌ ကြာကြာ မနေပြန်။

ထိုအခါ ပမာဒကား ပုန်းကွယ်နေရာမှ လှစ်ခနဲ ဝင်လာပြန်သည်။ သည်တစ်ခါတော့ ပမာဒသည် နီဝရဏတရားတွေကို တစ်ခုပြီးတစ်ခု စေလွှတ်ပြန်သည်။ ကာယကံ ရှင်ကို လိုချင်မှုဆန္ဒတွေဖြစ်စေ၍ အကြိုက်ပေးကာ ပူးသတ်ပြန်သည်။ ကာယကံရှင် အကင်းမပါးလျှင် ဇာတ်မျောနှင့် ကြုံပေဦးတော့။ ဇာတ်မျောကြီးကို တမေ့တမော ကြည့်နေရင်းက ပတ်စာခွာ ဖျာသိမ်းပြီးသောအခါမှ ရိပ်မိသော ကာယကံရှင်ထံသို့ အလိုမကျမှု ဗျာပါဒတွေ ရောက်လာရ ပြန်သည်။ သည့်နောက် ထိုင်းမှိုင်းမှု၊ ပျံ့လွင့်မှု၊ ကိုယ်အားထုတ်နေသော တရားအပေါ်၌ပင်လျှင် ယုံမှားမှု စသည်များကို အစီအရီ စေလွှတ်ပြန်ပါသည်။ ကာယကံရှင်သည် အပ္ပမာဒသတိကလေးတစ်ချက် လက်လွှတ်သွားသည်နှင့် ခေါင်းမဖော်နိုင်အောင် တိုက်စစ်ဆင်ခံနေရတော့သည်။

ပမာဒ၏ အစွမ်းကား ထက်မြက်လှပါဘိ။

ထို့ကြောင့်ပင်လျှင် ပုထုဇဉ်တို့သဘာဝ ပမာဒကို ပွေ့ဖက်လျက် သံသရာသက် ရှည်နေကြရခြင်း

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပင်တည်း။

အပ္ပမာဒသည်ကား ဘုရားရှင်တစ်ဆူ ပွင့်လေမှ ကြားရသော စကား၊ နာရသော တရားဖြစ်သည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် အပ္ပမာဒတရား၏ အရေးကြီးပုံကို မဟာကရုဏာ ဉာဏ်တော်ကြီးဖြင့် အလေးအနက် မှာကြားခဲ့သည်မှာ (၁၇၉၂)ကြိမ် ရှိခဲ့သည်ဟု ဆိုသည်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် (၄၅)ဝါ ကာလအတွင်း၌ပင် ဤမျှ အကြိမ်များများ မှာကြားခဲ့ရသည်ကို ထောက်ဆလျှင် အပ္ပမာဒတရား၏ အရေးပါမှုသည် အထင်းသားပေါ်လွင်နေပေသည်။

–အပ္ပမာဒတရားကို ပမာဒမဖြစ်ဖို့။(သတိရှိနေဖို့ လိုသည်ကို သတိမမေ့ဖို့)

–ပမာဒတရားကို အပ္ပမာဒဖြင့် အစားထိုးဖြစ်ဖို့။ (မေ့လျော့ခြင်းနေရာတွင် သတိဖြင့် အစားထိုးဖို့)

–အပ္ပမာဒနေရာတွင် ပမာဒဝင်မလာဖို့။ (သတိနေရာတွင် မေ့လျော့ခြင်း ဝင်မလာဖို့)

–ပမာဒ နေရာမယူနိုင်လောက်အောင် အပ္ပမာဒကို စေ့စေ့စပ်စပ် နေရာချထားဖို့။

အတွေ့အကြုံမှရသော သင်ခန်းစာသည် သူများပြော၍ သိရသော တစ်ဆင့်ခံ အသိထက် ပို၍ လေးနက်သည်။ ပို၍လည်း စွဲမြဲသည်။ ကိုယ်တိုင်ကြုံဖူးမှပင် ပို၍ နားလည်ပေမည်။ သည်တော့မှ ''သြော် . . . ဒါကြောင့်မို့



သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရားက သည်မျှ အလေးထား ဟောကြားခဲ့သည်ကိုး'' ဟု နားလည်လာပေမည်။

အပြောနောက် သဘောပေါက်ဖို့ အရေးကြီးလှသည်။

တစ်ဖန် သဘောပေါက်ဖို့ ဦးစားပေး၍ အပြောကို နောက်မှ ပြောစေချင်သည်။

ဤသို့ဤနှယ် အပ္ပမာဒတရားနှင့် ပမာဒတရားတို့သည် စိတ်နယ်နိမိတ်၌ နေရာယူနိုင်ဖို့ ဘတပြန်ကျားတပြန် နေရာလုရစမြဲဖြစ်သည်။ အပ္ပမာဒတရားတို့ နေရာယူ၊ အပ္ပမာဒ အလံလွှင့်ထူလျှင် ပမာဒတရားတို့ နောက်ဆုတ်၍ လက်မှိုင်ချရချေပြီ။ ပမာဒတရားတို့ နေရာယူ နယ်မြေသိမ်းနိုင်သည့် အခါ၌လည်း အပ္ပမာဒသည် မပြောသာ မဆိုသာ ဝေးဝေးသို့ ခွာရပေသည်။

အပ္ပမာဒအလံ လွှင့်ထူနိုင်သည့် အချိန် ကြာမြင့်လျှင် ကြာမြင့်သလောက် နယ်မြေဦးစီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ်ငါးပါးတို့ အရှိန်အဟုန်မြင့်လာကာ စွမ်းအားသတ္တိ အပြည့်ဖြင့် အေးငြိမ်းရာအမှန်မြတ်နိဗ္ဗာန်သို့တိုင် တက်လှမ်းနိုင်ပေမည်။

ပမာဒအလံ လွှင့်ထူခွင့်ပေးလိုက်သည်နှင့် နူရာဝဲစွဲ၊ လဲရာ သူခိုးထောင်းပမာ သံသရာအစဉ်အဆက် နာကျင်ခံခက် ခန္ဓာအမျိုးမျိုးရကာ ဇာတ်လမ်းမဆုံးနိုင်အောင် ရှိတော့မည်။

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထို့ကြောင့် ပမာဒကို ပယ်၊ အပ္ပမာဒကို ပွားစေနိုင်ဖို့ အထောက်အကူဖြစ်စေကြောင်း ဓမ္မတို့စုပေါင်း၍ မဂ္ဂဇင်း စာစောင်အဖြစ် လစဉ်ဖြန့်ချိ စီစဉ်ထုတ်ဝေနေရခြင်းသည် စာဖတ်သူတို့အတွက်သာမက ကိုယ်တိုင်စီစဉ်လုပ်ကိုင်နေသူတို့အတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးသက်ရောက်မှု ကြီးမားလှပါသည်ဟု ၂၀၀၃–ခုနှစ်၊ နှစ်ဦးအကြို နှုတ်ခွန်းဆက် စကားဦးအဖြစ် ပြောကြားလိုက်ရပါကြောင်း ...။

၁၇–၁၀–၀၂

❑




http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်။